# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 27 August 2023 ၁၁၂၀၀


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ယနေ့ရုံးပိတ်ရက်တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့ ရုံးပိတ်ရက်တွင်လည်း အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဝဏ္ဏဇရုပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီတော်များ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ တံတား၊ ဥယျာဉ်များကို စာမျက်နှာ ၃ ကော်လံ ၁ သို့ ○



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။


**ယနေ့ ဖတ်စရာ**

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် တာချီလိတ်ခရိုင် ကျိုင်းလပ်နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်ပွဲ အခမ်းအနားကျင်းပ**

စာမျက်နှာ » ၄

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး**

စာမျက်နှာ » ၂

**ဖိလစ်ပိုင်နိုင်ငံ၏ ဆင်းရဲမှုလျှော့ချခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု**

ဆောင်းပါး

စာမျက်နှာ » ၆

**နိုင်ငံတကာအနုပညာဗဟိုဌာနကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တစ်ခုစီဆောက်လုပ်ခဲ့ရာ အကြမ်းထည်များ ပြီးစီး**

စာမျက်နှာ » ၉


**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

နေပြည်တော် ဩဂုတ် ၂၆

| | |
|---|---|
| ဟုမ္မလင်း | ၆ ဒသမ ၂၆ လက်မ |
| မင်းပြား | ၅ ဒသမ ၀၄ လက်မ |
| ဂွ | ၄ ဒသမ ၉၆ လက်မ |
| မြောက်ဦး | ၄ ဒသမ ၅၃ လက်မ |
| ပုဏ္ဏားကျွန်း | ၃ ဒသမ ၆၀ လက်မ |
| မောင်တော | ၃ ဒသမ ၁၁ လက်မ |
| လောင်းလုံး | ၃ ဒသမ ၁၁ လက်မ |
| ပူတာအို | ၂ ဒသမ ၇၂ လက်မ |

# နိုင်ငံတိုးတက်ရေး အသိတရားဖြင့် ရှုမြင်ပါဝင်

မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက်မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်ရာ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၊ နိုင်ငံရေးကိုအကြောင်းပြု၍ ဖိအားပေးမှုများနှင့် ဂယက်ရိုက်ခတ်မှုများသည် စီးပွားရေးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် ကြီးမားသောစိန်ခေါ်မှုများဖြစ်သည်။ အခက်အခဲနှင့်စိန်ခေါ်မှုများ မည်သို့ရှိသည်ဖြစ်စေ ပြည်တွင်းအင်အား၊ မလျှော့သောဇွဲလုံ့လဖြင့် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလက ကုန်ထုတ်လုပ်မှုနှင့်စီးပွားရေးလုပ်ငန်းများ တုံ့ဆိုင်းရပ်တန့်သွားခဲ့ပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင်လည်း အခက်အခဲများဖြစ်ပေါ်ခဲ့သည်။ ကုန်တင်သင်္ဘောလိုင်းများ ငှား၍မရခဲ့သောကြောင့် ပြည်ပကုန်သွယ်မှုကို ထိခိုက်စေခဲ့သည်။ အလားတူ ဘဏ်လုပ်ငန်းစနစ်များတွင်လည်း အဟန့်အတားဖြစ်ခဲ့သဖြင့် ငွေပေးချေမှုစနစ်တွင် နှောင့်နှေးမှုများဖြစ်ခဲ့သည်။ ကိုဗစ်-၁၉ လှိုင်းဂယက်သည် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးဖြစ်ပွားခဲ့ပြီး စီးပွားရေးလုပ်ငန်းများအားလုံး ကျဆင်းသွားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကိုအကြောင်းပြု၍ နောက်ပိုင်းကာလများတွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုဖြစ်ပေါ်ပြီး ဆူပူဆန္ဒပြမှုများနှင့် နှောင့်ယှက်ဖျက်ဆီးမှုများဖြစ်ပေါ်ခဲ့ရာ ကုန်ထုတ်လုပ်မှုများ ကျဆင်းခြင်း၊ ရပ်တန့်ခြင်း၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် သင်္ဘောကုန်တင်ရန်လုပ်ငန်းများ ကြန့်ကြာမှုများဖြစ်ပေါ်ခဲ့သည်။ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ဆူပူအကြမ်းဖက်မှုများကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများထိခိုက်ပြီး ပို့ကုန်များ ကျဆင်းခဲ့သည်။ ၎င်းကာလအတွင်း လမ်းတံတားများ၊ လျှပ်စစ်တာဝါတိုင်များ၊ ပြည်သူပိုင်အဆောက်အအုံများကို အကြမ်းဖက်သမားများက ဖျက်ဆီးခဲ့ရာ နိုင်ငံဖွံ့ဖြိုးရေးအတွက် သုံးစွဲရမည့်ငွေကြေးများကို ပြန်လည်တည်ဆောက်ရေးအတွက် သုံးစွဲခဲ့ရသဖြင့် လူမှုစီးပွားဘဝတိုးတက်မှုတွင် အဟန့်အတားဖြစ်စေသည်ကို ကြုံတွေ့လျက်ရှိသည်။

နိုင်ငံ့စီးပွားရေးတွင် ပြည်ပမှ ပိတ်ဆို့ဟန့်တားမှုများရှိခဲ့သည်။ ထိုသို့ ဝိုင်းဝန်းပိတ်ဆို့မှု၊ ဖျက်လိုဖျက်ဆီး ပြုလုပ်မှုများကြားမှ နိုင်ငံ့စီးပွားရေးမယိုင်လဲဘဲ ကြံ့ကြံ့ခံရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၁၉-၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံ့ဂျီဒီပီ တိုးတက်မှု အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းရှိရာမှ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် အပေါင်း ၃ ရာခိုင်နှုန်းအထက်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် ကုန်သွယ်မှုလိုငွေများရှိခဲ့သည်။ အစိုးရတစ်ဆက်တွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံကျော်ခန့်စီရှိပြီး စုစုပေါင်း ၂၅ ဘီလီယံခန့် ကုန်သွယ်မှုလိုငွေပြခဲ့သည်။ ၎င်းလိုငွေများကို ထောက်ပံ့ကူညီမှုနှင့် ချေးငွေရယူမှုတို့ဖြင့်သာ ကျားကန်ရပ်တည်ခဲ့ပြီး နိုင်ငံ့စီးပွားရေးဦးမော့လာအောင် ရုန်းကန်ကြိုးစားခဲ့ရသည်။

ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ကာလတွင် ထိခိုက်မှုများရှိခဲ့သော်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အထိခိုက်မခံဘဲ ဆက်လက်ဆောင်ရွက်ခဲ့သည့်အပြင် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ လုပ်ကိုင်ခွင့်ပြုခဲ့ပြီး စီးပွားရေးတိုးတက်မှုရရှိအောင် ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် MSME လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်း၌ လိုအပ်သည့်စားသုံးဆီကို ပြည်ပမှနှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော်ဖိုး ဝယ်ယူတင်သွင်းနေရသဖြင့် ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုမြှင့်တင်၍ ၂၀၂၅ ခုနှစ်တွင် ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပသို့ ပြန်လည်တင်ပို့နိုင်သည့်အဆင့်ရောက်အောင် ရည်မှန်းဆောင်ရွက်နေသည်။

မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ နှောင့်ယှက်တိုက်ခိုက်မှုများမှာ မထိရောက်မအောင်မြင်သဖြင့် စီးပွားရေးအရ ထိုးနှက်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံအတွက် ရသင့်ရထိုက်သော နိုင်ငံခြားငွေများမရအောင် နည်းအမျိုးမျိုးဖြင့် တားဆီးထားပြီး စီးပွားရေးအကျပ်အတည်းဖြစ်အောင် လုပ်ဆောင်လျက်ရှိသည်။ ပြည်သူလူထု စားဝတ်နေရေးကျပ်တည်းပြီး အစိုးရပြိုလဲသွားစေနိုင်သည့်နည်းလမ်းများ အသုံးပြုမှုများရှိသည်။ ဖြစ်ပေါ်လာသောအခြေအနေတစ်ရပ်အပေါ်တွင် သတင်းမှားများဖန်တီးပြီး ကုန်ဈေးနှုန်းကို ဆွဲတင်ကြသည်။ နိုင်ငံတော်အစိုးရက ဝင်ငွေနှင့်ထွက်ငွေ မျှတမှုရှိစေရေး၊ နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် အရေးကြီးသည့် ကုန်စည်တင်သွင်းခြင်းနှင့် လုပ်ငန်းများ ငွေကြေးလည်ပတ်မှုရှိစေရေး ဦးစားပေးဆောင်ရွက်ပေးခဲ့သော်လည်း အဓိကကျသည့် ကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်နေဆဲဖြစ်သည်ကို သတိမူမိကြရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါဘေးကို တစ်ကမ္ဘာလုံး ရင်ဆိုင်ခဲ့ရပြီး စီးပွားရေးအရ ထိခိုက်မှုရှိခဲ့သော်လည်း မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကို ကျော်လွှားကာ စီးပွားရေးပြန်လည်ဦးမော့လာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံရေးအရ နှောင့်ယှက်ဟန့်တားမှုများကို ရင်ဆိုင်နေရဆဲဖြစ်သည်။ အကယ်၍သာ မြန်မာနိုင်ငံ တိုးတက်ဖွံ့ဖြိုးရေး၊ ပြည်သူလူထုတစ်ရပ်လုံး လူမှုစီးပွားဘဝအဆင်ပြေစေရေးအတွက် “ငါတို့နိုင်ငံတော်အတွက်ဆောင်ရွက်နေသည်” ဟူသော အသိတရားဖြင့် အားလုံးတက်ညီလက်ညီ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ကြမည်ဆိုလျှင် ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိနေပြီဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၇၈ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

( ၁ ) ဒေါက်တာရီအေး
( ၂ ) ဦးတင်မြင့်
( ၃ ) ဒေါက်တာလှညွန့်

အမိန့်အရ

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မော်လမြိုင်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ပြေစာအမှတ်တံဆိပ် အခွန်အသိပညာပေး ဆွေးနွေး

**မော်လမြိုင် ဩဂုတ် ၂၆**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာန ခန်းမတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပြည်တွင်းအခွန်များ ဦးစီးဌာနတို့ပူးပေါင်းကာ ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက ပြေစာအမှတ်တံဆိပ် အခွန်အသိပညာပေး ဆွေးနွေးပွဲကို ကျင်းပသည်။




ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြတ်သီတာက ဆွေးနွေးပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြီး ပြည်တွင်းအခွန်များဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမြင့်နိုင်က အခွန်ပေးဆောင်ရခြင်း၏ ရည်ရွယ်ချက်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ကျင့်သုံးနေသောဥပဒေများ၊ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်မှုအား ဒဏ်ငွေ တပ်ရိုက်ခြင်း၊ ပျက်ကွက်မှုအား တိုင်ကြားခြင်းစသည့် အကြောင်းအရာများကို အသိပညာပေး ဆွေးနွေးခဲ့သည်။

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ပြည်သူများအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ရုံးစာကြည့်တိုက်များတွင် စာအုပ်၊ စာပေများ အခမဲ့ငှားရမ်းခြင်း၊ ပြည်သူများ အသိပညာဗဟုသုတရရှိမည့် အစီအစဉ်များကို အွန်လိုင်းမှတစ်ဆင့် ထုတ်လွှင့်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများအသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အကြီးတန်း** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သတင်းထောက်များ** | | ဦးသန်းတင်အောင် |
| | | | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - | ဦးနိုင်လင်းကြည်၊ | **စာပြင်** | - | ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





○ ရှေ့ဖုံးမှ

စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညို လှေ့လာခြင်း၊ တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းများ ဆောင်ရွက်၍ ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး ခုနစ်ရက်သားသမီး အလှူရှင်များအနေဖြင့်လည်း ဘုရားဖူးပြည်သူများ သုံးဆောင်နိုင်ရန်အတွက် သက်သတ်လွတ် သီးစုံဒံပေါက်များကို အာဟာရဒါန စတုဒိသာအဖြစ် ကျွေးမွေးလှူဒါန်းကြသည်။

**လိုက်လံပို့ဆောင်ပေး**

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘိုးဘွားများအား ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း လမ်းလျှောက်ရန် အခက်အခဲဖြစ်သည့် ဘိုးဘွားများအား အဆင်ပြေစွာ ဘုရားဖူးမြော်ကြည်ညိုနိုင်ရန် Wheel Chair များဖြင့် လိုက်လံပို့ဆောင်ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူအများပြည်သူများ အခမဲ့လာရောက် ဖူးမြော်ကြည်ညိုနိုင်ရန် စက်တင်ဘာ ၃ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကုန်ဈေးနှုန်းများ တည်ငြိမ်မှန်ကန်မှုရှိရေး ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**ပုသိမ် ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ပုသိမ်မြို့ မြို့မဈေးသို့ သွားရောက်၍ ကုန်ဈေးနှုန်းများ တည်ငြိမ်မှန်ကန်မှုရှိစေရေးနှင့် ပြည်သူများ ဈေးရောင်းဈေးဝယ်ပြုလုပ်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြို့မဈေး၌ ဆန်၊ အသား၊ ငါး၊ ပဲအမျိုးမျိုး၊ အခြေခံစားသောက်ကုန်များ၊ ဟင်းသီး ဟင်းရွက်များနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး ရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေးပြီး အဆင့်ဆင့် သယ်ယူပို့ဆောင်ရောင်းချရာတွင် ကုန်ကျသည့် ကုန်ကျစရိတ်များ၊ တစ်ဆင့်ပြန်လည်ရောင်းချလျက်ရှိသည့် ဈေးနှုန်းထားများကို ဈေးရောင်းချသူများနှင့် ရင်းရင်းနှီးနှီး အပြန်အလှန် ဆွေးနွေးမေးမြန်းခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဈေးအတွင်း သန့်ရှင်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ကြရန်၊ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ် အသုံးမပြုရနေ့ သတ်မှတ်ထားရာမှ တိုးမြှင့်နိုင်ရေးနှင့် ပြည်သူများအား



သက်သာသောနှုန်းထားများဖြင့်ရောင်းချပေးနိုင်ရေး၊ သယ်ယူစရိတ်များသက်သာစွာ ဝယ်ယူရောင်းချနိုင်စေရေး၊ သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့် ညီညွတ်သော ဒေသထွက်ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်များ ရောင်းချနိုင်စေရေး မှာကြားခဲ့ပြီး ဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သာပေါင်းမြို့နယ်ဦးစီးမှူးရုံးနှင့် အမှတ်(၁)ရပ်ကွက် ဓမ္မဗိမာန်ကျောင်းတိုက်သို့ သွားရောက်၍ မြေပြင်လူဦးရေစာရင်းများတိုက်ဆိုင်စစ်ဆေးခြင်း၊ e – ID ဆာဗာအတွင်း ရေးသွင်းဖြည့်သွင်းခြင်း၊ မွေးဖွား၊ သေဆုံးစာရင်းများ ကောက်ယူခြင်းများအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သာပေါင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားစေရေး ကျောင်းသား ကျောင်းသူများ၊ ဆရာ၊ မိဘများ၊ အုပ်ချုပ်ရေးအဖွဲ့များက နှစ်စမှပင် စတင်၍ နှစ်ကုန်အထိ ကြိုးစားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျုံပျော်ခရိုင် ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာရှိ တောင်သူဦးကြည်ခိုင်စိုး၏ လယ်မြေကေ ၆၀ တွင် ဧရာဝတီပေါ်ဆန်းကြီး(ဓာတုကင်းလွတ်) ကောက်စိုက်သမများဖြင့် စနစ်တကျစိုက်ပျိုးနေမှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



**နေပြည်တော် ဩဂုတ် ၂၆**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူ စားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

**အခြေခံစားသောက်ကုန်များ**

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား/ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကို လည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များကို လည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက် ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် တာချီလိတ်ခရိုင် ကျိုင်းလပ်နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် ဩဂုတ် ၂၆

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁)ဖြင့် အကောင်အထည်ဖော်တည်ဆောက်ခဲ့သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ် နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါနယ်စပ်ကုန်သွယ်ရေးစခန်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း၊ လာအိုနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံရုံးမှ ဒုတိယသံရုံး အကြီးအကဲ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ စီးပွားရေးသံမှူး၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံမှ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကုန်သည် လုပ်ငန်းရှင်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနား မစတင်မီ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များက ရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံနှင့် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့သည် ရှေးရာစုနှစ်များစွာကပင် ချစ်ခင်ရင်းနှီးခဲ့ကြသော နိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံ ပြည်သူများအနေဖြင့် ရိုးရာဓလေ့၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်ရာဘာသာလည်း တူညီကြကြောင်း၊ နှစ်နိုင်ငံအကြား မဲခေါင်မြစ် ပိုင်းခြားထားမှုကြောင့် နှစ်နိုင်ငံကုန်သွယ်မှု ဖွံ့ဖြိုးခဲ့ခြင်း မရှိသော်လည်း မြန်မာ-လာအို ချစ်ကြည်ရေးတံတား တည်ဆောက်နိုင်ခဲ့ပြီးဖြစ်၍ သဘာဝအတား အဆီးကို ကျော်လွှန်နိုင်ခဲ့ကာ နှစ်နိုင်ငံ လမ်းပန်းဆက်သွယ်ရေး ပိုမို ကောင်းမွန်လာမှုကို အခြေပြု၍ ကုန်သွယ်မှုမြှင့်တင်ဆောင်ရွက်နိုင်ရန် ယခင်ကယာယီဖွင့်လှစ်ခဲ့သည့် ကျိုင်းလပ် နယ်စပ်ကုန်သွယ်ရေးစခန်းကို ကုန်သွယ်ရေးစခန်း အင်္ဂါရပ်များနှင့် ညီညွတ်သော စခန်းတစ်ခုဖြစ်လာစေရန် အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ စခန်းရုံး အဆောက်အအုံများ တည်ဆောက်ရေး အတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေမှ ထောက်ပံ့ကူညီပေးခဲ့သည့် တရုတ် ပြည်သူ့သမ္မတနိုင်ငံကို ကျေးဇူးတင်ရှိကြောင်း၊ ကုန်သွယ်ရေးစခန်း ဖွင့်လှစ်နိုင်ခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးမြင့်လာမည့်အပြင် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးသံမှူးက ဝမ်းမြောက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာသူများက ကျိုင်းလပ်နယ်စပ်ကုန်သွယ်ရေးစခန်းကို ဖွင့်လှစ်ပေးပြီး ကုန်သွယ်ရေးစခန်းကို လှည့်လည်ကြည့်ရှုကာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုန်သည်အသင်းအဖွဲ့များ၊ လာအိုနိုင်ငံမှ စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် ထိုင်းနိုင်ငံ မယ်ဆိုင် နယ်စပ်ကုန်သည်အသင်းတို့၏ ဒေသထွက်ကုန်များ ခင်းကျင်းပြသမှုတို့ကို လိုက်လံကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် မဲခေါင်မြစ်ကူး မြန်မာ-လာအို ချစ်ကြည်ရေး တံတားကို သွားရောက်လေ့လာကြပြီး တာချီလိတ်မြို့ မယ်ယန်းရပ်ကွက်ရှိ ကုန်သွယ်ရေးစခန်းသို့ သွားရောက်ကာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပို့ကုန်မြှင့်တင်ရေးနှင့် တရားမဝင် ကုန်သွယ်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

သတင်းစဉ်

# နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများ (အပိုင်း-၁)သင်တန်း အမှတ်စဉ်(၁/၂၀၂၃) သင်တန်းဆင်းပွဲ ကျင်းပ



နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်တွင် ဖွင့်လှစ်ခဲ့သည့် နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများ(International Public Sector Accounting Standards – IPSASs) (အပိုင်း-၁)သင်တန်း အမှတ်စဉ်(၁/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ပါမောက္ခ ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ပါမောက္ခဒေါက်တာခင်နိုင်ဦးက ခိုင်မာအားကောင်းသည့် ပြည်သူ့ဘဏ္ဍာရေးစနစ် ဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူပြုစေရန်နှင့် စာရင်းပညာပြန့်ပွားစေရန်ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင် နိုင်ငံပိုင်ကဏ္ဍ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ ရည်ရွယ်ချက်နှင့်မူဘောင်များ၊ ဘဏ္ဍာရေးရှင်းတမ်းများတွင် ပါဝင်ဖော်ပြရမည့် သတင်းအချက်အလက်များနှင့် ရေးဆွဲတင်ပြရာတွင် လိုက်နာရမည့် စံသတ်မှတ်ချက်များစသည့် စာရင်းပညာဆိုင်ရာ ဗဟုသုတများကို သင်ကြားပို့ချပေးခဲ့ကြောင်း၊ ဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲတင်ပြခြင်း၊ စိစစ်ခြင်းတို့တွင် ပွင့်လင်းမြင်သာ၍ ပိုမိုပြည့်စုံခိုင်မာသည့် အချက်အလက်များဖြင့် ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများ (စာရင်းရောက်မှု အခြေခံ)(IPSASs– Accrual Basic)သင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ယခုသင်တန်းမှ လေ့လာသင်ယူမှုများကို မိမိတို့၏ လုပ်ငန်းနယ်ပယ်အသီးသီးတွင် လက်တွေ့ပြန်လည်အသုံးချခြင်း၊ ဆင့်ပွားမျှဝေပေးခြင်းတို့ဖြင့် နိုင်ငံနှင့် ဌာနအကျိုး သယ်ပိုးဆောင်ရွက်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်တွင် ဖေဖော်ဝါရီ ၁၁ ရက်မှ ဩဂုတ် ၂၆ ရက်အထိ အပတ်စဉ်စနေနေ့တိုင်း ရက်သတ္တ ၂၇ ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ၄၁ ဦးနှင့် အခြားဝန်ကြီးဌာနများမှ ၅၅ ဦး စုစုပေါင်း သင်တန်းသား ၉၆ ဦး တက်ရောက်ပြီးမြောက်ကြောင်း သိရသည်။ **သတင်းစဉ်**

# စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံသည့် အသက်မွေးဝမ်းကျောင်းပညာရပ်ကျွမ်းကျင်သော လူအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးကြိုးပမ်းအကောင်အထည်ဖော်



နေပြည်တော် ဩဂုတ် ၂၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မွေးမြူရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနရုံးဝင်းအတွင်း တိရစ္ဆာန်ဆေးကုဒီပလိုမာသင်တန်းကျောင်း ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် သင်တန်းကျောင်း ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု၊ တိရစ္ဆာန်ဆေးကုဒီပလိုမာသင်တန်းကျောင်း၊ တိရစ္ဆာန်ကုသမှု လေ့ကျင့်သင်ကြားရေးဆေးရုံ၊ စာသင်ဆောင်၊ အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးကာ သင်ကြားရေးသင်ယူရေး အကြိုလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ထားရှိရန် လိုအပ်ချက်များကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲတွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် အခြေခံပျားမွေးသင်တန်း အမှတ်စဉ်(၂၂) သင်တန်းသားများနှင့် တွေ့ဆုံပြီး ပျားရည်၊ ပျားဖယောင်း သန့်စင်အလုပ်ရုံသို့ ရောက်ရှိကာ ဌာနနှင့် ပုဂ္ဂလိကများမှ သန့်စင်ရန်ပေးပို့လာသည့် ပျားရည်ကုန်ကြမ်းများကို စနစ်တကျ စစ်ဆေးလက်ခံခြင်း၊ သိုလှောင်ခြင်း၊ ပျားရည်များကို ခွင့်ပြုချက်နှင့်အညီ သန့်စင်ပေးခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တိရစ္ဆာန်မွေးမြူမှု ဖွံ့ဖြိုးရေးဌာနစု(ပေါင်းငူ)၌ မျိုးရေခဲချောင်းထုတ်လုပ်လျက်ရှိသည့် ရွှေနီ၊ ပါရှုန်နှင့် ယရာမင်နွားသိုး မွေးမြူထားရှိမှု၊ ပျဉ်းမပင်မွေးမြူရေးခြံတွင် နေပီယာပတ်ချောင်း၊ တေကူရန်၊ အစ္စရေးမြက်ချို၊ Ever Green Grass၊ နံ့စားပြောင်း၊ မွန်ဘားဆား၊ စတိုင်လိုမြက်မျိုးများ စိုက်ပျိုးထားရှိမှုနှင့် အပင်အမျိုးအစားအလိုက် အာဟာရပါဝင်မှုနှင့် မျိုးစေ့ ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်(၂၆)မိုင်(၂)ဖာလုံရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၌ အသားစားနွားယီလင့်၊ အင်ဒိုဘရာဇီးနွားမျိုးများ မွေးမြူထားရှိမှုနှင့် ဖရီရှန်နို့စားနွားများ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုအားပေးခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်သည် တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)သို့ ရောက်ရှိပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများအား အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်း လေ့ကျင့်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ မှာကြားသည်။

ယနေ့နံနက် ၁၀ နာရီတွင် ရတနာသိင်္ဃခန်းမ၌ တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၊ ကာကွယ်ရေးပညာဌာနရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များသည် ဝန်ထမ်းအဖွဲ့အစည်းများရှိ အောက်ခြေဝန်ထမ်းများမှအစ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအဆင့်ထိ အဆင့်ဆင့်သော ဝန်ထမ်းများအား ဝန်ထမ်းကောင်းများ ဖြစ်စေရေး၊ လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်နှင့် စည်းကမ်းတကျ တာဝန်ထမ်းဆောင်နိုင်ရေး စနစ်တကျလေ့ကျင့်သင်ကြားပေးရသော သင်တန်းကျောင်းများဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းအချင်းချင်း အစုအဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်တတ်ရန်၊ အမိန့်နာခံပြီး အထက်အောက် အပြန်အလှန်လေးစားသော နိုင်ငံနှင့် လူမျိုးအပေါ် ကာကွယ်စောင့်ရှောက်လိုစိတ်ရှိသော ဝန်ထမ်းကောင်းများဖြစ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီ ကာကွယ်ရေးပညာရပ်နှင့် အခြေခံစစ်ပညာ၊ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးအတတ်ပညာများကို လေ့ကျင့်သင်ကြားပေးရခြင်းဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် သင်ကြားသည့် ဘာသာရပ်များ၏ အလေးအနက်၊ ရည်ရွယ်ချက်များကို ကိုယ်တိုင်သိရှိနားလည်ပြီး နိုင်ငံ့ဝန်ထမ်း သင်တန်းသားများကိုလည်း သဘောပေါက်အောင် ရှင်းလင်းသင်ကြားပို့ချပေးရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ဥက္ကဋ္ဌသည် တက္ကသိုလ်အတွင်း လေ့ကျင့်သင်ကြားရေးဆိုင်ရာ သင်တန်းသား အိပ်ဆောင်များ၊ သင်တန်းခန်းမများ၊ အုပ်ချုပ်မှုအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ၊ တက္ကသိုလ်တွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် မိုင်းကိုးကျေးရွာတွင် ဓာတ်မြေဩဇာကြဲပက်ခြင်း အခမ်းအနားတက်ရောက်



တာချီလိတ် ဩဂုတ် ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းကိုးကျေးရွာအုပ်စုတွင် မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး ဩဂုတ် ၂၅ ရက်က အဆိုပါကျေးရွာ၌ ဓာတ်မြေဩဇာကြဲပက်ပွဲ အခမ်းအနားကျင်းပကြောင်း သိရသည်။

ဓာတ်မြေဩဇာကြဲပက်ခြင်း အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

ဦးစွာ တောင်သူများအား သက်တမ်း ၁၃၅ ရက်ရှိသော စပါးမျိုးကို နမူနာပြု၍ မြေဩဇာထည့်သွင်းချိန်ပြဇယားကို ဒုတိယပြည်နယ်ဦးစီးမှူး ဦးလှဝင်းက ရှင်းလင်းပြီး တောင်သူ ဦးဝင်းလွင်ဦး စိုက်ပျိုးထားသော မနောသုခ စပါးခင်းထဲသို့ မြေဩဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးကာ တောင်သူများအား ပြည်နယ်ဝန်ကြီးချုပ်က ရွှေဗမာပိုးသတ်ဆေး၊ အပင်အားဆေး၊ ရွက်ဖျန်းအားဆေးများကို ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မိုင်းကိုးကျေးရွာအုပ်စုရှိ တောင်သူများနှင့်တွေ့ဆုံ၍ ဒေသခံတောင်သူများက ဒေသလိုအပ်ချက်များ တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တာချီလိတ်မြို့ မြို့ရှောင်လမ်း ဖောက်လုပ်ထားရှိမှုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲလင်း(မြို့ပြ)က ရှင်းလင်းရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး တာချီလိတ်ခရိုင်တွင် ကျောက်ကြီးဖြည့် သံခြင်းမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း အလျားပေ ၆၅၀ ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်သဘာဝဘေးရန်ပုံငွေကျပ်သန်း ၄၀၀ ဖြင့် ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုကြသည်။

အဆိုပါ ကျောက်ကြီးဖြည့်သံခြင်းမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်သဘာဝဘေး စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ၂၀၂၃ ခုနှစ် ဧပြီလဆန်းမှ ဇွန်လလယ်အထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တာချီလိတ်လေယာဉ်ကွင်း လျာထားစီမံကိန်း(တာချီလိတ်)တွင် မူလလေယာဉ်ပြေးလမ်း(၇၀၅၀ x ၁၀၀)ပေအား ဘေးနှစ်ဖက်သို့ ၂၅ ပေစီ တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် EMBA 20th Batch မောင်မယ်သစ်လွင်ကြိုဆိုပွဲ တက်ရောက်အမှာစကားပြောကြား




ရန်ကုန် ဩဂုတ် ၂၆

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ) ပတ္တမြားဆောင်ရှိ စီးပွားရေးစီမံခန့်ခွဲမှု ပညာဌာန၌ ကျင်းပသော အကြိမ်(၂၀)မြောက် အမှုဆောင်အရာရှိများအဆင့် စီးပွားရေးစီမံခန့်ခွဲမှုပညာ မဟာဘွဲ့(EMBA 20th Batch) အွန်လိုင်းသင်တန်း၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကဏ္ဍမှ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ နည်းပညာရှင်များ၊ ကျွမ်းကျင်သူများ ဖြည့်ဆည်းပေးရန်နှင့် ပညာရေးဝန်ကြီးဌာနမှ အသိပညာရှင်များ၊ တွေးခေါ်မြော်မြင်သူများ၊ စီမံကိန်းရေးဆွဲသူများ မွေးထုတ်ပေးရန် လမ်းညွှန်မှာကြားထားကြောင်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်က ယခုဖွင့်လှစ်သော EMBA သင်တန်းသည် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ခြင်း ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်ဖြစ်စေ၊ လုပ်ငန်း၏အရေးပါသော ရာထူးတွင် တာဝန်ထမ်းဆောင်နေသူဖြစ်စေ အဓိကအရည်အသွေး လေးရပ် လိုအပ်ကြောင်း၊ စီးပွားရေးစီမံခန့်ခွဲမှုပညာ၊ စဉ်းစားတွေးခေါ်မှုနှင့်ကျွမ်းကျင်မှုဆိုင်ရာ Skills များ၊ အင်္ဂလိပ်စာတတ်ကျွမ်းမှုနှင့် အိုင်စီတီကျွမ်းကျင်မှုတို့ဖြစ်ကြောင်း၊ အဆိုပါ အရည်အသွေး လေးရပ်ကို အလုပ်ကြိုးစားမှု၊ အလုပ်အပေါ်သစ္စာရှိမှုဖြင့် ပေါင်းစပ်ဖြည့်ဆည်းပေးမည်ဆိုပါက ထူးချွန်ထက်မြက်အောင်မြင်သည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ထိပ်တန်းအရာရှိကြီးများ ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ တစ်ဆက်တည်းဆိုရလျှင် အလုပ်အပေါ် သစ္စာရှိသကဲ့သို့ နိုင်ငံတော်အပေါ် သစ္စာရှိရန်နှင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အပံ့ပေးနိုင်သူများဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သင်တန်းအလုပ်အမှုဆောင်အဖွဲ့ဝင်များက မိတ်ဆက်စကားပြောကြား၍ ဒုတိယဝန်ကြီးနှင့်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဆရာ ဆရာမများနှင့် သင်တန်းသားသင်တန်းသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ EMBA 20th Batch အွန်လိုင်းသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၉၇ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ နှစ်နှစ်ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စာကြည့်တိုက်နှင့် စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး လှိုင်နယ်မြေ ပါရမီလမ်းမပေါ်ရှိ ဘွဲ့လွန်အသုံးချဘူမိဗေဒဌာန၌ ကျောက်အမျိုးအစား ခွဲခြားသည့် စက်နှင့်စက်ပစ္စည်းများ၊ စာသင်ခန်းနှင့် စာကြည့်တိုက်၊ လှိုင်နယ်မြေရှိ သိပ္ပံပစ္စည်းအလုပ်ရုံ၌ အခြေခံပညာနှင့် အဆင့်မြင့်ပညာကျောင်းများအတွက် သိပ္ပံလက်တွေ့ခန်းသုံးပစ္စည်းများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

# ဖိလစ်ပိုင်နိုင်ငံ၏ ဆင်းရဲမှုလျှော့ချခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု

**ခန့်ဇော် (ကျေးလက်)**

ဖိလစ်ပိုင်နိုင်ငံသည် ၁၈၉၈ ခုနှစ်တွင် အမေရိကန်၏ကိုလိုနီဖြစ်ခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့သည်။ ၂၀၂၃ ခုနှစ် စာရင်းအရ လူဦးရေ ၁၁၇ သန်းကျော်ရှိပြီး ၂၀၂၃ ခုနှစ် မေလ Social Weather Stations Survey အရ ဆင်းရဲမှုနှုန်းအနေဖြင့် မိသားစု ၅၁ ရာခိုင်နှုန်းသည် ဆင်းရဲ၍ ၃၀ ရာခိုင်နှုန်းခန့်သည် အလယ်အလတ်ဖြစ်ပြီး ကျန် ၁၉ ရာခိုင်နှုန်းမှာ ဆင်းရဲမှုမရှိကြောင်း သိရသည်။ ကမ္ဘာ့ဘဏ်၏ စာရင်းအရ ဖိလစ်ပိုင်နိုင်ငံ၏ ဆင်းရဲမှုနှုန်းမှာ ၂၀၁၈ ခုနှစ်က ၁၆ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ၁၈ ဒသမ ၁ ရာခိုင်နှုန်းအထိတိုးလာခဲ့ပြီး ဆင်းရဲနွမ်းပါးသူဦးရေ ၁၉ ဒသမ ၉ သန်းကျော်ခန့်အထိရှိလာကြောင်း တွေ့ရသည်။ ဖိလစ်ပိုင်နိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းတွင်တည်ရှိကာ ကျွန်းပေါင်း ၇၆၄၁ ကျွန်းဖြင့် ဖွဲ့စည်းထားပြီး စတုရန်းကီလိုမီတာ သုံးသိန်းခန့် ကျယ်ဝန်းသည်။ ဒီမိုကရေစီစနစ်ကျင့်သုံးပြီး သမ္မတသက်တမ်းမှာ ခြောက်နှစ်ဖြစ်သည်။

> **“နိုင်ငံတစ်နိုင်ငံ ဆင်းရဲရခြင်းအကြောင်းရင်းများတွင် သဘာဝဘေးကြောင့် အခြေခံအဆောက်အအုံများ ပျက်စီးခြင်း၊ အရင်းအမြစ်များပျက်စီးခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများပျက်စီးခြင်း စသည်တို့ပါဝင်ပြီး ဆုံးရှုံးမှုများပြားသည့်အလျောက် ပြန်လည်ထူထောင်ရေး ကုန်ကျစရိတ်လည်း များပြားကာ ထိုသို့မကြာခဏဖြစ်ခြင်းနှင့် ဆုံးရှုံးခြင်းများကြောင့် ဆင်းရဲမှုနှုန်း ပို၍တိုးမြင့်စေမည်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးတွင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုတို့သည် အဓိကစိန်ခေါ်မှုများဖြစ်နေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုကို ကာကွယ်နိုင်ရေးအတွက် သီးနှံအာမခံစနစ် ဖော်ဆောင်ထားရှိ”**

## ဖိလစ်ပိုင်နိုင်ငံ၏စီးပွားရေး

စားသောက်ကုန်ထုတ်လုပ်ခြင်း၊ ဘိလပ်မြေ၊ သံနှင့်စတီး၊ ဆက်သွယ်ရေးပစ္စည်းများ ထုတ်လုပ်ခြင်းသည် နိုင်ငံ၏အဓိကစီးပွားရေးဖြစ်ပြီး အဓိကပို့ကုန်မှာ Electronic Product များဖြစ်ကာ နိုင်ငံ GDP ၏ ၄၂ ရာခိုင်နှုန်းအထိရှိကြောင်း Trading Economics ၏ဖော်ပြချက်အရ လေ့လာသိရှိရသည်။ စိုက်ပျိုးရေးသည်လည်း နိုင်ငံ GDP ၏ ၁၀ ရာခိုင်နှုန်းခန့်ရှိပြီး ဆန်၊ ပြောင်း၊ အုန်းသီး၊ ကြံ၊ ငှက်ပျော၊ နာနတ်များ စိုက်ပျိုးသည့်အပြင် ကမ္ဘာ့အကြီးဆုံး အုန်းသီးစိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံလည်းဖြစ်သည်။

## ဖိလစ်ပိုင်နိုင်ငံ၏ GDP

၂၀၂၂ ခုနှစ် ဒီဇင်ဘာလစာရင်းအရ ဖိလစ်ပိုင်နိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၄၀၄၂၆၁ မီလီယံခန့်ရှိပြီး တစ်ဦးချင်း GDP မှာ အမေရိကန်ဒေါ်လာ ၃၆၂၃ ခန့်ရှိရာ မြန်မာနိုင်ငံ၏တစ်ဦးချင်း GDP မှာ အမေရိကန်ဒေါ်လာ ၁၁၀၃ ခန့်သာရှိသည့်အတွက် မြန်မာနိုင်ငံထက် ၃ ဒသမ ၃ ဆခန့် ပိုမိုကြောင်း တွေ့ရှိရသည်။ ကဏ္ဍကြီးသုံးခု၏ GDP တိုးတက်မှုအရ ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၂ ခုနှစ်က စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ၈ ဒသမ ၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၂၉ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး ဝန်ဆောင်မှုကဏ္ဍတွင် ၆၁ ဒသမ ၄ ရာခိုင်နှုန်းအထိရှိကြောင်း Philippines Statistics Authority (PSA) အရ လေ့လာသိရှိရသည်။

## ဆင်းရဲနွမ်းပါးမှုနှင့် ဆင်းရဲရသည့်အကြောင်းရင်းများ

အလုပ်လက်မဲ့ ၃ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်းမှာ လူဦးရေ ၃၀၀၀ လျှင် ၂၆ ဦးနှုန်း သေဆုံးလျက်ရှိသည်။ PSA အရ ၂၀၂၁ ခုနှစ်က ဖိလစ်ပိုင်လူမျိုးများအကြား ဆင်းရဲနွမ်းပါးမှုပမာဏမှာ ခန့်မှန်းခြေအားဖြင့် ၁၈ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ပြီး မိသားစုပေါင်း ၃ ဒသမ ၅ သန်းခန့် ဆင်းရဲတွင်းနက်ခဲ့ရသည်ဟု ဆိုပါသည်။ ဆင်းရဲနွမ်းပါးရသည့် အဓိကအကြောင်းရင်းများမှာ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သန့်ရှင်းသောသောက်သုံးရေရရှိမှုကဲ့သို့သော အခြေခံဝန်ဆောင်မှုများ ပြည့်ပြည့်ဝဝမရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း လုံလောက်စွာမရရှိခြင်းနှင့် ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ အကန့်အသတ်ဖြင့် ရရှိခြင်းတို့ကြောင့်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်များ၊ ပဋိပက္ခ၊ မူးယစ်ဆေးဝါးပြဿနာများနှင့် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့်လည်း အချို့ဒေသများတွင် ဆင်းရဲနွမ်းပါးမှုကို ပိုမိုဆိုးရွားစေသည်ကို တွေ့ရသည်။

ဖိလစ်ပိုင်နိုင်ငံဆင်းရဲရခြင်း အကြောင်းရင်းများတွင် မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ကျောင်းသားလူငယ်များ၊ အလုပ်လုပ်နိုင်သည့် လူငယ်/ လူလတ်ပိုင်းများ ပျက်စီးထိခိုက်ရသည့်အပြင် တရားမဝင်လက်နက်ကုန်သွယ်မှုများပါ ဆက်စပ်နေသည်။ လက်နက်ကိုင်အဖွဲ့များ၏စီးပွားရေးဖြစ်နေပြီး နိုင်ငံဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးတို့တွင် များစွာအနှောင့်အယှက်အဟန့်အတားဖြစ်စေပါသည်။

ဖိလစ်ပိုင်သမ္မတ ဒူတာတေးလက်ထက်တွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ကမ္ဘာတွင် အကြီးကျယ်ဆုံးဆောင်ရွက်ချက်များကိုတွေ့ရပြီး ပြင်းထန်သောတိုက်ဖျက်ရေးလုပ်ငန်းစဉ်လှုပ်ရှားမှုများ၊ စစ်ဆင်ရေးများရှိခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ ဖိလစ်ပိုင်အစိုးရသည် ယခင်က International Criminal Court–ICC တွင် လက်မှတ်ရေးထိုးထားသော်လည်း နုတ်ထွက်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ထိရောက်မှုများရှိသကဲ့သို့ လူအများအပြားထိခိုက်ပျက်စီးမှုများလည်းရှိခဲ့ကြောင်း လေ့လာသိရှိရသည်။ ပညာပေးခြင်း၊ ကာကွယ်ခြင်း၊ တားဆီးခြင်း၊ တိုက်ဖျက်ခြင်းအဆင့်တိုင်းတွင် အဖွဲ့အစည်းတိုင်း၊ နိုင်ငံသားတိုင်းပါဝင်ရပါမည်။ မထိခိုက်သင့်သူ၊ မဆိုင်သူများကို မထိခိုက်စေရန်လည်း တရားဥပဒေဘောင်အတွင်းမှ စနစ်တကျဆောင်ရွက်ရန်လိုကြောင်း လေ့လာသုံးသပ်မိပါသည်။

## ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ

တစ်ဖက်တွင်လည်း ရာသီဥတုပြောင်းလဲမှုနှင့် ဘာဘာဝဘေးအန္တရာယ်များက ဖိလစ်ပိုင်နိုင်ငံ၏ ထိခိုက်လွယ်ဒေသများရှိ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များအပေါ် သိသာထင်ရှားစွာ သက်ရောက်မှုများရှိနေသည်ကို တွေ့ရှိရသည်။ နိုင်ငံ၏ သဘာဝဘေးအန္တရာယ်ကျရောက်မှု လျှော့ချရေးစီမံချက်များတွင် စောစီးစွာသတိပေးခြင်းစနစ်များ၊ အရေးပေါ်အခြေအနေ တုံ့ပြန်ဖြေရှင်းရေးအစီအမံများနှင့် အာမခံစနစ်များကဲ့သို့သော အစီအမံများပါဝင်ပြီး ရာသီဥတုဒဏ်ခံနိုင်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများတိုးမြှင့်ရန်၊ ပြည်သူလူထုနှင့် နိုင်ငံတော်အဆင့်၌ သဘာဝဘေးအန္တရာယ်လျှော့ချခြင်းနှင့် စီမံခန့်ခွဲမှုစနစ်များ အားပေးဆောင်ရွက်ရန်နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်းနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ချိန်/ ရာသီဥတုဆိုင်ရာ ဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်များတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ဆက်လက်ဆောင်ရွက်နိုင်စေရန် စသည်တို့လည်း ပါဝင်ပါသည်။

ဖိလစ်ပိုင်နိုင်ငံသည် သဘာဝဘေးဒဏ် မကြာခဏခံရသည့်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မီးတောင်အရေအတွက် ပေါများသည့်နိုင်ငံဟု လူသိများပါသည်။ ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေအများဆုံးနိုင်ငံဖြစ်ပြီး နှစ်စဉ် တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း စသည့်ဘာဘာဝဘေးမျိုးစုံဖြစ်ပွားလေ့ရှိသောနိုင်ငံဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဆင်းရဲရခြင်းအကြောင်းရင်းများတွင် သဘာဝဘေးကြောင့် အခြေခံအဆောက်အအုံများ ပျက်စီးခြင်း၊ အရင်းအမြစ်များ ပျက်စီးခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပျက်စီးခြင်း စသည်တို့ပါဝင်ပြီး ဆုံးရှုံးမှုများပြားသည့်အလျောက် ပြန်လည်ထူထောင်ရေး ကုန်ကျစရိတ်လည်း များပြားကာ ထိုသို့မကြာခဏဖြစ်ခြင်းနှင့် ဆုံးရှုံးခြင်းများကြောင့် ဆင်းရဲမှုနှုန်း ပို၍တိုးမြင့်လာမည်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးတွင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုတို့သည် အဓိကစိန်ခေါ်မှုများဖြစ်နေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုကို ကာကွယ်နိုင်ရေးအတွက် သီးနှံအာမခံစနစ် ဖော်ဆောင်ထားရှိသည်ကို တွေ့ရသည်။

## ဖိလစ်ပိုင်နိုင်ငံ၏သီးနှံအာမခံ

စိုက်ပျိုးသီးနှံများအတွက် အာမခံလုပ်ငန်းကို အစိုးရပိုင် ဖိလစ်ပိုင်သီးနှံအာမခံကော်ပိုရေးရှင်း Philippine Crop Insurance Corporation (PCIC) က ဦးဆောင်ကြီးကြပ်ပြီး အဓိကရည်ရွယ်ချက်မှာ သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်လာသော သီးနှံဆုံးရှုံးမှုများ၊ ကောက်ပဲသီးနှံနှင့်အခြားသီးနှံများအတွက် အပင်ရောဂါများနှင့် ပိုးကျခြင်းများကြောင့် ဆုံးရှုံးမှုများမှ ကာကွယ်နိုင်စေရေးအတွက် လယ်သမားများအား အာမခံအကာအကွယ်ပေးရန်ဖြစ်သည်။

ဆန်စပါးအတွက် စိုက်ပျိုးရေးအာမခံလုပ်ငန်းကို ၁၉၈၁ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် ပြောင်းနှင့် ၁၉၉၁ ခုနှစ်တွင် ဆေးရွက်ကြီးတို့အတွက် ဆက်လက်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ၁၉၉၃ ခုနှစ်တွင် တန်ဖိုးမြင့်စီးပွားဖြစ်သီးနှံများ(High Value Commercial Crops–HVCC) (ငှက်ပျော၊ ကြက်ဟင်းခါး၊ ကညွတ်၊ ဂေါ်ဖီထုပ်၊ မုန်လာဥနီ၊ ပီလောပီနံ၊ အုန်း၊ ကော်ဖီ၊ စီးပွားဖြစ်အပင်များ၊ ဝါဂွမ်း၊ ကြက်သွန်ဖြူ၊ ချင်း၊ သရက်၊ ပဲစေ့၊ ကြက်သွန်နီ၊ သင်္ဘော၊ မြေပဲ၊ နာနတ်၊ ကြံ၊ ကန်စွန်းဥ၊ ဆေးရွက်ကြီး၊ ခရမ်းချဉ်၊ ဖရဲ၊ အာလူးဖြူ စသည်)နှင့် အခြားကုန်ပစ္စည်းများပါ အကျုံးဝင်စေရန် အာမခံလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်ခဲ့သည်။

အာမခံအကာအကွယ်သည် စိုက်ပျိုးသည့်မျိုးစေ့အမျိုးအစားပေါ်မူတည်၍ ကွဲပြားပြီး အလုပ်သမားစရိတ်၊ ထုတ်လုပ်မှုကုန်ကျစရိတ်စသည်တို့ အပါအဝင် အပိုဆောင်းကုန်ကျစရိတ်များကိုပါ လွှမ်းခြုံနိုင်မှုရှိကာ တစ်ဟက်တာလျှင် ဖိလစ်ပိုင်ပီဆို ၂၈၀၀၀ မှ ၆၅၀၀၀ အထိ ရရှိနိုင်သည်ကို တွေ့ရသည်။ အကျုံးဝင်ကာလမှာ မျိုးစေ့စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိဖြစ်ပြီး အာမခံပရီမီယံကြေးမှာ ဒေသ၊ ရာသီဥတုနှင့် ထိခိုက်ပျက်စီးမှုအမျိုးအစားတို့အရ နှစ်ရာခိုင်နှုန်းမှ ခုနစ်ရာခိုင်နှုန်းခန့် နှုန်းထားအမျိုးမျိုးရှိကာ ပရီမီယံကြေးကို လယ်သမား၊ ငှားရမ်းသည့်အဖွဲ့အစည်းနှင့် အစိုးရတို့က မျှဝေကျခံကြရသည်။

တန်ဖိုးမြင့် စီးပွားဖြစ်သီးနှံများ(HVCC)အတွက် အာမခံအကာအကွယ်တွင် တိုက်ဖွန်းမုန်တိုင်းများ၊ ရေကြီးရေလျှံမှုများ၊ မိုးခေါင်ရေရှားမှုများ၊ မြေငလျင်နှင့် မီးတောင်ပေါက်ကွဲမှုများ၊ အပင်ရောဂါများ၊ ပိုးကျခြင်းများနှင့် မတော်တဆမီးလောင်မှုများကဲ့သို့သော သဘာဝဘေးအန္တရာယ်များအတွက်ပါ အကျုံးဝင်သည်။ အာမခံကြေးထုတ်ယူမှုမရှိသည့် လယ်သမားများသည် အာမခံကြေးမထုတ်ယူသည့်အတွက် အပိုဆုကြေးအဖြစ် နောက်တစ်ကြိမ်အာမခံထားရှိချိန်တွင် ပရီမီယံကြေး၏ ၁၀ ရာခိုင်နှုန်းခန့် သက်သာခွင့်ရရှိသည်။

အခြားတစ်ဖက်တွင်လည်း ဖိလစ်ပိုင်အစိုးရသည် ဆန်စပါးအထွက်တိုးစေရန် စိုက်ပျိုးရေးအစီအစဉ်တစ်ခုဖြစ်သည့် Masagana 99၊ ဘက်စုံစိုက်ပျိုးရေးပြုပြင်ပြောင်းလဲရေးအစီအစဉ် (Comprehensive Agrarian Reform Program –CARP)၊ လူမှုရေးပြုပြင်ပြောင်းလဲမှုနှင့် ဆင်းရဲမှုလျှော့ချရေးလှုပ်ရှားမှု (Social Reform and Poverty Alleviation Act–SRPAA)နှင့် Pantawit Pamilyang Pilipino Program(4Ps) စသည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်အမျိုးမျိုးကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသည်။

## စိုက်ပျိုးစီးပွားကဏ္ဍမြှင့်တင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆောင်ရွက်ချက်များ

Masagana 99(M99)သည် ဆန်စပါးစိုက်ပျိုးသူတောင်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရန်နှင့် စပါးအထွက်တိုးစေရန် ၁၉၇၃ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံတော်အစိုးရက စတင်ဆောင်ရွက်ခဲ့သည့် ဆန်စပါးထုတ်လုပ်ရေး အစီအစဉ်တစ်ခုဖြစ်ပြီး သွင်းကုန်များအပေါ်မှီခိုနေမှုကို လျှော့ချရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လယ်သမားများအား ရိုးရာစပါးမျိုးစေ့များထက် ပိုမိုအထွက်နှုန်းကောင်းသည့်

စာမျက်နှာ ၇ သို့ ✧

✧ စာမျက်နှာ ၆ မှ

စပါးမျိုးစေ့များကို စတင်မိတ်ဆက်ပေးခဲ့ပြီး ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများနှင့် ဆည်မြောင်းဖောက်လုပ်ပေးခြင်း စသော ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် သွင်းအားစုများ ထောက်ပံ့ပေးသည့်အပြင် ချေးငွေရရှိစေရန် စိုက်ပျိုးရေးချေးငွေနှင့် သမဝါယမဘဏ္ဍာရေး စီမံခန့်ခွဲမှု (Agricultural Credit & Cooperative Financing Administration– ACCFA) မှတစ်ဆင့် ကူညီပံ့ပိုးပေးခဲ့သည်။

Masagana 99 အစီအစဉ်သည် နိုင်ငံအတွင်း ဆန်စပါးထုတ်လုပ်မှုတိုးမြှင့်ရေး ဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိခဲ့သော်လည်း လုပ်ကွက်ငယ် တောင်သူများသည် တောင်သူလယ်သမားကြီးများလောက် အကျိုးအမြတ်မရရှိခဲ့သည့်အတွက် ဝေဖန်ခံခဲ့ရသည်။

## ဘက်စုံစိုက်ပျိုးရေး ပြုပြင်ပြောင်းလဲရေးအစီအစဉ်

၁၉၈၇ ခုနှစ်တွင် ဘက်စုံစိုက်ပျိုးရေးပြုပြင်ပြောင်းလဲရေးအစီအစဉ် (CARP)ကို ဆောင်ရွက်ခဲ့ပြီး တောင်သူလယ်သမားများအား မြေယာပြန်လည်ပေးအပ်ခြင်းနှင့် အထောက်အပံ့ဝန်ဆောင်မှုများ ပေးခြင်းဖြင့် နိုင်ငံအတွင်းရှိ မြေယာပြန်လည်ပြုပြင်ရေးကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ မြေယာများကို ပုဂ္ဂလိကမြေပိုင်ရှင်များထံမှ ဆန္ဒအလျောက် လွှဲပြောင်းပေးသည့်စနစ် (သို့မဟုတ်) မဖြစ်မနေသိမ်းယူသည့်နည်းလမ်းတို့ဖြင့် ရယူခဲ့ပြီး မြေငှားများ၊ စာချုပ်ဖြင့် ငှားရမ်းသူများနှင့် အနည်းဆုံး ၁၀ နှစ်ကျော်ခန့် မြေယာထွန်ယက်စိုက်ပျိုးခဲ့သည့် လယ်ယာမြေအလုပ်သမားများကို မြေယာများ ပေးအပ်ခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးပြုပြင်ပြောင်းလဲရေးဦးစီးဌာန၏အဆိုအရ တောင်သူလယ်သမား ၂ ဒသမ ၈ သန်းကျော်ကို မြေဟက်တာ ၄ ဒသမ ၈ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့သည်ဟု သိရသည်။ ချေးငွေ၊ နည်းပညာနှင့် ဈေးကွက်ရရှိရေး အထောက်အပံ့များအပါအဝင် မြေယာနှင့် အရင်းအမြစ်များကို စုပေါင်းစီမံခန့်ခွဲမည့် တောင်သူလယ်သမားများအား ကိုယ်တိုင်ရပ်တည်နိုင်သော လူ့အဖွဲ့အစည်းများဖြစ်လာစေရန် ပျိုးထောင်ပေးပြီး စိုက်ပျိုးရေးပြုပြင်ပြောင်းလဲရေး အဖွဲ့အစည်းများကိုပါ ထူထောင်ပေးခဲ့သည်။ မြေယာပြုပြင်ပြောင်းလဲမှုဆိုင်ရာ အခွန်ကောက်ခံခြင်းနှင့် အစိုးရငွေချေးစာချုပ်များ ထုတ်ချေးပေးခြင်းတို့မှတစ်ဆင့် ရန်ပုံငွေထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် မြေယာပိုင်ရှင်များ၏ ခုခံတော်လှန်မှုနှင့် ရန်ပုံငွေ မလုံလောက်မှု စသော စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

## လူထုဗဟိုပြုဖွံ့ဖြိုးရေးအစီအစဉ်

၂၀၀၂ ခုနှစ်တွင် လူထုဗဟိုပြုဖွံ့ဖြိုးရေးအစီအစဉ်တစ်ခုဖြစ်သည့် Kapit–Bisig Laban sa Kahirapan Comprehensive and Integrated Delivery of Social Services (KALAHI–CIDSS) ကို စတင်ဆောင်ရွက်ခဲ့ပြီး ပြည်သူများကိုယ်တိုင် ဦးစားပေးလုပ်ငန်းများ ခွဲခြားသတ်မှတ်ရန်၊ စီမံကိန်းများ ကိုယ်တိုင်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အရင်းအမြစ်များကို ကိုယ်တိုင်စီမံခန့်ခွဲနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်သည်။ စာရေးသူတို့နိုင်ငံရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သော လူထုဗဟိုပြုစီမံကိန်း (Community Driven Development Project– CDDP)၊ ဆောင်ရွက်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (Village Development Project–VDP) စသည်တို့၏ စီမံကိန်းပုံစံကဲ့သို့ လူထုကိုယ်တိုင် ဦးဆောင်အကောင်အထည်ဖော်သည့် စီမံကိန်းပုံစံဖြစ်သည်။

ပြည်သူလူထုကိုယ်တိုင် ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောအရင်းအမြစ်နှင့် နည်းပညာအကူအညီများ ထောက်ပံ့ပေးပြီး လမ်း၊ တံတား၊ ရေရရှိရေးနှင့် ကျန်းမာရေးဌာနများကဲ့သို့သော အခြေခံအဆောက်အအုံများ တည်ဆောက်ပေးသည့်လုပ်ငန်းများ ပါဝင်သည်။ ယင်းအစီအစဉ်တွင် ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ကဲ့သို့သော နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၏ အထောက်အပံ့များ၊ အစိုးရ၏ ထောက်ပံ့ငွေ၊ ပြည်သူလူထု၏ လုပ်အား/ ပစ္စည်းကိရိယာ/ ငွေကြေးထည့်ဝင်မှုတို့လည်းပါဝင်သည်။ လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏အဆိုအရ ခရိုင် ၇၂ ခုရှိ ပြည်သူ ၃၀၀၀ ကျော်အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပြည်သူ ၆ ဒသမ ၂ သန်းကျော် အကျိုးခံစားခွင့်ရရှိကြောင်း သိရသည်။

## စဉ်ဆက်မပြတ်အသက်မွေးဝမ်းကျောင်း လုပ်ငန်းအစီအစဉ်

၂၀၁၁ ခုနှစ်တွင် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်တစ်ခုဖြစ်သည့် စဉ်ဆက်မပြတ်အသက်မွေးဝမ်းကျောင်းလုပ်ငန်းအစီအစဉ် (Sustainable Livelihood Program–SLP)ကို စတင်ဆောင်ရွက်ခဲ့ပြီး ဆင်းရဲသားများနှင့် ထိခိုက်လွယ်အိမ်ထောင်စုများအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းနှင့် အရင်းအမြစ်များရရှိရေး ကူညီထောက်ပံ့ပေးခြင်းဖြင့် ၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်လာစေရန် ရည်ရွယ်ခဲ့သည်။ SLP သည် တိုင်းရင်းသားလူနည်းစုများ၊ အမျိုးသမီးများနှင့် မသန်စွမ်းသူများအပါအဝင် ဆင်းရဲ၍ထိခိုက်လွယ်သော အိမ်ထောင်စုများကို ဦးတည်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ၊ မျိုးစေ့အရင်းအနှီးနှင့် ချေးငွေတို့အပါအဝင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အကူအညီများစွာထောက်ပံ့ပေးပါသည်။ ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့် ပိုင်ရှင်စိတ်ဓာတ်ရှိမှုတို့ကို အလေးထားဆောင်ရွက်သည့် လူထုဗဟိုပြုအစီအစဉ်ဖြစ်ပြီး ထောက်ပံ့ပေးရာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်နိုင်ရန်နှင့် ရေရှည်တည်တံ့စေရန်အတွက် နည်းပညာအကူအညီနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေသည့် ဝန်ဆောင်မှုများလည်း ပါဝင်သည်။ လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အဆိုအရ အိမ်ထောင်စု ၁ ဒသမ ၂ သန်းကျော် အကျိုးခံစားရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

## ဖိလစ်ပိုင်နိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း

၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် ဖိလစ်ပိုင်နိုင်ငံကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Philippine Rural Development Project–PRDP) ကို ကျေးလက်ဒေသအခြေခံအဆောက်အအုံများ မြှင့်တင်ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုမြှင့်တင်ပေးခြင်းနှင့် ဈေးကွက်ရရှိရေးတိုးမြှင့်ပေးခြင်းတို့ဖြင့် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျှော့ချရန် ရည်ရွယ်ဆောင်ရွက်ခဲ့သည်။

> **“စိုက်ပျိုးမွေးမြူရေးအပေါ်တွင် အခြေခံရာမှ လယ်ယာစိုက်ပျိုးရေးအပါအဝင် စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ်တွင် အခြေခံသည့်စနစ်သို့ ပြောင်းလဲဖော်ဆောင်ကာ သွင်းကုန်များအပေါ် မှီခိုရမှု လျှော့နည်းစေရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းအစီအမံများ ဆောင်ရွက်ရာတွင် စာရေးသူတို့နိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် စီမံကိန်းဒီဇိုင်းတူညီသည်ကို တွေ့ရှိရသည်။ သို့ရာတွင် ရှေ့၌ ဆိုခဲ့သကဲ့သို့ပင် ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ အကန့်အသတ်ဖြင့်ရရှိခြင်း၊ သဘာဝဘေးအန္တရာယ်များ၊ ပဋိပက္ခနှင့် နိုင်ငံရေးမတည်ငြိမ်မှုများသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကြီးမားသည့် စိန်ခေါ်မှုများဖြစ်သည်ကို သတိချပ်ရမည်”**

PRDP တွင် ကုန်ထုတ်လမ်းများ၊ တံတားများ၊ အများနှင့်ဆိုင်သော ဆည်မြောင်းဖောက်လုပ်မှုစနစ်များနှင့် အခြားအခြေခံအဆောက်အအုံဝန်ဆောင်မှုလုပ်ငန်းများ တည်ဆောက်ခြင်းနှင့် အသစ် ပြန်လည်ပြုပြင်ခြင်းတို့မှတစ်ဆင့် ကျေးလက်ဒေသအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ကုန်သိုလှောင်ရေးအဆောက်အအုံများ၊ အခြောက်ခံခြင်းပစ္စည်းကိရိယာများနှင့် ရိတ်သိမ်းပြီးနောက်ပိုင်း လိုအပ်သော အသုံးအဆောင်ပစ္စည်းများအတွက်ပါ ထောက်ပံ့ပေးသည်။ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုစွမ်းအား တိုးမြှင့်စေရေးအတွက် လယ်သမားများအား နည်းပညာနှင့် သွင်းအားစုများ ကူညီပေးခြင်း၊ တန်ဖိုးမြင့်သီးနှံများ၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်ကုန်များ ထုတ်လုပ်ခြင်းနှင့် ဈေးကွက်ရရှိရေး ဆောင်ရွက်ပေးခြင်းကဲ့သို့သော တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ကူညီထောက်ပံ့ပေးပါသည်။

ဒေသဆိုင်ရာအဆင့်နှင့် နိုင်ငံတော်အဆင့် ဈေးကွက်များသို့ ချိတ်ဆက်ပေးခြင်းဖြင့် ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် ကုန်ထုတ်လုပ်သူများကို ဈေးကွက်ရရှိစေပြီး ဈေးကွက်ဖော်ဆောင်ရေး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဒေသဆိုင်ရာနှင့် နိုင်ငံတော်အဆင့် ကုန်စည်ပြပွဲများနှင့် ပြခန်းများတွင် ကျေးလက်ကုန်ထုတ်လုပ်သူများ ပူးပေါင်းပါဝင်ရေး ကူညီဆောင်ရွက်ပေးပါသည်။ စိုက်ပျိုးရေးဦးစီးဌာန၏အဆိုအရ PRDP သည် တောင်သူလယ်သမားများနှင့် ရေလုပ်ငန်းလုပ်ကိုင်သူ နှစ်သန်းကျော်ခန့် အကျိုးခံစားခွင့်ရှိစေခဲ့ပြီး ကျေးလက်ဒေသများတွင် လယ်ယာစိုက်ပျိုးရေးကုန်ထုတ်လုပ်မှုစွမ်းအားနှင့် ဝင်ငွေတိုးပွားစေရေးအတွက် များစွာအထောက်အကူပြုနိုင်ခဲ့သည်ကို တွေ့ရသည်။

## လေ့လာသုံးသပ်ချက်

စိုက်ပျိုးမွေးမြူရေးအပေါ်တွင် အခြေခံရာမှ လယ်ယာစိုက်ပျိုးရေးအပါအဝင် စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ်တွင် အခြေခံသည့်စနစ်သို့ ပြောင်းလဲဖော်ဆောင်ကာ သွင်းကုန်များအပေါ် မှီခိုရမှုလျှော့နည်းစေရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းအစီအမံများ ဆောင်ရွက်ရာတွင် စာရေးသူတို့နိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် စီမံကိန်းဒီဇိုင်းတူညီသည်ကို တွေ့ရှိရသည်။ သို့ရာတွင် ရှေ့၌ ဆိုခဲ့သကဲ့သို့ပင် ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ အကန့်အသတ်ဖြင့်ရရှိခြင်း၊ သဘာဝဘေးအန္တရာယ်များ၊ ပဋိပက္ခနှင့် နိုင်ငံရေးမတည်ငြိမ်မှုများသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ကြီးမားသည့် စိန်ခေါ်မှုများဖြစ်သည်ကို သတိချပ်ရမည်ဖြစ်သည်။ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးသည် ခွဲ၍မရသော အပြန်အလှန်ဆက်စပ်မှုဖြစ်သည့်အတွက် တစ်ပြိုင်နက်တည်း အတူယှဉ်တွဲ၍ ကြိုးပမ်းဖော်ဆောင်ရမည့် လုပ်ငန်းဆောင်တာများဖြစ်သည်။

သဘာဝဘေးအန္တရာယ် ဆိုသည်ကလည်း ကြိုတင်ပြင်ဆင်မှုအားကောင်းမှ ထိခိုက်မှုလျှော့ချနိုင်မည်ဖြစ်သည်။ အာရှတွင် ဖိလစ်ပိုင်နိုင်ငံသည် သဘာဝဘေးဒဏ်အခံရဆုံးနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း နှစ်စဉ်ကြုံတွေ့နေရသည်ပင်။ ကြိုတင်ပြင်ဆင်မှုများကောင်းစေရန် ဌာနများ၊ ကော်မတီများ၊ အစိုးရများ ချိတ်ဆက်မှုအားကောင်းရန် လိုသည်။ သို့မှသာ ထိခိုက်မှုလျော့ပါးသက်သာမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် သီးနှံအာမခံစနစ်ကျင့်သုံးနေပြီး ထိုင်း၊ ဗီယက်နမ်တို့တွင်လည်း အလားတူကျင့်သုံးနေသည်ကို တွေ့ရသည်။ သဘာဝဘေးများဖြစ်ပေါ်ခဲ့လျှင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်စေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း လုပ်သင့်သည်ဟု သုံးသပ်မိပါသည်။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် နွေစပါး၊ မိုးစပါး၊ ပဲ၊ ဆီထွက်သီးနှံစီမံကိန်းများတွင်လည်း နိုင်ငံတော်အကြီးအကဲက သီးနှံအာမခံထားဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားပါသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း ဆက်လက်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ရန် စီစဉ်နေကြောင်း သိရှိရသည်။ နိုင်ငံတကာအတွေ့အကြုံများ ရယူ၍ ကိုယ့်နိုင်ငံ၏အခြေအနေပေါ် မူတည်ပြီး Pilot အနေဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတော်အစိုးရက အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသော ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်များတွင် များစွာထိရောက်အကျိုးရှိမည်ဖြစ်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကားချက်**


- https://www. philstar.com/headlines/2023/07/24/2283356/self-rated-poor-families-45-percent-sws
- https://ap.fftc.org.tw/article/1056 (Agricultural Insurance in the Philippines)
- Philippines Statistics Authority.(2019). Poverty Statistics Retrieved from https://psa.gov.ph/poverty-statistics
- Department of Agriculture.(n.d.). Comprehensive Agrarian Reform Program. Retrieved from https://www.da.gov.ph/carp/
- Department of Social Welfare and Development.(n.d.). About Us. Retrieved from https://www.dswd.gov.ph/about-us/
- International Rice Research Institute. (2018). Philippines: Masagana 99. Retrieved from https://irri.org/masagana-99
- Philippine Rural Development Project. (n.d.). About PRDP. Retrieved from https://prdp.da.gov.hp/about-prdp/
- https://countryeconomy.com/countries/compare/burma/philippines

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး CRI Myanmar သတင်းဌာနမှ တွေ့ဆုံမေးမြန်းမှုများကို ဖြေကြား

**၁၅-၈-၂၀၂၃ ရက်နေ့မှ ၁၈-၈-၂၀၂၃ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပသည့် (၇)ကြိမ်မြောက် တရုတ် - တောင်အာရှပြပွဲ၊ (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲ ဖွင့်ပွဲ၊ ၂၀၂၃ ခုနှစ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံ အုပ်ချုပ်သူများဖိုရမ်နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ကူမင်းမြို့၌ရောက်ရှိနေသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးအား ၁၈-၈-၂၀၂၃ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ CRI Myanmar သတင်းဌာနမှ တွေ့ဆုံမေးမြန်းခဲ့သည်။**

အဆိုပါ တွေ့ဆုံမေးမြန်းမှု အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မေး။ ။ ပြည်ထောင်စုဝန်ကြီးက ကွမ်ကျိုးခရိုင်ရဲ့ တယ်ဟုန် လွတ်လပ်စွာ ကုန်သွယ်ရေးဇုန်တွေကို သွားရောက်လေ့လာခဲ့တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံရဲ့ လွတ်လပ်စွာကုန်သွယ်ရေးဇုန်တည်ဆောက်ဖို့အတွက် ဘယ်လိုအတွေးအမြင်တွေရှိပါသလဲ။ ပြီးတော့ တရုတ်-မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအတွက် ဘယ်လိုအတွေးအခေါ်တွေရှိပါသလဲရှင်။**

ဖြေ။ ။ ကျွန်တော်ပြီးခဲ့တဲ့ မေလတုန်းက ယူနန်ကို တစ်ခေါက်ရောက်ပါတယ်။ ဒီရောက်ရင်းနဲ့ ကျွန်တော် တယ်ဟုန်ကိုသွားပြီး တယ်ဟုန်ဒေသမှာ ကျွန်တော်တို့ နှစ်နိုင်ငံလုပ်နေတဲ့ နယ်စပ်ကုန်သွယ်မှုကိစ္စတွေကို သွားရောက်ပြီးတော့ ကြည့်ရှုခဲ့ပါတယ်။ အဲဒီမှာ ဖြစ်ပေါ်နေတဲ့ အခက်အခဲတွေကို တတ်နိုင်သမျှ ဖြေရှင်းပေးခဲ့ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံက မူဆယ်နဲ့ ရွှေလီမှာ နှစ်နိုင်ငံနယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ဖို့ရှိပါတယ်။ အဲဒါက နှစ်နိုင်ငံအစိုးရတွေ သဘောတူညီထားပြီးသားဖြစ်ပါတယ်။ ဒါပေမယ့် ကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပွားတော့ လုပ်ငန်းတွေက ရှေ့သိပ်ပြီးတော့ ခရီးမရောက်ခဲ့ဘူး။ ဒါကြောင့်မို့ ကျွန်တော်တို့က နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ မြန်မာနိုင်ငံဘက်မှာ လိုအပ်တဲ့ကော်မတီ၊ ဝန်ကြီးဌာနအသီးသီးက ပုဂ္ဂိုလ်တွေပါတဲ့ ကော်မတီတွေ ကျွန်တော်တို့ ဖွဲ့စည်းထားပါတယ်။ အဲဒီကို ကျွန်တော်တို့ ကော်မတီက တရုတ်နိုင်ငံက ဖွဲ့ထားတဲ့ကော်မတီနဲ့ ပူးပေါင်းပြီး ဆက်လက်အကောင်အထည်ဖော်မှာပါ၊ အဲဒီတော့ ကျွန်တော်တို့က နှစ်နိုင်ငံနယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်ဆိုတာ တကယ်တမ်းတော့ လွတ်လပ်တဲ့ ကုန်သွယ်မှုဇုန်ကြီးတစ်ခု ထူထောင်နိုင်ဖို့ဖြစ်ပါတယ်။ အဲဒီဟာက နှစ်နိုင်ငံလုံးအတွက် ကုန်သွယ်မှုအတွက်ရော ရင်းနှီးမြှုပ်နှံမှုအတွက်ရော များစွာအထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကလည်း နှစ်နိုင်ငံနယ်စပ်မှာနေတဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အများကြီးကောင်းတဲ့ အစီအမံဖြစ်ပါတယ်။ အဲဒီတော့အနာဂတ်မှာ တရုတ်-မြန်မာ နှစ်နိုင်ငံရဲ့ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေက ကျွန်တော်တို့ နယ်စပ်ဒေသစီးပွားရေး လွတ်လပ်စွာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဇုန်နဲ့ ဆက်စပ်ပြီး အများကြီးတိုးတက်ကောင်းမွန်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**မေး။ ။ အချို့သော အနောက်နိုင်ငံများက Belt& Road အဆိုပြုချက်နာမည်ရှိခြင်းဖြင့် တရုတ်နိုင်ငံပုံရိပ်ကို နာမည်ပျက်အောင် လုပ်ချင်နေကြပါတယ်။ Belt & Road အဆိုပြုချက်အပေါ် ဘယ်လိုမြင်ပါသလဲရှင်။ အခုနှစ်က Belt & Road အဆိုပြုချက် ကျင်းပခဲ့တဲ့ (၁၀)နှစ်ပြည့်ဖြစ်ပါတယ်။ တရုတ်-မြန်မာ Belt & Road အတူတကွ တည်ဆောက်ရာမှာ ဘယ်လိုထင်ရှားတဲ့ ရလဒ်တွေ ရရှိခဲ့ပါသလဲ။ မြန်မာနိုင်ငံ ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘယ်လိုအကျိုးပြုနေပါတယ်လို့ ယူဆပါသလဲရှင်။**

ဖြေ။ ။ Belt & Road စီမံကိန်းက အင်မတန်ကောင်းမွန်တဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ Belt & Road နဲ့ ပတ်သက်ပြီး အထူးသဖြင့် တရုတ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်လာတာကို အချို့နိုင်ငံတွေက ပုံရိပ်



ပျက်အောင် ရည်ရွယ်ချက်ရှိရှိနဲ့ Belt & Road အပေါ်မှာ လူတွေအထင်အမြင်လွဲအောင် လှုံ့ဆော်မှုတွေ လုပ်နေကြတာရှိလာပါတယ်။ သတင်းတွေ၊ မီဒီယာတွေကို အားပြုပြီးတော့ သတင်းတွေ အမျိုးစုံထုတ်ခဲ့တယ်။ အထူးသဖြင့် Belt & Road Initiative က တရုတ်နိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ကြွေးမြီထောင်ချောက်ထဲကိုရောက်အောင် တွန်းပို့နေတယ်ဆိုပြီး မဟုတ်မမှန် သတင်းလွှင့်ပါတယ်။ Belt & Road စီမံကိန်းက ဆယ်စုနှစ်၊ လိုအပ်ရင် ရာစုနှစ်ဒီလောက်ထိလုပ်ရမယ့် လုပ်ငန်းဖြစ်ပါတယ်။ ချက်ချင်းအကျိုးအမြတ်ပေါ်ဖို့ မဖြစ်နိုင်ဘူး။ သို့သော်လည်း ချက်ချင်းအကျိုးအမြတ် မပေါ်တာလေးကို ဖွံ့ဖြိုးဆဲနိုင်ငံတွေကို တရုတ်ပြည်ရဲ့ထောင်ချောက်ကို တွန်းပို့နေတယ်ဆိုပြီး မမှန်မကန်ပြောဆိုနေတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း Belt & Road စီမံကိန်းနဲ့ပတ်သက်ပြီး ပါဝင်ဆောင်ရွက်ဖို့ နှစ်နိုင်ငံအစိုးရ သဘောတူထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ Belt & Roadနဲ့ ပတ်သက်ပြီးတော့ အစိုးရကလိုအပ်တဲ့ ကော်မတီဖွဲ့စည်းပြီးတော့ ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံက Belt & Road Initiative မိမိနိုင်ငံတော်နဲ့ မိမိနိုင်ငံသားတွေ၊ မြန်မာနိုင်ငံသားတွေအတွက် အကျိုးရှိမယ့်ကိစ္စမျိုးဆိုရင် အားလုံးပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လတ်တလောမှာ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ လုပ်နေတာရှိပါတယ်။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံက အဓိကကတော့ တရုတ်နိုင်ငံ တယ်ဟုန်-မူဆယ်-ရွှေလီ- မန္တလေးအထိ ရထားလမ်းကတော့ လူလည်းစီးလို့ရမယ်၊ ကုန်တင်လို့လည်း ရမယ်။ နောက်တစ်ခါ မန္တလေးကနေပြီးတော့ ကျောက်ဖြူအထိ ရထားလမ်းတစ်လမ်း၊ မန္တလေး မှရန်ကုန်အထိ ရထားလမ်းတစ်လမ်း၊ ဒီလိုဟာမျိုး ဒီစီမံကိန်းတွေထဲမှာပါတယ်။ အဲဒီစီမံကိန်းနဲ့ ဆက်စပ်ပြီး စင်္ကြံတစ်လျှောက် ပြန်လည်ဖွံ့ဖြိုးမှုစီမံကိန်းတွေလည်းပါတယ်။ သို့သော် ဒီစီမံကိန်းက အင်မတန်ကြီးမားတဲ့ စီမံကိန်းကြီးဖြစ်ပါတယ်။ အဲဒါအတွက် ကျောက်ဖြူစီမံကိန်းက မကြာမီစတင်မယ့် အခြေအနေကို ရောက်နေပါတယ်။ စီမံကိန်းကြီးက တစ်ပြိုင်နက်တည်းသွားမယ်။ မြန်မာနိုင်ငံအတွက် ကုန်သွယ်မှုအတွက်ရော အလုပ်အကိုင်အတွက်ရော အများကြီးအကျိုးအမြတ်ရရှိမယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံ အထည်ချုပ်စက်မှုလုပ်ငန်းရဲ့ အဓိကအားသာချက်က ဘာတွေဖြစ်မလဲလို့ ထင်ပါသလဲ။ တရုတ်-မြန်မာ နှစ်နိုင်ငံ အထည်ချုပ်လုပ်ငန်းက RCEP စတဲ့ ယန္တရားတွေရဲ့အောက်မှာ တံခါးဖွင့်လျက် ဘယ်လိုအကျိုးတူပူးပေါင်းဆောင်ရွက်မှုကို ပြုလုပ်နေပါသလဲ။**

ဖြေ။ ။ အထည်ချုပ်လုပ်ငန်းက မြန်မာနိုင်ငံရဲ့ အားသာချက်က နံပါတ်(၁) ကျွန်တော်တို့ ဆီမှာ လူငယ်လုပ်သားအင်အား အလုပ်လုပ်နိုင်တဲ့ လူတွေအများကြီးရှိပါတယ်။ အထူးသဖြင့် အထည်ချုပ်လုပ်ငန်းထဲမှာ မြန်မာအမျိုးသမီးအများကြီး အလုပ်လုပ်ကြပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လုံလောက်တဲ့ လုပ်သားအင်အား အများအပြားရှိပါတယ်။ နံပါတ်(၂) အထည်ချုပ်လုပ်ငန်းမှာလုပ်တဲ့ အမျိုးသမီးတွေအများစုကလည်း အနည်းဆုံး အခြေခံပညာအလယ်တန်း၊ အထက်တန်းလောက် တတ်ကြပါတယ်။ တချို့လည်းဘွဲ့ရတယ်။ ပညာအရည်အချင်းက အတိုင်းအတာတစ်ခုအထိ တတ်မြောက်ထားကြပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ မြန်မာလူမျိုးတွေက သင်ရပြုရတာလွယ်ကူတယ်။ ကျွန်တော်မြန်မာနိုင်ငံမှာ အထည်ချုပ်လုပ်ငန်းတွေ လုပ်နေတဲ့ လုပ်ငန်းရှင်တွေနဲ့ ခဏခဏတွေ့ဖြစ်ပါတယ်။ တွေ့ဖြစ်တိုင်း ကျွန်တော်မေးတယ်၊ မြန်မာနိုင်ငံက လုပ်သားတွေဘယ်လိုနေလဲ၊ သူတို့ပြောတာက မြန်မာနိုင်ငံက လုပ်သားတွေကသင်ရတာ ခဏလေးနဲ့တတ်တယ်။ ကျန်တဲ့နိုင်ငံတွေမှာ အချိန်ယူရတဲ့ကိစ္စဆို မြန်မာလူမျိုးတွေက ခဏလေးနဲ့ တတ်မြောက်တယ်။ နောက်တစ်ခုက အားလုံးက အလုပ်ကြိုးစားတယ်။ ဒါကမြန်မာနိုင်ငံရဲ့ အားသာချက်ဖြစ်ပါတယ်။ လက်ရှိမှာလည်း မြန်မာနိုင်ငံရဲ့ အထည်ချုပ်လုပ်ငန်းတွေမှာ ဘာတွေအားသာချက်ရှိလဲဆိုတော့ မြန်မာနိုင်ငံကချုပ်တဲ့ အထည်တွေကို ဥရောပနိုင်ငံကို Duty Free၊ Quota Free အကောက်ခွန်လည်း ဆောင်စရာမလိုဘူး၊ အရေအတွက်လည်း အကန့်အသတ်မရှိဘူး ကျွန်တော်တို့က ပို့ပေးလို့ရတယ်။ ကျွန်တော်တို့ အထည်ချုပ်ကဏ္ဍမှာ ကြည့်လိုက်ရင် အနောက်နိုင်ငံကုမ္ပဏီကြီးတွေက လာရောက်ပြီး ဆောင်ရွက်နေတာ အများကြီးရှိတယ်။ အထူးသဖြင့် ဟောင်ကောင်လည်းလာတယ်၊ ကိုရီးယားလည်းလာတယ်၊ ဂျပန်လည်းလာတယ်၊ တရုတ်နိုင်ငံလည်းလာတယ်။ အခုလည်းထပ်ပြီးတော့ လုပ်ငန်းတွေထပ်မံတိုးချဲ့ပြီး လုပ်နိုင်ဖို့ လျှောက်ထားတာတွေ အများကြီးရှိပါတယ်။ အဲဒီတော့ဒါက မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဖြစ်တယ်။ နောက်တစ်ခုက RCEP မပေါ်ခင်ကတည်းက အာဆီယံနဲ့ ဂျပန်၊ အာဆီယံနဲ့ကိုရီးယား၊ အာဆီယံနဲ့တရုတ်၊ အာဆီယံနဲ့ ဩစတေးလျ၊ နယူးဇီလန်စတဲ့ သဘောတူညီချက်တွေရှိ ထားခဲ့ပြီးသား၊ အဲဒီကတည်းက မြန်မာနိုင်ငံရဲ့ အထည်တွေက အာဆီယံနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ နိုင်ငံတွေကို လွတ်လွတ်လပ်လပ်နဲ့ အရေအတွက် များများစားစားတင်ပို့တာ တွေ့ရပါတယ်။ ကျွန်တော်တို့ အထည်ချုပ်ကဏ္ဍက တော်တော်လေး ကြီးထွားလာတယ်။ မနှစ်က ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အထည်ချုပ်ကနေပြီးတော့မှ နိုင်ငံခြားကိုတင်ပို့တဲ့ တန်ဖိုးပမာဏစုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၅၀၀၀ လောက်ရှိပါတယ်။ အဲဒီတော့ အထည်ချုပ်ကဏ္ဍအများကြီး အလားအလာကောင်းပါတယ်။

**မေး။ ။ သမ္မတရှီကျင့်ဖျင်က ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အဆိုပြုချက်ထဲမှာ ဖွံ့ဖြိုးတိုးတက်မှု ဦးစားပေးခြင်းကို ဆွဲကိုင်ထားတဲ့ ပြည်သူလူထုဗဟိုပြုခြင်းကို ဆွဲကိုင်ထားခြင်း၊ လူသားနှင့် သဘာဝသဟဇာတဖြစ်စွာ အတူယှဉ်တွဲနေထိုင်ရေးကိုဆွဲကိုင်ထားခြင်း အဲဒီမှာ ထည့်သွင်းပြောကြားခဲ့တယ်။ အဆိုပါဆွဲကိုင်ထားခြင်းသုံးရပ်အပေါ် ဘယ်လိုယူဆပါသလဲ။ ပြီးတော့ တရုတ်နိုင်ငံက အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းမှာ ဆောင်ရွက်ချက်တွေအပေါ် ဘယ်လို ယူဆပါသလဲ။ မြန်မာနိုင်ငံအနာဂတ် ဖွံ့ဖြိုးတိုးတက်ရာမှာ ပတ်ဝန်းကျင်မထိခိုက်ဖို့ ဘယ်လိုဆောင်ရွက်ချက်တွေ ရှိပါသလဲ။**

ဖြေ။ ။ ပထမဆုံး သမ္မတကြီးရှီကျင့်ဖျင်ရဲ့ Global Development Initiative ဒါလည်း ကုလသမဂ္ဂအပါအဝင် နိုင်ငံတွေတော်တော်များများ လက်ခံထားတဲ့ အလွန်ကောင်းတဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုတစ်ခုတည်း မကြည့်ဘဲ အားလုံးမျှမျှတတ ပတ်ဝန်းကျင်ထိန်းသိမ်းမှုနဲ့ နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဟာ အင်မတန်ကျယ်ပြန့်ပြီး အမြော်အမြင်ရှိတဲ့ အစီအစဉ်တစ်ခုလို့ ကျွန်တော်မြင်ပါတယ်။ Global Development Initiative ဟာ တစ်ကမ္ဘာလုံးအတွက် သမ္မတကြီးရှီကျင့်ဖျင်ရဲ့ အမြော်အမြင်ကြီးမားမှုတစ်ခုလို့ ကျွန်တော်မြင်ပါတယ်။ ဒါဟာ အင်မတန်ကောင်းမွန်တဲ့ အစီအစဉ်ဖြစ်ပါတယ်။ အထူးသဖြင့် ပြည်သူလူထုဗဟိုပြုတဲ့ အစီအစဉ်ဟာ နိုင်ငံတိုင်းက မဖြစ်မနေထည့်သွင်းစဉ်းစားရမယ့် အစီအစဉ်ဖြစ်ပါတယ်။ အခု ၂၁ ရာစုဆိုရင် ပြည်သူလူထုရဲ့ အခန်းကဏ္ဍဟာ ပိုပြီးအရေးကြီးလာပါတယ်။ အရေးကြီးလာတော့ ပြည်သူလူထုကို ဦးစားပေးပြီး ဗဟိုပြုပြီးတော့ စဉ်းစားတာဟာ အင်မတန်ကောင်းပါတယ်။ နောက် သဘာဝပတ်ဝန်းကျင်ကို လွန်ခဲ့တဲ့ဆယ်စုနှစ်ပေါင်းများစွာက ဂရုမစိုက်ခဲ့တဲ့အတွက် အဲဒီအကျိုးဆက်တွေဟာ ဒီနေ့မှာ ရာသီဥတုဖောက်ပြန်တာတွေ၊ ရာသီဥတုပြောင်းလဲတာတွေ ဒါတွေရဲ့အကျိုးဆက်တွေ အများကြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ သဘာဝပတ်ဝန်းကျင်နဲ့ ဖွံ့ဖြိုးတိုးတက်မှုကို မျှမျှတတ ဆောင်ရွက်တာ အင်မတန်ကောင်းတဲ့ အစီအစဉ်ဖြစ်ပါတယ်။ တရုတ်နိုင်ငံရောက်တဲ့အခါ နေရာတိုင်းသွားကြည့်လိုက်ရင် ပတ်ဝန်းကျင်ထိန်းသိမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီအောင် တရုတ်အစိုးရက ကြိုးစားလုပ်ဆောင်နေတာတွေ့ရတာ အများကြီး နမူနာယူဖို့ကောင်းပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း သဘာဝပတ်ဝန်းကျင်ကို ဦးစားပေးတဲ့ အစီအစဉ်တစ်ခုအနေနဲ့ ထိန်းသိမ်းဆောင်ရွက်နေပါတယ်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ၊ စက်ရုံတွေ တည်ဆောက်တဲ့အခါ လူနေအဆောက်အအုံတွေ၊ ကုန်တိုက်တွေ၊ဟိုတယ်တွေစသဖြင့်တည်ဆောက်တဲ့ အခါမှာ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဥပဒေအရ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်တွေကို မဖြစ်မနေလုပ်ရမယ်လို့ ဥပဒေအရ ပြဋ္ဌာန်းထားပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အရေးကြီးတဲ့ကဏ္ဍတစ်ရပ်အနေနဲ့ ဆောင်ရွက်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လုပ်နေတဲ့ လုပ်ငန်းစဉ်တွေနဲ့ သမ္မတကြီးရှီကျင့်ဖျင်ရဲ့ Global Development Initiative နဲ့ အတော်လေး သဟဇာတဖြစ်ပါတယ်။ **စာမျက်နှာ ၉ သို့**

# လွိုင်ကော်မြို့၌ အဆင့်မြင့်ကတ္တရာကွန်ကရစ်လမ်း ခင်းကျင်းနေမှုများ၊ ကျောက်စီရေနုတ်မြောင်းများနှင့် အမြင့်တင်ရေစင် ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



လွိုင်ကော် ဩဂုတ် ၂၆

ကယားပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်၏ မြို့တော်ဖြစ်သော လွိုင်ကော်မြို့အား မြို့တော် အင်္ဂါရပ်နှင့်အညီ ဘက်ပေါင်းစုံ ဆောင်ရွက်ပေး လျက်ရှိရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ပြည်နယ်လမ်း ဦးစီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ ဆောင်ရွက်နေသည့် လွိုင်ကော်မြို့တွင်းလမ်းများ၏ လမ်းအရည်အသွေးဆိုင်ရာ လုပ်ငန်းစဉ်များ ပြည့်စုံ မှန်ကန်ကိုက်ညီမှုရှိစေရေးနှင့် လမ်းအဆင့်မြှင့်တင် ရေးတို့အတွက် အဆင့်မြင့်ကတ္တရာကွန်ကရစ်လမ်း ခင်းကျင်းနေမှုများ၊ လွိုင်ကော်မြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေရေး၊ မြို့တွင်းရေစီးရေလာ ကောင်းမွန်စေရေးတို့အတွက် ကျောက်စီရေမြောင်း အဖုံးပါ ရေနုတ်မြောင်းနှင့် အမြင့်တင်ရေစင် ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူ များသည် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ရွာ များ သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် လွိုင်ကော်မြို့ မင်းစု ရပ်ကွက် သုခလမ်းရှိ ကျောက်စီရေမြောင်းအဖုံးပါ ရေနုတ်မြောင်းများ အဆင့်မြှင့်ဆောင်ရွက်နေမှုများ၊ ပြည်သူများ ရာသီမရွေးသောက်သုံးရေ ဖူလုံလောက်င စွာ ရရှိသုံးစွဲနိုင်ရေးအတွက် ဒေါ်တမရပ်ကွက်ရှိ ဂါလန် ၁၂၀၀၀ ဆံ့ အမြင့်တင်ရေစင် ဆောက်လုပ်နေမှု များနှင့် ဒေါ်တမရေလှောင်ကန်ကို ကြည့်ရှုစစ်ဆေး ကြပြီး ဆောင်ရွက်မှုလုပ်ငန်းများ စနစ်တကျဖြစ်စေ ရေး၊ ကာလရှည်အသုံးပြုနိုင်ရေးအတွက် မျှော်မှန်းပြီး စနစ်တကျ ဆောင်ရွက်နိုင်ရေးတို့ကို လမ်းညွှန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများက ပြည်နယ်အတွင်း ကျေးရွာပေါင်း ၂၇ ရွာအား အကျိုးပြုမည့် ပြည်နယ်လမ်းဦးစီးမှ ဆောင်ရွက်နေ သော လွိုင်ကော်-လောပိတလမ်းမကြီး၌ ၁၂ မိုင် ၂ ဖာလုံရှိ အဆင့်မြင့်ကတ္တရာကွန်ကရစ်လမ်း ဆောင်ရွက်နေမှုနှင့် ဆက်စပ်လုပ်ငန်းဖြစ်သော လမ်းပခုံးခင်းနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ပြည်သူများ ပိုမိုအဆင်ပြေချောမွေ့စွာ ယာဉ်အသုံးပြု သွားလာနိုင်ရေးအတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နိုင်ငံတကာအနုပညာဗဟိုဌာနကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တစ်ခုစီဆောက်လုပ်ခဲ့ရာ အကြမ်းထည်များ ပြီးစီး



မန္တလေး ဩဂုတ် ၂၆

နိုင်ငံတကာအနုပညာဗဟိုဌာန (မန္တလေး) အဆောက်အအုံလက်ခံရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သုံးထပ်ဆောင်အစည်း အဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံ တကာအနုပညာဗဟိုဌာန(မန္တလေး) အဆောက်အအုံ လက်ခံရေးအဖွဲ့ဝင်များ၊ အရည်အသွေး စံချိန်စံညွှန်း စိစစ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သဘောတူ စာချုပ်ပါလုပ်ငန်းများ စိစစ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ နိုင်ငံတကာအနုပညာဗဟိုဌာန(မန္တလေး) အဆောက်အအုံလက်ခံရေးအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကား ပြောကြားရာတွင် နိုင်ငံတကာအနုပညာဗဟိုဌာနကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တစ်ခုစီဆောက် လုပ်ခဲ့ရာ အကြမ်းထည်များ ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ဆောက်လုပ်ဆဲ ရန်ကုန်မြို့မှ အဆောက်အအုံကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက လည်းကောင်း၊ မန္တလေးမြို့မှ အဆောက်အအုံကို ပြန်ကြားရေးဝန်ကြီးဌာနက လည်းကောင်း လက်ခံ ရယူ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားရန်ရှိပါ ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနက လွှဲပြောင်း လက်ခံရာတွင် အရည်အသွေးစံချိန်စံညွှန်းစိစစ်ရေး အဖွဲ့အနေဖြင့် တည်ဆောက်ထားသည့် အဆောက် အအုံ၏ ဒီဇိုင်း၊ အတိုင်းအတာနှင့် အသုံးပြုထားသည့် ဆောက်လုပ်ရေးပစ္စည်းများသည် မူလစာချုပ်ပါ ဒီဇိုင်းနှင့် လျာထားချက်ငွေများအတိုင်း တိကျ မှန်ကန်စွာ ဆောင်ရွက်ထားခြင်း ရှိ/မရှိ၊ သတ်မှတ် အရည်အသွေး၊ စံချိန်စံညွှန်းများအတိုင်း တည် ဆောက်ထားခြင်း ရှိ/မရှိ လက်ခံရန် လိုအပ်ပါ ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများတွင် အရည် အသွေး စိစစ်ရေးအဖွဲ့အဆင့်ဆင့် စစ်ဆေးဆောင်ရွက် ထားမှု ရှိ/မရှိ စိစစ်ပေးကြရန် ဆောင်ရွက်ပေးကြစေ လိုပါကြောင်း၊ သဘောတူစာချုပ်ပါလုပ်ငန်းများ စိစစ်ရေးအဖွဲ့အနေဖြင့် သဘောတူစာချုပ်ပါ စည်းကမ်း များအတိုင်း ငွေပေးချေထားမှုအခြေအနေများ ထုတ်ယူရရှိသည့် ငွေကြေးများနှင့်ပတ်သက်၍ သက်ဆိုင်ရာကုမ္ပဏီက နိုင်ငံတော်သို့ အခွန်ပေးဆောင် မှုအခြေအနေ လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးမှု ရှိ/မရှိ၊ ပြီးစီးမှုမရှိပါက မည်သည့်အကြောင်း ကြောင်းကြောင့် ကြန့်ကြာမှုရှိခဲ့သည်တို့ကို စိစစ်ပေး ကြစေလိုပါကြောင်း၊ ၎င်းစိစစ်မှုများ ပြီးစီးမှသာ အဆောက်အအုံကို အမြန်ဆုံးလွှဲပြောင်းလက်ခံနိုင် မည်ဖြစ်ပါကြောင်း၊ လွှဲပြောင်းလက်ခံပြီး အဆောက် အအုံပြီးစီးအောင် ဆက်လက်ဆောက်လုပ်ရမည့် လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ စိစစ်ရေးအဖွဲ့များအနေဖြင့် တိတိကျကျ မှန်မှန် ကန်ကန်နှင့် မြန်မြန်ဆန်ဆန် စိစစ်ပေးကြစေလိုပါ ကြောင်းနှင့် လက်ခံပြီးပါက တည်ဆောက်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးမျိုးမြင့်မောင်၊ အတွင်းရေးမှူး ဦးအေးကြွယ်တို့က ဆက်လက်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေး ကြသည်။ ၎င်းနောက် ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အဆောက်အအုံလက်ခံရေးအဖွဲ့မှ တာဝန်ရှိသူများ နှင့်အတူ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း ပေါ်ရှိ နိုင်ငံတကာအနုပညာဗဟိုဌာန(မန္တလေး) အဆောက်အအုံကို သွားရောက်ကြည့်ရှုစစ်ဆေးကြခဲ့ သည်။

**သတင်းစဉ်**

❍ စာမျက်နှာ ၈ မှ

မေး - (၇)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲမှာ မြန်မာနိုင်ငံဟာ အဓိကဧည့်သည် တော်နိုင်ငံအနေနဲ့ ဘာတွေပြင်ဆင်မှုလုပ်ခဲ့သလဲ၊ ကမ္ဘာကြီးဆီကို မြန်မာနိုင်ငံရဲ့စွမ်းဆောင်မှုကို ဘယ်လိုပြသ တင်ဆက်ထားပါသလဲ။

ဖြေ - ကျွန်တော်တို့က တရုတ်-တောင်အာရှ ကုန်စည်ပြပွဲမှာ နှစ်စဉ်ပါဝင်ပြသပါတယ်။ ဟိုးအရင် ကူမင်း ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲမှာလည်း နှစ်တိုင်း မြန်မာနိုင်ငံကပါတယ်။ ကျွန်တော် ပြီးခဲ့တဲ့ မေလကလာတဲ့အခါမှာ ယူနန်ပြည်နယ် ပါတီ အတွင်းရေးမှူးနဲ့ နေ့လယ်စာ အတူသုံးဆောင်တဲ့ အခါမှာ ဒီနှစ်မှာ မြန်မာနိုင်ငံကို ဂုဏ်ထူးဆောင်နိုင်ငံ အဖြစ် ရွေးချယ်ထားတယ်ဆိုတာကိုလည်း သတင်း ကောင်းလေး ပြောလိုက်ပါတယ်။ မြန်မာနိုင်ငံက လည်း ဒီဟာအတွက် သေချာလေးကို ပြင်ဆင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကုန်စည်တစ်ခုထဲပြသရုံ သာမကဘဲ ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ မြန်မာလူမျိုး တွေရဲ့ဖော်ရွေမှု၊ မြန်မာလူမျိုးတွေရဲ့ မိမိစားသုံးသူ ပေါ်မှာ စေတနာထားမှု ဒါတွေအားလုံး ပေါင်းစပ် ပြီးတော့ပြင်ဆင်ပါတယ်။ ပါဝင်ပြသတဲ့ ပုဂ္ဂိုလ်တွေ လည်း ၁၂၀ ကျော်လောက်ရှိပြီး တော်တော်လေးများပါ တယ်။ ကျွန်တော်တို့ဘက်က ပါဝင်ပြသသူတွေအပြင် သက်ဆိုင်ရာ ဌာနတွေကအရာရှိတွေလည်း အများကြီး ပါပါတယ်။ ကိုယ့်ကဏ္ဍအလိုက်၊ ကဏ္ဍအလိုက် လုပ် ကြပါတယ်။ ကျွန်တော့်ဝန်ကြီးဌာနကလည်း အရာရှိ တွေ အများကြီးပါတယ်။ နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကလည်း ဖျော်ဖြေတဲ့အဖွဲ့၊ ရိုးရာအက ကတဲ့အဖွဲ့တွေက ဖျော်ဖြေတဲ့ အနုပညာရှင် တွေက ယဉ်ကျေးမှုအကပဒေသာများကို နေ့စဉ်ကပြ ဖျော်ဖြေပေးပါတယ်။ (၇)ကြိမ်မြောက် တရုတ်-တောင် အာရှ ကုန်စည်ပြပွဲမှာ ကျွန်တော်တို့ ပါဝင်ခွင့်ရတာ ဂုဏ်ယူပါတယ်။ နောက်နှစ်တွေမှာလည်း ဆက်လက် ပါဝင်မှာဖြစ်ပါတယ်။ တစ်နှစ်ထက်တစ်နှစ် ပိုပြီးတော့ မြန်မာ ထုတ်ကုန်တွေနဲ့ ခရီးသွားကဏ္ဍမြှင့်တင်ရေး လုပ်ငန်းတွေကို ပိုပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# မိုးနဲမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

မိုးနဲ ဩဂုတ် ၂၆

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း နမ့်မော် ဆွမ့်ကျေးရွာအုပ်စု ခုတ်စက် ကျေးရွာတွင် အကောင်အထည် ဖော်ဆောင်ရွက်မည့် မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၂၅ ရက်က အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။



ဦးစွာ မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ယိင်းလောဝ် ခမ်းက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်ရန်ပုံငွေမှ အရင်းမပျောက်လည်ပတ်ရန်ပုံ ငွေအဖြစ် ငွေကျပ်သိန်း ၁၀၀ ကို မတည်ပေးခြင်းဖြစ်၍ ကျေးရွာ အတွင်းရှိ အိမ်ထောင်စုများထံ သက်သာသော အတိုးနှုန်းဖြင့် ထုတ်ချေးပြီးရန်ပုံငွေတိုးပွားလာ စေကာ ရေရှည်တည်တံ့ အောင်မြင် အောင် အထူးအလေးထားလည် ပတ်ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူ များက နိုင်ငံတော်ရန်ပုံငွေမှ အရင်း မပျောက် လည်ပတ်ရန်ပုံငွေအဖြစ် ငွေကျပ်သိန်း ၁၀၀ ကို ကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်း အဖွဲ့မှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

(ယမန်နေ့မှအဆက်)

နိုင်ငံတော်အကြီးအကဲအနေဖြင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများကိုမှာကြားရာတွင် "စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းရှိလိုအပ်သော အခြေခံစားသောက်ကုန်ပစ္စည်းများကို ပြည်တွင်း၌ အလုံအလောက်ထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ချည်မျှင်နှင့်အထည်အလိပ်များ၊ နို့နှင့်နို့ထွက်ပစ္စည်းများ၊ ရော်ဘာအခြေခံထုတ်ကုန်ပစ္စည်းလိုအပ်ချက်များကို နှစ်စဉ်ပြည်ပမှတင်သွင်းနေရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ နွားမွေးမြူရေး၊ ဝါနှင့်ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်ပြီး ပြည်ပသို့ ကုန်ကြမ်း (Raw Material) တင်ပို့ခြင်းထက် ပြည်တွင်း၌ တန်ဖိုးမြှင့်ထုတ်ကုန်များ (Value Added) တင်ပို့ထုတ်လုပ်နိုင်မည်ဆိုပါက သွင်းကုန်ပမာဏကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ပြည်ပသွင်းကုန်များကို အတတ်နိုင်ဆုံးလျှော့ချနိုင်မည်ဆိုလျှင် FESC အနေဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုကို အားပေးနိုင်မည်ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း များစွာဖော်ဆောင်ပေးနိုင်မည်ဖြစ်သောကြောင့် အောင်မြင်အောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း"မှာကြားခဲ့ကြောင်း၊ ရော်ဘာထုတ်လုပ်မှုနှင့်ပတ်သက်၍ ရော်ဘာများဆိုလျှင် တင်သွင်းသည့် Item များတွင် ကားတာယာအစရှိသည်များပါဝင်ကြောင်း၊ ကားတာယာကြီးများကို မထုတ်လုပ်နိုင်သေးလျှင် ပြည်တွင်း၌ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ သုံးဘီးတာယာအစရှိသဖြင့်ထုတ်လုပ်၍ အစားထိုးသွင်းကုန်အနေဖြင့် ထုတ်လုပ်နိုင်ခြင်းအားဖြင့် Import Substitution သွင်းကုန်သွင်းရမည့်ပမာဏများ နည်းသွားမည်ဖြစ်ကြောင်း၊ MSME ၏ ထုတ်ကုန်များလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ကျေးလက်နှင့်မြို့ပြ၏လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းနိုင်မည်ဖြစ်သောကြောင့် ပြည်တွင်းထွက်ကုန်ကြမ်းများနှင့် MSME များ၏ ဖွံ့ဖြိုးမှုကြားကိုချိတ်ဆက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း ပြောကြားသည်။

## ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်

ထို့အတူ စီးပွားရေးဦးတည်ချက်၏ တတိယအချက်တွင် " ပြည်တွင်း စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်၍ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိစေရန် ဆောင်ရွက်ပြီး နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး"ဟူ၍ ချမှတ်ထားကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲအနေဖြင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာများကို ပန်းတိုင်အထွက်နှုန်း ပြည့်မီအောင်ဆောင်ရွက်ရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆီထွက်သီးနှံစိုက်ပျိုးမှု လျာထားချက်ကေကို ပြည့်မီအောင် ဆောင်ရွက်နိုင်စေရေးနှင့် အထွက်နှုန်းပြည့်မီရေးတို့ကို ကြိုးစားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း၊ စိုက်ပျိုးရေးတွင် Extensively နှင့် Intensively ဆိုပြီး ဧကတိုးချဲ့ စိုက်ပျိုးခြင်းသည် Extensive ဖြစ်ကြောင်း၊ စိုက်ပျိုးဧကများတွင် သီးထပ်သီးညှပ်နှင့်အတူ မနားဘဲစိုက်ပျိုးသည့်အနေအထားများသည်လည်း အထွက်နှုန်းများကို တိုးတက်စေမည်ဖြစ်ကြောင်း၊ နည်းပညာ၊ မျိုးကောင်းမျိုးသန့်နှင့် ရေရရှိမှုများကို ပေါင်းစပ်လျှင် စားသုံးဆီဖူလုံမှုကို ပို၍အကျိုးရှိစေမည်ဖြစ်ကြောင်း၊ ဥပမာအနေဖြင့် အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီထုတ်လုပ်သော်လည်း ကိုယ်တိုင်မစားသုံးကြောင်း၊ ၎င်းတို့သည် ယူကရိန်းဘက်မှ နေကြာဆီကိုတင်သွင်းစားသုံးကြကြောင်း၊ ၎င်းတို့ထုတ်သည့် စားအုန်းဆီများကို မိမိတို့နိုင်ငံသို့ ရောင်းချကြောင်း၊ သို့သော် ရုရှား-ယူကရိန်းပဋိပက္ခကြောင့် အင်ဒိုနီးရှားနိုင်ငံသို့ စားသုံးဆီများ တင်သွင်းရသည့်အခါတွင် တင်သွင်းမှုခက်ခဲသောကြောင့် မိမိတို့နိုင်ငံသို့လည်း စားအုန်းဆီတင်ပို့မှုကို ရပ်လိုက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် စားအုန်းဆီဈေးနှုန်းများ ဈေးတက်ရခြင်းဖြစ်ကြောင်း၊ မိမိဆိုလိုသည်မှာ ပြည်တွင်းထုတ်လုပ်မှုကို အောင်မြင်သေချာအောင် ထုတ်လုပ်မှသာလျှင် အခြားနိုင်ငံများကို မှီခိုအားထားရသည့် ကိစ္စရပ်များ လျော့ကျသွားမည်ဖြစ်ကြောင်း၊ အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးတွင် မြန်မာနိုင်ငံမှ အာဆီယံစီးပွားရေးဝန်ကြီးက အင်ဒိုနီးရှားအနေဖြင့် ဤကဲ့သို့ မလုပ်သင့်ကြောင်း၊ ဒေသတွင်းနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံမှ အရေးကြီးကုန်စည်ကို တင်သွင်းနေရသောကြောင့် ဒေသတွင်း၌ Share လုပ်ပြီး ဆောင်ရွက်သင့်သည်ကို ဆွေးနွေးခဲ့ကြောင်း၊ ထိုအချိန်တွင် စင်ကာပူ၊ ဘရူနိုင်းတို့မှ စီးပွားရေးဝန်ကြီးများက ၎င်းတို့သည်လည်း တင်သွင်းစားသုံးသည့် နိုင်ငံများဖြစ်သောကြောင့် အလားသဏ္ဍာန်တူစွာ ထောက်ခံဆွေးနွေးခဲ့ကြကြောင်း ပြောကြားသည်။

> ❝ဈေးနှုန်းအဆမတန်မြင့်တက်လာစေရန် လှုံ့ဆော်လိုသည့် ဝိသမလောဘနှင့်အတူ ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သင့်တင့်မျှတသည့် အမြတ်ရရှိရန်လိုကြောင်း၊ သမာသမတ်ကျစေလိုကြောင်း၊ အထူးသဖြင့် ဝင်ငွေ Limit ဖြစ်နေသည့် လူအများစု၊ အိမ်ထောင်စုများအတွက် အရေးကြီးသော အခြေခံကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အထူးသဖြင့် ဈေးနှုန်းတည်ငြိမ်ရေး၊ ဈေးကွက်တည်ငြိမ်ရေးကိုရည်မှန်းပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဈေးနှုန်းများကျလျှင် ထုတ်လုပ်သူများရှုံးမည်ဖြစ်ပြီး ဈေးနှုန်းများစွာတက်လျှင်လည်း စားသုံးသူများအတွက် မကောင်းကြောင်း၊ ထို့ကြောင့် ဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်စေရန် အရေးကြီး❞

## အခြေခံကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နိုင်ငံများသည် မိမိတို့အကျိုးစီးပွားကို ပိုဦးစားပေးကြကြောင်း၊ မိမိနိုင်ငံ အခက်အခဲဖြစ်တော့မည်ဆိုပါက ပုံမှန်တင်သွင်းနေသည်များကို လျှော့ခြင်း၊ ရပ်ပစ်ခြင်းများရှိကြောင်း၊ ထို့ကြောင့် မိမိတို့ပြည်တွင်းထုတ်လုပ်မှုတွင် မိမိစားသုံးမှုကို ဖူလုံအောင်ထုတ်လုပ်နိုင်ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် မူဝါဒကိစ္စရပ်များသည် FESC တွင် နိုင်ငံခြားငွေစီမံခန့်ခွဲမှုများကိုလည်း တင်သွင်းမှုကိစ္စရပ်၊ တင်ပို့မှုကိစ္စရပ်များသည် ငွေစီးဝင်လာမှုနှင့်စီးထွက်လာမှုကို ပြဋ္ဌာန်းပေးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် FESC အနေဖြင့် နိုင်ငံတော်၏မူဝါဒများနှင့်အညီ ဆက်စပ်ချိတ်ဆက်ဆောင်ရွက်သည့်အနေအထားကို မိမိအနေဖြင့် တင်ပြခြင်းဖြစ်ကြောင်း၊ မိမိရှေ့က မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ရှင်းလင်းပြောကြားသွားသည့်အတိုင်း Online Platform နှင့် အမေရိကန်ဒေါ်လာကို ရောင်းချပေးရာတွင်ရောင်းသူများ (Sellers) နှင့် ဝယ်သူများ(Buyers) Online တွင် ဆောင်ရွက်ကြခြင်းကြောင့် ဈေးကွက်၌ပို၍ အဆင်ပြေချောမွေ့သည့် အနေအထားမျိုးဖြစ်လာကြောင်း၊ ထို့ကြောင့် FESC မှ ခွင့်ပြုပေးလိုက်သည့် လိုင်စင်များအတွက်ဆိုလျှင် အထူးသဖြင့် မိမိရှေ့ကပြောခဲ့သည့် ဆီနှစ်ဆီဖြစ်ကြောင်း၊ နိုင်ငံတော်က ပံ့ပိုးပေးထားသည့် Rate အပြင်အမြင့်ဆုံးဝယ်ရသည့် Rate သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ Online Platform ဖြင့် ရောင်းချပေးနေသည့် အမေရိကန် တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၂၈၂၂ ကျပ် Rate ဖြင့်သာ ဝယ်ယူရခြင်းဖြစ်ကြောင်း၊ ဈေးကွက်ထဲ၌ ပြောနေသည့်အတိုင်း တစ်ဒေါ်လာလျှင် ၃၀၀၀ ကျပ်ကျော်၊ ၄၀၀၀ နီးပါးဖြစ်သည်ကို ကြားသိရကြောင်း၊ ၃၀၀၀ ကျော်ဈေးနှုန်းဖြင့် ဝယ်ထားခြင်းမဟုတ်ကြောင်း၊ ဈေးနှုန်းအဆမတန်မြင့်တက်လာစေရန် လှုံ့ဆော်လိုသည့် ဝိသမလောဘနှင့်အတူ ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သင့်တင့်မျှတသည့် အမြတ်ရရှိရန်လိုကြောင်း၊ သမာသမတ်ကျစေလိုကြောင်း၊ အထူးသဖြင့် ဝင်ငွေ Limit ဖြစ်နေသည့် လူအများစု၊ အိမ်ထောင်စုများအတွက် အရေးကြီးသော အခြေခံကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ FESC အနေဖြင့် ဈေးနှုန်းတည်ငြိမ်စေလိုကြောင်း၊ အထူးသဖြင့် ဈေးနှုန်းတည်ငြိမ်ရေး၊ ဈေးကွက်တည်ငြိမ်ရေးကိုရည်မှန်းပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဈေးနှုန်းများကျလျှင် ထုတ်လုပ်သူများရှုံးမည်ဖြစ်ပြီး ဈေးနှုန်းများစွာတက်လျှင်လည်း စားသုံးသူများအတွက် မကောင်းကြောင်း၊ ထို့ကြောင့် ဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်စေရန် အရေးကြီးကြောင်း၊ ထို့ကြောင့် မိမိ တို့ FESC ကော်မတီအနေဖြင့် ဈေးနှုန်းတည်ငြိမ်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

## စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ဆောင်ရွက်

ထို့ကြောင့် ယနေ့တင်ပြမှုသည် FESC ၏ ဆောင်ရွက်မှုအခြေအနေ၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ဆောင်ရွက်နေမှုအခြေအနေ၊ သာမန်အမြတ် (Normal Profit) အနေအထားကို လက်ခံနိုင်သော်လည်း စီးပွားရေးကဏ္ဍတွင် ဝိသမလောဘကို ရှေ့တန်းမတင်ဘဲ ကျင့်ဝတ်များနှင့်အညီ ပူးပေါင်းဆောင်ရွက်မည့် ပုဂ္ဂလိကကဏ္ဍနှင့် စီးပွားရေးအသိုက်အဝန်းတို့ လိုအပ်ပါကြောင်း၊ မိမိအနေဖြင့် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တွင် တာဝန်ထမ်းဆောင်ခဲ့သည့်အတွက် အတွေ့အကြုံတစ်ခုအနေဖြင့် ကျန်ခဲ့သည့်နှစ်များတွင် စီးပွားရေးလုပ်ငန်းရှင်များသည် အကြီးအကဲများနှင့်တွေ့ဆုံလျှင် မိမိတို့ အစည်းအဝေးများတက်ရကြောင်း၊ အကြီးအကဲများအနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်း၊ ပြည်တွင်း ထုတ်လုပ်မှုလုပ်ငန်းများကို Protection ကာကွယ်ပေးစေလိုကြောင်း၊ ပြည်ပမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများကို မယှဉ်ပြိုင်နိုင်ခြင်း စသည်တို့ကိုလည်း အကြီးအကဲများကို ပြန်လည်တင်ပြလေ့ရှိကြောင်း၊ ယခုအချိန်သည် စီးပွားရေးလုပ်ငန်းရှင်များအတွက် အကောင်းဆုံးအချိန်ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများကို တွန်းအားပေးခြင်း၊ MSME ကဏ္ဍများကို ဦးစားပေးခြင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို သွင်းကုန်အစားထိုးရန် အကောင်းဆုံးအခြေအနေဖြစ်ကြောင်း၊ ထို့ကြောင့် မူဝါဒအရအားပေးနေသည့် အခြေအနေများတွင် ဆောင်ရွက်ခြင်းအားဖြင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ရင်းနှီးမြှုပ်နှံမှုများကို ထုတ်လုပ်နိုင်စွမ်းရှိသည့် ရင်းနှီးမြှုပ်နှံမှုအဖြစ်သို့ ကူးပြောင်းစေမည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက ပုဂ္ဂလိက ကဏ္ဍများတွင် ရွှေဈေးကွက်၊ မြေဈေးကွက်၊ ကားဈေးကွက်၌ လှည့်ပတ်နေသည့် အရင်းအနှီးအလုံးအရင်းတစ်ခုသည် အမြီးကျက်အမြီးစား ခေါင်းကျက်ခေါင်းစားဖြစ်နေကြောင်း၊ ထိုလှိုင်းဂယက်ကြီးထဲတွင် လိုက်ပါစီးဆင်းနေသည့် အနေအထားဖြစ်ကြောင်း၊ ထိုအနေအထားမျိုးမဟုတ်ဘဲ Protective ဖြစ်ပြီး ထုတ်လုပ်နိုင်စွမ်းရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ဆောင်ရွက်ခြင်းအားဖြင့် ယခုကဲ့သို့ ဈေးကစားခြင်းများသည် Absorb ဖြစ်သွားမည်ဖြစ်ကြောင်း၊ အရင်းအနှီးအလုံးအရင်းကြီးတစ်ခုကို အားမနေစေရန်၊ ပို၍ Protective ဖြစ်စေရန် ဆောင်ရွက်နိုင်သည့် အနေအထားမျိုးကိုလည်း ဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ကြောင့် ဈေးကွက်နှင့်ဈေးနှုန်း တည်ငြိမ်စေရန်၊ နိုင်ငံတော်နှင့်ပြည်သူများအတွက် နိုင်ငံခြားငွေစီးဝင်မှုနှင့်စီးထွက်မှုကို စနစ်တကျနှင့်မှန်ကန်စေရန် နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များအားလုံး ပူးပေါင်းပါဝင်ကြရမည်ဖြစ်ပါကြောင်း၊ စားသုံးသူပြည်သူများအနေဖြင့်လည်း ထိတ်လန့်ပြီး ဝယ်ယူမှုများမဖြစ်စေရန် လိုအပ်ကြောင်း၊ ဈေးနှုန်းသည် Demand နှင့် Supply ရောင်းလိုအားနှင့် ဝယ်လိုအားဖြစ်ကြောင်း၊ ကြောက်အားလန့်အားဖြင့် ဝယ်ယူလေ ဈေးနှုန်းပိုတက်လေဖြစ်ပြီး ဈေးနှုန်းတည်ငြိမ်မှုခဲယဉ်းလေဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ FESC ၏ လုပ်ငန်းရပ်များကို ရှင်းလင်းတင်ပြပြီး ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းဆောင်ရွက်မှုများ၊ အမြတ်ကိုရှေ့တန်းတင်လွန်းခြင်းမရှိဘဲ၊ ဝိသမလောဘမပါဘဲ နိုင်ငံတော်နှင့်အတူ ပြည်သူများအတွက် ပူးပေါင်းပါဝင်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

## ကုန်စည်ဈေးနှုန်းနှင့်ပတ်သက်သည့် အပိုင်းများကို ရှင်းလင်းတင်ပြ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမင်းမင်း**က (၂၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် မိမိအနေဖြင့် အပိုင်းနှစ်ပိုင်း ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း၊ ပထမပိုင်းအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အဓိကတာဝန်ယူဆောင်ရွက်နေသည့် ပြည်ပပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်၍ ဆောင်ရွက်နေသည့်အပိုင်းများ၊ ဒုတိယဝန်ကြီးများ ရှင်းလင်းခဲ့သည့် ကုန်စည်ဈေးနှုန်းနှင့်ပတ်သက်သည့် အပိုင်းများကိုလည်း ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း**ကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် (၃) ရပ်ကိုလည်း ပြောကြားသွားပြီးဖြစ်ကြောင်း၊

စာမျက်နှာ ၁၁ သို့ ❐

❒ စာမျက်နှာ ၁၀ မှ

မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း အဓိကပို့ကုန်၊ သွင်းကုန်ကိစ္စဆောင်ရွက်သည့်အခါ အဓိကပို့ကုန်ပိုင်းမှာ မြန်မာနိုင်ငံက လယ်ယာစိုက်ပျိုးရေးကို အခြေခံထုတ်လုပ်ခြင်းဖြစ်သည့်အတွက် ပို့ကုန်နှင့်ပတ်သက်သည့် မူဝါဒသည် ပြည်တွင်း၌ဖူလုံပြီး ပိုလျှံလျှင် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရန် လုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လက်ရှိအနေအထားမှာ ရှေ့တွင်ဆွေးနွေးခဲ့သကဲ့သို့ လက်ရှိသုံးစွဲနေသည့် ဒေါ်လာငွေသုံးစွဲမှုကို လျှော့ချကာ အခြားအိမ်နီးချင်းနိုင်ငံများနှင့် မိမိတို့နိုင်ငံ၏ ငွေကြေးများကိုသုံးစွဲပြီး ကုန်သွယ်မှုဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဗဟိုဘဏ်၊ FESC ကော်မတီတို့က ဆောင်ရွက်ထားကြကြောင်း၊ ၎င်းအပေါ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း လိုက်ပါဆောင်ရွက်နေသည့် အခြေအနေများရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတွင်သုံးစွဲသည့် မြန်မာကျပ်ငွေဘဏ်စနစ်ကို သုံးစွဲရန်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ဘဏ်စနစ်ကိုသုံးစွဲပြီး ကုန်သွယ်မှုကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ မူဝါဒဖြစ်ခြင်းကြောင့် ဘဏ်စနစ်ကို ဆောင်ရွက်သည့်အခါ ဘတ်နှင့်ကျပ်ငွေ ဆောင်ရွက်ရန်ကိစ္စကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှစပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်းလွှာထုတ်ပြန်ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

### ပို့ကုန်မှရငွေဖြင့် သွင်းကုန်များကို ဆောင်ရွက်နိုင်မည်

ထိုသို့ဆောင်ရွက်ရာတွင် ထိုင်းနိုင်ငံကပို့ကုန်တင်ပို့သည့်ငွေများ၊ အခြားရငွေဖြစ်သည့် နိုင်ငံခြားသို့သွားရောက်လုပ်ကိုင်သည့်သူများလည်း ရှိသည့်အတွက် ထိုငွေနှင့်ရသည့်ငွေများကို ဘဏ်ထဲသို့ သတ်မှတ်သည့် လုပ်ထုံးလုပ်နည်းစနစ်များနှင့် ထည့်သွင်းဆောင်ရွက်ရကြောင်း၊ ဘဏ်ထဲရောက်နေသည့်ဘတ်ကို သွင်းကုန်ဆောင်ရွက်သည့်အခါ ဘဏ်စနစ်ကိုသုံးပြီး ဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခဲ့ခြင်းရှိကြောင်း၊ ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုများ ဆောင်ရွက်သည့်အခါ ယွမ်နှင့်ကျပ်ငွေကို ဘဏ်စနစ်သုံးပြီး ဆောင်ရွက်နိုင်ရန် သတင်းလွှာထုတ်ပြန်ခဲ့ခြင်းရှိကြောင်း၊ ယင်းသတင်းလွှာထုတ်ပြန်ပြီး ရရှိသည့်ငွေကြေးယွမ်ကို သတ်မှတ်သည့် ဘဏ်များ၌ ဘဏ်ကိုအသုံးပြုပြီး သွင်းကုန်လုပ်ငန်းများဆောင်ရွက်ရန် လုပ်ဆောင်ပေးခဲ့ကြောင်း၊ ပြီးခဲ့သည့်ကာလတွင် ပို့ကုန်နှင့်ပတ်သက်ပြီး မိမိတို့က ပို့ကုန်များများတင်ပို့နိုင်ရန်နှင့် ပို့ကုန်တင်ပို့နိုင်မှသာလျှင် ထိုပို့ကုန်မှရငွေဖြင့် သွင်းကုန်များကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပို့ကုန်များကို တိုးမြှင့်တင်ပို့နိုင်ရေး မိမိတို့ဝန်ကြီးဌာနအနေဖြင့် အထူးအလေးပေးဆောင်ရွက်ထားကြောင်း ပြောကြားသည်။

နယ်စပ်ပို့ကုန်လုပ်ငန်းများ ဆောင်ရွက်သည့်လုပ်ငန်းများတွင် ယခင်က ပို့ကုန်ရငွေ MFTB ကိုသက်ဆိုင်ရာငွေကြေးနှင့် ပို့ကုန်ရငွေရရှိပြီးမှသာ ပို့ကုန်ခွင့်ပြုခြင်းကို ဆောင်ရွက်ပါကြောင်း၊ ပို့ကုန်လုပ်ငန်းရှင်များ ပိုပြီးလွယ်ကူချောမွေ့စေရန်အတွက် ထိုငွေအစားကို မြန်မာကျပ်ငွေနှင့် သက်ဆိုင်ရာဘဏ်ထဲရှိ ၎င်းတို့၏မြန်မာကျပ်ငွေ ရှိထားသည်ဆိုလျှင် မြန်မာကျပ်ငွေ Deposit ထားလျှင် Deposit အပေါ်မူတည်ပြီး တင်သွင်းမည့်ပစ္စည်းများကို မိမိတို့အနေဖြင့် ခွင့်ပြု၍ ဖြေလျှော့ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းကြောင့် ပို့ကုန်လုပ်ငန်းပိုင်းတွင် ပိုပြီးလျင်မြန်ချောမွေ့စေရေးကို အထောက်အကူဖြစ်စေရန် ဆောင်ရွက်ခဲ့ခြင်းရှိကြောင်း၊ ထို့အတူ မြဝတီလမ်းကြောင်းတွင် မြေပြိုကျမှုဖြစ်ပြီး လမ်းကြောင်းဆက်သွယ်မှုပြတ်တောက်သွားကြောင်း၊ လမ်းကြောင်းပြတ်တောက်သွားသည့်အတွက် ထိုင်းနိုင်ငံကိုတင်ပို့သည့် ပို့ကုန်များအပြင် အခြားနိုင်ငံများသို့ တင်ပို့နေသည့် ကုန်ပစ္စည်းများ ရပ်တန့်မှုမရှိစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ မြဝတီပို့ကုန်လိုင်စင်ယူထားသည်ဆိုလျှင်၊ မြဝတီလမ်းကြောင်းမှ မပို့နိုင်တော့လျှင် အခြားလမ်းကြောင်း၊ ပင်လယ်ရေကြောင်းမှဖြစ်စေ အခြားစခန်းများမှ တင်ပို့နိုင်ရန်အတွက် သတင်းလွှာကို အချိန်မီထုတ်ပြန်၍ သက်ဆိုင်ရာလုပ်ငန်းရှင်များကိုအသိပေးပြီး ပို့ကုန်တင်ပို့နိုင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ သွင်းကုန်ပိုင်းတွင် အဓိကသွင်းကုန်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံတွင် သွင်းကုန်ကုန်ကြမ်းအဖြစ်တင်သွင်းကာ ကုန်ချောထုတ်နိုင်မည့်လုပ်ငန်းများကို သွင်းကုန်လိုင်စင်များ ပိုမိုဆောင်ရွက်ပေးခြင်းရှိကြောင်း၊ သွင်းကုန်အစားထိုးကုန်ကြမ်းတင်သွင်းပြီး ထုတ်လုပ်ကြောင်း၊ ထုတ်လုပ်လိုက်သည့်ပစ္စည်းက ပြည်ပမှတင်သွင်းသည့်ကုန်ချောများကို အစားထိုးနိုင်ရန်အတွက် သွင်းကုန်မူဝါဒနှင့်အညီ ဆောင်ရွက်ပေးနေကြောင်း၊ MSME ၏ ထုတ်လုပ်သည့် ကုန်ပစ္စည်းများမှာ ပြည်ပမှ မဖြစ်မနေတင်သွင်းရသည့် ကုန်ပစ္စည်းများရှိကြောင်း၊ ဥပမာ – သွင်းအားစုကဲ့သို့ ဓာတ်မြေဩဇာမှစပြီး စက်မှုကုန်ကြမ်းပစ္စည်း စသည်တို့ကို သွင်းကုန်အနေဖြင့် ဆောင်ရွက်ပေးရန်ကိစ္စများကို လွယ်ကူချောမွေ့အောင်လုပ်ပြီး ဆောင်ရွက်ပေးသည့်အပိုင်းများရှိကြောင်း ပြောကြားသည်။

### ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၏ အခြေခံအကြောင်းတရားများ

ဒုတိယပိုင်းအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြည်ပကုန်သွယ်ရေးတင်မက ပြည်တွင်းကုန်သွယ်ရေးကိစ္စ ဆောင်ရွက်သည့်အခါ တက်ရောက်လာသည့် သတင်းမီဒီယာများ စိတ်ဝင်စားမည့် ကုန်ဈေးနှုန်းကိစ္စများကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပါဝင်ဆောင်ရွက်နေသည့် အပိုင်းများကိုလည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၏ အဓိကအခြေခံအကြောင်းတရားများကို ကြည့်မည်ဆိုလျှင် ကုန်စည်ထုတ်လုပ်မှုနှင့် စားသုံးမှုမမျှတခြင်း၊ သွင်းအားစုဈေးကြီးမြင့်ခြင်းကြောင့် ကုန်ထုတ်



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမင်းမင်း

လုပ်မှုဈေးမြင့်ခြင်း၊ ဝိသမလောဘသားများက မမှန်မကန်ကောလာဟလ သတင်းများထုတ်လွှင့်ပြီး ဈေးကစားခြင်းတို့ကြောင့် ကုန်ဈေးနှုန်းအပေါ် သက်ရောက်မှုရှိခြင်းဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် ကုန်ဈေးနှုန်းကြီးမြင့်မှု အများစုသည် ဝိသမလောဘသားများ၏ လှုံ့ဆော်မှုကြောင့်ဖြစ်သည်ကို အဓိကတွေ့ရကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ဈေးကစားနေသူများကို ထိထိရောက်ရောက် အရေးယူရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့အတူ အခြေခံစားသောက်ကုန်များ ဈေးနှုန်းကြီးမြင့်မှုမဖြစ်ပေါ်စေရန်နှင့် ကုန်ပစ္စည်းပြတ်လပ်မှုများ မရှိစေရေးအတွက် ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီကို ဖွဲ့စည်းထားကြောင်း၊ မူလတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရက လုပ်ငန်းစဉ်များကို ပိုမိုထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ဒုတိယဝန်ကြီးချုပ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်ဦးဆောင်ပြီး ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌လည်း ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီများ ပြင်ဆင်ဖွဲ့စည်းပြီး စားရေရိက္ခာ ပြည့်ပြည့်ဝဝထုတ်လုပ်နိုင်ရန် ထိထိရောက်ရောက် ကူညီပံ့ပိုးဆောင်ရွက်နေကြောင်း၊ ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီအနေဖြင့် ဒေသအသီးသီးတွင် ဖြစ်ပေါ်နေသည့် ကုန်ဈေးနှုန်းများကို နေ့စဉ်စိစစ်ပြီး လိုအပ်သည့် ထိန်းကျောင်းမှုများကို စီမံဆောင်ရွက်နေကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် အဓိကဆန်စပါးအပါအဝင် ပဲ၊ ပြောင်း၊ နှမ်းအစရှိသည့် လယ်ယာထွက်ကုန်သီးနှံများ ထွက်ရှိမှုသည် လက်ရှိပြည်တွင်းစားသုံးမှုလုံလောက်သည့်အပြင် ပြည်ပကို တင်ပို့ရောင်းချနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ ပို့ကုန်၊ သွင်းကုန်မူဝါဒအရ သွင်းအားစုများနှင့်ပတ်သက်ပြီး နိုင်ငံတော်က စိုက်ပျိုးထုတ်လုပ်မှုကို အားပေးသည့်အနေဖြင့် သွင်းအားစုများကို ခွင့်ပြုဆောင်ရွက်နေခြင်းများရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ယခင်နှစ်တွင် ဓာတ်မြေဩဇာအမျိုးမျိုးတင်သွင်းခြင်းကို တန်ချိန်သုံးသိန်းကျော်ခန့် တင်သွင်းခဲ့ကြောင်း၊ ယခုနှစ်တွင် ခြောက်သိန်းခန့် (နှစ်ဆနီးပါး) တင်သွင်းပြီး လယ်ယာထွက်ကုန်သွင်းအားစုအတွက် လုံလောက်အောင် ပံ့ပိုးပေးနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း ပြောကြားသည်။

### မိုးစပါးကို ထိခိုက်နိုင်ခြေမရှိဟု ခန့်မှန်း

အထူးသဖြင့် မိမိတို့မတတ်နိုင်သည့် သဘာဝဘေးအန္တရာယ်သည် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၌ ယခုနှစ်တွင် အယ်လ်နီညို၏သက်ရောက်မှုများ ရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကမ္ဘာ့စားရေရိက္ခာထုတ်လုပ်မှုများ ထိခိုက်နိုင်မည်ဖြစ်သည့်အတွက် မိမိတို့အနေဖြင့်လည်း ကြိုတင်လေ့လာဆန်းစစ်မှုများကိုပြုလုပ်ထားကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စားရေရိက္ခာအထွက်နှုန်းများ လျော့ကျမည်ကို ခန့်မှန်းထားကြောင်း၊ သို့သော် မြန်မာနိုင်ငံသည် အီကွေတာ၏ မြောက်ဘက်ခြမ်းတွင်တည်ရှိသည့်အတွက်ကြောင့် အယ်လ်နီညိုစတင်သည့်ကာလ ခန့်မှန်းခြေသည် လာမည့်အောက်တိုဘာလတွင် ဖြစ်မည်ဟုခန့်မှန်းကြောင်း၊ နိုဝင်ဘာလတွင် မိုးစပါးပေါ်မည်ဖြစ်ကြောင်း၊ အောက်တိုဘာလတွင် အယ်လ်နီညိုစဝင်မည်ဖြစ်သည့်အတွက် မိုးစပါးကို ထိခိုက်နိုင်ခြေမရှိဟု ခန့်မှန်းရကြောင်း၊ လက်ရှိကာလတွင် မြန်မာနိုင်ငံ၏ဆန်လက်ကျန်သည် မြေပြင်လက်ကျန်တွက်ချက်မှုအရ တန်ချိန် ၃ ဒသမ ၅ သန်းကျော်ခန့် ကျန်ရှိနေသည်ဟု တွက်ချက်၍ရကြောင်း၊ ယင်းပမာဏသည် လာမည့်နိုဝင်ဘာလ မိုးစပါးထွက်ရှိသည့်ကာလအထိ ပြည်တွင်းတွင် ဆန်ဖူလုံမှုရှိနိုင်သည်ကို တွေ့ရှိရကြောင်း၊ တစ်ဖက်တွင် ပြည်တွင်းဆန်ဈေးနှုန်း ကြီးမြင့်နေခြင်းကို ထိန်းကျောင်းနိုင်ရန် မိမိတို့က မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့်ပူးပေါင်းပြီး တိုက်ရိုက်ရောင်းချခြင်းများအပြင် နိုင်ငံတော်အနေဖြင့် အရန်ဆန်စုဆောင်းသည့် အစီအမံကိုလည်း ဆောင်ရွက်နေသည်ကို ပြောကြားလိုကြောင်း၊ ထို့အတူ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းအစရှိသည့် လယ်ယာထွက်ကုန်များကိုလည်း ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပသို့တင်ပို့နိုင်သည့် ပမာဏများ ကျန်ရှိနိုင်သည်ကို စိစစ်တွေ့ရှိရကြောင်း၊ အဓိကသက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းပြီး တွက်ချက်သည့်အခါ ပိုလျှံလုံလောက်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်သူများ နေ့စဉ်အသုံးပြုနေသည့် စက်သုံးဆီ၊ စားအုန်းဆီများကို ပြည်ပမှတင်သွင်းမှုများအပေါ် ဈေးနှုန်းကြီးမြင့်မှုမရှိစေရေးအတွက် သက်ဆိုင်ရာကော်မတီများက ဖြစ်ပေါ်လာသည့် ကမ္ဘာ့ဈေးနှုန်းများ၊ အခြေခံဈေးနှုန်းများ၊ နိုင်ငံခြားငွေတို့ကိုလည်း သတ်မှတ်ရည်ညွှန်းဈေးနှုန်းများဖြင့် ဝယ်ယူခွင့်ပြုထားပြီး ရောင်းချမည့်ဈေးနှုန်းများကိုလည်း သတ်မှတ်ကာဆောင်ရွက်နေသည်ကိုလည်း ရှင်းလင်းတင်ပြပါကြောင်း ပြောကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

# သာယာဝတီမြို့၌ မြစ်မခမြစ်ကမ်းပြိုကျမှုကြောင့် ကြိုတင်ဖျက်သိမ်းနေအိမ်များအတွက် ထောက်ပံ့ငွေနှင့် ဆန်ရိက္ခာများ ထောက်ပံ့

**သာယာဝတီ ဩဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် စံရွေးကျေးရွာ၌ ဩဂုတ် ၂၄ ရက်တွင် မြစ်မခမြစ်ကမ်းပြိုကျမှုကြောင့် ကြိုတင်ဖျက်သိမ်းနေအိမ်များအတွက် ယနေ့နံနက်ပိုင်းက ဆန်ရိက္ခာများ ပေးအပ်သည်။

**ထောက်ပံ့**

ယင်းသို့ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုနှင့်အဖွဲ့ဝင်များက စံရွေးကျေးရွာမှ ကြိုတင်ဖျက်သိမ်းနေအိမ် ကိုးလုံး၊ ဩဂုတ် ၂၅ ရက်တွင် ထပ်မံဖျက်သိမ်းသော နေအိမ်နှစ်လုံး စုစုပေါင်းနေအိမ် ၁၁ လုံးအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ်နှုန်းဖြင့် ဆန်အိတ် ၁၁ အိတ် ထောက်ပံ့ပေးအပ်သည်။

အလားတူ ဩဂုတ် ၂၅ ရက်တွင် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သာယာဝတီခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ဝင်းဝင်းမာနှင့် တာဝန်ရှိသူများက ဩဂုတ် ၂၄ ရက်က ကြိုတင်ဖျက်သိမ်းနေအိမ် ကိုးလုံးအတွက် ပြောင်းရွှေ့စရိတ် ငွေကျပ်ကိုးသိန်း၊ လူဦးရေ ၃၅ ဦးအတွက် ဆန်ရိက္ခာထောက်ပံ့ငွေကျပ် ၇၃၅၀၀ စုစုပေါင်း ငွေကျပ် ၉၇၃၅၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

# ပုဏ္ဏားကျွန်းမြို့နယ်နှင့် ကျောက်တော်မြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**စစ်တွေ ဩဂုတ် ၂၆**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပုဏ္ဏားကျွန်းမြို့နယ်နှင့် ကျောက်တော်မြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့နယ် ကွမ်းတောင်ကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းပြီး ဆင်းသွယ်လတ် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းတွင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ စူပါဘိုကာရှီကြဲပက်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးကြသည်။ (ယာပုံ)ယင်းနောက် မိုးစပါးများ စိုက်ပျိုးအောင်မြင်နေမှုကို လှည့်လည်ကြည့်ရှုကြသည်။ ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပုဏ္ဏားကျွန်းမြို့နယ်အတွင်း အထွက်နှုန်းကောင်းသည့် မျိုးစပါးများ ဖြန့်ဝေထားရှိမှုနှင့် ထွန်ယက်စိုက်ပျိုးပြီးစီးနေမှု၊ မျိုးစေ့ထုတ်စိုက်ခင်းများ စိုက်ပျိုးထားရှိမှု၊ ရာသီအလိုက်သီးနှံများ စိုက်ပျိုးနေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ကြောင့် ထိခိုက်ပျက်စီးသွားသည့် ပုဏ္ဏားကျွန်းမြို့ ဦးရာဇ်တော်ဓာတ်စေတီတော်မြတ်ကြီးသို့ သွားရောက်သည့် ဥရာဇ်မင်္ဂလာကြိုးတံတားအား ပြန်လည်ပြုပြင်ပြီးစီးမှုကို သွားရောက်



ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာအနီး အထွက်နှုန်းကောင်း GW – 11 မျိုးစပါးစိုက်ခင်းနှင့် တစ်ဧကတင်း ၁၀၀ ထက် ထွက်ရှိရေး တစ်ကွင်းတစ်စပ်တည်း ဧက ၁၀၀ စံပြစိုက်ခင်းသို့သွားရောက်ကြည့်ရှုအားပေးကြသည်။ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက မိုခါမုန်တိုင်းသင့်တောင်သူများအတွက် နိုင်ငံတော်မှထောက်ပံ့သည့် အထွက်နှုန်းကောင်း မျိုးစပါးများဖြန့်ဝေပေးပြီး စိုက်ပျိုးပြီးစီးမှုအခြေအနေ မိုးစပါးအထွက်နှုန်းတင်း ၁၀၀ ထွက်ရှိရေး စံပြကွက်များ ဖော်ဆောင်ထားရှိမှုအခြေအနေ၊ မိုးစပါးနှင့် မိုးသီးနှံများ စိုက်ပျိုးပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)ကျောင်းအား ပြန်လည်ပြုပြင်ပြီးစီးနေမှုနှင့် ပြုပြင်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေးသိပ္ပံကျောင်းရုံးခန်း၌ ကျောင်းအုပ်ဆရာကြီးက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုများ၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများ၊ စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်)မှ စိုက်ပျိုးရေးဒီပလိုမာရရှိခဲ့မှုနှင့် ဌာနဆိုင်ရာရုံးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သည့် ကုမ္ပဏီများတွင် ဝင်ရောက်တာဝန်ထမ်းဆောင်လုပ်ကိုင်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များမှာကြားခဲ့သည်။

နေ့လယ်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်တော်မြို့ ကမ်းနားလမ်း သင်္ဘောဆိပ်သို့သွားရောက်ပြီး ကုန်စည်သယ်ယူပို့ဆောင်နိုင်ရေး ဆောင်ရွက်မည့်အခြေအနေများအား ကြည့်ရှုကာ ကမ်းနားလမ်းရှိ ယာယီဈေးအတွင်း ဈေးသူဈေးသားများ ဈေးရောင်းချနေမှုကို လှည့်လည်ကြည့်ရှုခဲ့သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်တော်မြို့ မြို့မရွှေကျောင်းပရိယတ္တိစာသင်တိုက်သို့သွားရောက်ပြီး ထေရ်ကြီးဝါကြီးဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီနှင့် ဆေးဝါးများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်တော်မြို့နယ် ဝက်မိုင်းကျေးရွာရှိ ဆန်စက်လုပ်ငန်းရှင် ဦးညီညီသန်း၏ လခြမ်းမြေဆန်စက်အားသွားရောက်ကြည့်ရှုအားပေးကြရာ ဆန်စက်လုပ်ငန်းတာဝန်ခံက ဆန်များကြိတ်ခွဲထုတ်လုပ်မှုအဆင့်ဆင့်နှင့် ဆန်သိုလှောင်ထားရှိမှု၊ ဖြန့်ဖြူးရောင်းချနေမှုတို့ကို လိုက်လံရှင်းလင်းပြသရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်တော်မြို့နယ် ရှေးဟောင်းသမိုင်းဝင် မဟာမုနိဘုရားကြီးအား သွားရောက်ဖူးမြော်ကြပြီး ပန်း၊ ရေချမ်းများဆက်ကပ်လှူဒါန်းကြကာ ဘုရားကြီးသိမ်တော် ဘက်စုံပြုပြင်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# နိုင်ငံဖွံ့ဖြိုးရေး နည်းပညာအရည်အသွေးပြည့်ဝသော လူငယ်ကောင်းများ မွေးထုတ်ပေး

**ရန်ကုန် ဩဂုတ် ၂၆**

နိုင်ငံတော်မှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်မည့် အရည်အသွေးပြည့်ဝသော အင်ဂျင်နီယာများကို အစဉ်မွေးထုတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် ပြည်သူ့အကျိုးသယ်ပိုးမည့် နိုင်ငံ့လူငယ်ကောင်းများ ပျိုးထောင်ပေးရေး အလေးထားဆောင်ရွက်ရန်၊ တက္ကသိုလ်အနီးရှိ သီလဝါ အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးဆောင်ရွက်ပေး၍ University – Industry Collaboration မြှင့်တင်ဆောင်ရွက်ရန်၊ နိုင်ငံ့အကျိုးပြု သုတေသနများဆောင်ရွက်ကာ University Ranking မြင့်မားလာစေရေး ဆောင်ရွက်ရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျက ယမန်နေ့ ညနေပိုင်းတွင် နည်းပညာတက္ကသိုလ် (သန်လျင်)၌ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် တိုက်တွန်း ပြောကြားသည်။

တွေ့ဆုံပွဲတွင် ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးနှင့် ဝန်ထမ်းများက လုပ်ငန်းပိုင်းဆိုင်ရာများကို တင်ပြကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးတို့က ဖြည့်စွက်တင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောင်းသားဆောင်များကိုကြည့်ရှုစစ်ဆေးပြီး အဆောင်မှူးများကို အဆောင်နေ ကျောင်းသားများအတွက် ဝန်းကျင်ကောင်းများဖြစ်ရေး ဖန်တီးဖြည့်ဆည်းပေးရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်



အဖွဲ့သည် အစိုးရစက်မှုလက်မှုသိပ္ပံ (သန်လျင်)သို့ ရောက်ရှိပြီး စာသင်ခန်းများ၊ စာကြည့်တိုက်နှင့် အလုပ်ရုံများကို ကြည့်ရှုစစ်ဆေးကာ MSMEလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် လိုအပ်သော နည်းပညာရှင်၊ ကျွမ်းကျင်ပညာရှင်များကို စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးရန်နှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုန်သည်စက်မှုအသင်းချုပ် စားသုံးဆီဈေးနှုန်းတည်ငြိမ်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

စားသုံးဆီဈေးနှုန်းတည်ငြိမ်စေရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၅ ရက် နံနက်တွင် လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ် တတိယထပ်ရှိအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကုန်သည်စက်မှု



အသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ဩဂုတ် ၂၃ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ အစည်းအဝေး(၁/၂၀၂၃)တွင် မိမိကအဖွဲ့ဝင်အဖြစ် ပါဝင်တက်ရောက်ခဲ့ကြောင်း၊ ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် လတ်တလောကာလတွင် အခြေခံစားသောက်ကုန်များ ဆန်၊ စားသုံးဆီ ဈေးနှုန်းများ ဈေးကွက်အတွင်း ပုံမှန်စီးဆင်း ဖြန့်ဖြူးနိုင်ရေး၊ အများပြည်သူအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းဖြစ်စေရေးအတွက် သက်ဆိုင်ရာလုပ်ငန်းရှင်များ၊ ညီနောင်အသင်းအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းကို ပြောကြားခဲ့ကြောင်း၊ အထူးသဖြင့် ယခုရက်ပိုင်းများအတွင်း စားသုံးဆီဈေးနှုန်းလွန်ကဲစွာ မြင့်တက်မှုရှိနေသည့်အပေါ် တင်သွင်းသည့်ကုမ္ပဏီများအနေဖြင့် မိမိတို့၏ အကျိုးစီးပွား ဦးစားပေးကာ တစ်ဦးနှင့်တစ်ဦးသံသယဖြင့် ဆောင်ရွက်ခြင်းထက် အပြန်အလှန်နားလည်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှသာ လက်ရှိ ဈေးနှုန်းလွန်ကဲစွာမြင့်မားနေခြင်းကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အများပြည်သူဝန်ထုပ်ဝန်ပိုး ဖြစ်လာနိုင်မည့်ကိစ္စရပ် ဖြစ်နေသဖြင့် ချက်ချင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသွားသည်။

ထို့နောက် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဆန်းလင်းနှင့် တာဝန်ရှိသူများက စားသုံးဆီဈေးနှုန်းများ ပြန်လည်ကျဆင်းပြီး ဈေးကွက်အတွင်း မပြတ်လပ်စေရေး အစီအမံများကို ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသော စားသုံးဆီကုမ္ပဏီများက ဈေးနှုန်းကျဆင်းရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ အရေးကြီးသောလိုအပ်ချက်ဖြစ်၍ အချင်းချင်းနားလည်မှုရှိရှိဖြင့် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ကုမ္ပဏီများအနေဖြင့် ဈေးကွက်အတွင်း ရည်ညွှန်းဈေးများဖြင့် ရောင်းချမည့် အစီအမံ၊ လက်လီပြန်လည်ရောင်းချသူများအနေဖြင့် ကုမ္ပဏီကရောင်းချသည့် စားသုံးဆီများအပေါ် အခွင့်အရေးတစ်ရပ်ယူ၍ ဈေးနှုန်းတင်ရောင်းချခြင်းမပြုရန် အသင်းမှ စနစ်တကျ ကြပ်မတ်ဆောင်ရွက်နိုင်ရေး၊ နေ့စဉ်ဈေးကွက်သတင်းကို တာဝန်ယူစုံစမ်းရေး၊ ကုန်သည်စက်မှုအသင်းချုပ် အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်များနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရေး စသည်တို့ကို ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဆန်းလင်း၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင်များ၊ စားသုံးဆီ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချသည့် ဆီလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**မျိုးမင်းသူရ**

## အိန္ဒိယနှင့် ဂရိနိုင်ငံတို့က ကုန်သွယ်ရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ အဆောက်အအုံ၊ ပညာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည်



အေသင် ဩဂုတ် ၂၆

အိန္ဒိယနိုင်ငံနှင့် ဂရိနိုင်ငံတို့က ကုန်သွယ်ရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ အဆောက်အအုံ၊ ပညာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မိုဒီနှင့် ဂရိနိုင်ငံဝန်ကြီးချုပ် မစ်ဆိုတာကစ်တို့အကြား ကျင်းပပြုလုပ်သည့် သတင်းထုတ်ပြန်ရေးအခမ်းအနားမှ သိရသည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မိုဒီသည် ဩဂုတ် ၂၅ ရက်တွင် ဂရိနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေး ခရီးသွားရောက်ခဲ့ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံနှင့် ဂရိနိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေးကို မဟာဗျူဟာမြောက်ဆက်ဆံရေးအဖြစ် အဆင့်မြှင့်တင်ရန် ဆုံးဖြတ်ထားကြောင်း ဝန်ကြီးချုပ်မိုဒီက ပြောကြားခဲ့သည်။

ဂရိနိုင်ငံမီဒီယာများ၏ ဖော်ပြချက်အရ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်မိုဒီ၏ ခရီးစဉ်တွင် စီးပွားရေးလုပ်ငန်းရှင်အများအပြား လိုက်ပါခဲ့ကြောင်းလည်း သိရသည်။ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မိုဒီ၏ ဂရိခရီးစဉ်နှင့်စပ်လျဉ်း၍ နှစ်နိုင်ငံမီဒီယာများက သမိုင်းဝင်ခရီးစဉ်အဖြစ် အလေးပေးဖော်ပြခဲ့ကြပြီး နှစ်ပေါင်း ၄၀ ကာလအတွင်း ဂရိနိုင်ငံသို့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်တစ်ဦးအနေဖြင့် ပထမဆုံးအကြိမ် တရားဝင်ခရီးသွားရောက်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်



## ထိုင်းဝန်ကြီးချုပ်သစ် ဆီရီသာသာဝီဆင်နှင့် ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာတို့ တွေ့ဆုံ

ဗန်ကောက် ဩဂုတ် ၂၆

ထိုင်းဝန်ကြီးချုပ်သစ် ဆီရီသာသာဝီဆင်သည် ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာနှင့် ဩဂုတ် ၂၃ ရက်တွင် အစိုးရအိမ်တော်၌ တွေ့ဆုံခဲ့သည်။

ဆီရီသာသာဝီဆင်သည် မကြာမီအချိန်တွင် စစ်တပ်နှင့် ဆက်ဆံရေးနီးကပ်လျက်ရှိသည့် ရှေးရိုးစွဲဝါဒီများအပါအဝင် ပါတီ ၁၁ ခုဖြင့် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းတော့မည်ဖြစ်သည်။

အစည်းအဝေး၌ ပရာယွတ်က တိုင်းပြည်နှင့် လူမျိုး၊ ဘာသာသာသနာနှင့် ဘုရင်စနစ်ကို စောင့်ရှောက်ရန် ဝန်ကြီးချုပ်သစ် ဆီရီသာသာဝီဆင်အား တိုက်တွန်းခဲ့ကြောင်း ဆီရီသာသာဝီဆင်က သတင်းထောက်များကို ပြောကြားသည်။

ဆီရီသာသာဝီဆင်သည် ပရာယွတ်နှင့် ပြန်လည်ပေါင်းစည်းရေးကို မီးမောင်းထိုးပြခြင်းဖြင့် အာဏာအကူးအပြောင်းကို ချောမွေ့စွာ ကူးပြောင်းနိုင်ရန် ရည်မှန်းထားကြောင်း စောင့်ကြည့်လေ့လာသူများက ဆိုသည်။

ပရာယွတ်သည် ၂၀၁၄ ခုနှစ်တွင် အာဏာသိမ်းမှုကို ဦးဆောင်ခဲ့ပြီး ကိုးနှစ်ကြာ နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

ဖွေထိုင်းပါတီသည် ရွေးကောက်ပွဲတွင် အမတ်နေရာအများဆုံးရရှိခဲ့သည့် ရှေ့သို့လှမ်းချီပါတီကို ချန်လှပ်ထားခဲ့ပြီး ညွန့်ပေါင်းအဖွဲ့တွင် ဖွေထိုင်းပါတီနှင့် ဆန့်ကျင်ဘက်ဖြစ်သော ပါတီများဖြင့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းမည်ဖြစ်သည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

## တရုတ်နိုင်ငံ၏ ဉာဏ်ရည်တုနည်းပညာအတွက် ၂၀၂၇ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၁ ဘီလီယံအထိ ရောက်ရှိမည်

ပေကျင်း ဩဂုတ် ၂၆

တရုတ်နိုင်ငံ၏ ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုပမာဏသည် ၂၀၂၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၁ ဘီလီယံအထိ ရောက်ရှိရန် ခန့်မှန်းထားကြောင်း သိရသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုပမာဏသည် ဉာဏ်ရည်တုနည်းပညာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံကြသည့် ကမ္ဘာ့စုစုပေါင်းပမာဏ၏ ၉ ရာခိုင်နှုန်းခန့်ရှိကြောင်း စက်မှုလုပ်ငန်းဆိုင်ရာ အစီရင်ခံစာတစ်ခုအရ သိရသည်။

တရုတ်နိုင်ငံသည် မကြာသေးမီနှစ်များအတွင်း ဉာဏ်ရည်တုနည်းပညာကဏ္ဍတွင် ၎င်း၏စွမ်းဆောင်ရည်ကို ဆက်လက်မြှင့်တင်လျက်ရှိကြောင်း ကမ္ဘာ့ဈေးကွက်သုတေသနကုမ္ပဏီ International Data Corporation (IDC) က ပြောကြားသည်။

အနာဂတ်တွင် အစိုးရ၏ ပံ့ပိုးကူညီမှုနှင့်အတူ စက်မှုအဆင့်မြှင့်တင်မှု အရှိန်အဟုန်ဖြင့် ဉာဏ်ရည်တုနည်းပညာသည် မတူကွဲပြားသော စက်မှုလုပ်ငန်း လိုအပ်ချက်များနှင့် ပေါင်းစပ်ပြီး ထုတ်ကုန်များ၊ ဝန်ဆောင်မှုများအပါအဝင် စီးပွားရေးလုပ်ငန်းများ၏ တစ်စိတ်တစ်ပိုင်းဖြစ်လာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

မကြာသေးမီကာလတွင် ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများ ရှိလာသည့်အတွက် စီးပွားရေးလုပ်ငန်း အများအပြားသည် ဒစ်ဂျစ်တယ်ဈေးကွက်၏ ယေဘုယျအခင်းအကျင်းနှင့်လိုက်လျောညီထွေရှိစေရန်နှင့် စီးပွားရေးလုပ်ငန်းသစ်များ အားကောင်းလာစေရန်အတွက် ဉာဏ်ရည်တုအဆင့်မြင့်နည်းပညာကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

## ရုရှားနိုင်ငံက တရုတ်နိုင်ငံသို့ ငါးနှင့် ပင်လယ်စာတင်ပို့မှု မြှင့်တင်ရန် မျှော်လင့်

မော်စကို ဩဂုတ် ၂၆

ဂျပန်နိုင်ငံက ဖူကူရှီးမားဒိုင်အိချီ နျူကလီးယား ဓာတ်အားပေးစက်ရုံမှ ထွက်ရှိသည့် ရေဒီယိုသတ္တိကြွပစ္စည်းများပါဝင်သော ရေများကို ပင်လယ်အတွင်းသို့ စွန့်ပစ်ခဲ့ပြီးနောက် တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံ၏ ပင်လယ်စာပို့ကုန်များ တင်ပို့မှုကို တားမြစ်ခဲ့ခြင်းကြောင့် ရုရှားနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့ ငါးနှင့် ပင်လယ်စာတင်ပို့မှုကို တိုးမြှင့်တင်ပို့ရန် မျှော်လင့်လျက်ရှိကြောင်း ယနေ့ စီအင်န်အေသတင်းတစ်ရပ်အရ သိရသည်။

ရုရှားနိုင်ငံသည် တရုတ်နိုင်ငံသို့ ရေထွက်ကုန်ပစ္စည်း အများဆုံးတင်ပို့သည့်နိုင်ငံများအနက်မှ တစ်နိုင်ငံ အပါအဝင်ဖြစ်ပြီး ရုရှားကုမ္ပဏီ ၈၉၄ ခုသည် တရုတ်နိုင်ငံသို့ ပင်လယ်စာများ တင်ပို့ရန် ခွင့်ပြုချက်ရရှိထားကြောင်း ရုရှားအစားအသောက် ဘေးကင်းလုံခြုံရေးဆိုင်ရာ စောင့်ကြည့်သူ ရိုဆယ်ခိုနေ့ဒ်ဇောက ပြောကြားသည်။

လက်ရှိတွင် ရုရှားနိုင်ငံသည် တရုတ်နိုင်ငံသို့ ရေထွက်ကုန်များတင်ပို့ရန်၊ တင်ပို့သည့်ကုမ္ပဏီအရေအတွက် တိုးမြှင့်ရန် စီစဉ်လျက်ရှိကြောင်းလည်း သိရသည်။

တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံမှ စားသောက်ကုန် တင်သွင်းမှုတချို့ကို တားမြစ်ထားပြီးဖြစ်သော်လည်း ဖူကူရှီးမားဒိုင်အိချီနျူကလီးယားဓာတ်အားပေးစက်ရုံမှထွက်ရှိသော ရေဒီယိုသတ္တိကြွဓာတ်ပစ္စည်းများပါဝင်သော ရေများ ပင်လယ်အတွင်းသို့ စွန့်ပစ်ခဲ့ပြီးနောက် ဂျပန်နိုင်ငံမှ တင်သွင်းသည့် စားသောက်ကုန်အားလုံးကို ပိတ်ပင်တားမြစ်ခဲ့ခြင်းဖြစ်သည်။

ကိုးကား – စီအင်န်အေ
ဘာသာပြန် – အလင်းသစ်

## ကမ္ဘောဒီးယားနိုင်ငံ၌ အသက်ငါးနှစ်အောက် ကလေးငယ်များ သေဆုံးမှု၏ ငါးပုံတစ်ပုံမှာ လေထုညစ်ညမ်းမှုကြောင့်ဖြစ်

ဖနောင်ပင် ဩဂုတ် ၂၆

ကမ္ဘောဒီးယားနိုင်ငံ၌ အသက်ငါးနှစ်အောက် ကလေးငယ်များ သေဆုံးမှု၏ ငါးပုံတစ်ပုံမှာ လေထုညစ်ညမ်းမှုကြောင့်ဖြစ်သည်ဟု ကမ္ဘာ့ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) က ယနေ့ အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ခဲ့သည်။

ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးဌာနနှင့် ယူနီဆက်ဖ်တို့ ပူးပေါင်းထုတ်ပြန်သည့် နိုင်ငံ၏ပထမဆုံးသော ကလေးငယ်များ၏ ပတ်ဝန်းကျင် ကျန်းမာရေးဆိုင်ရာ အကဲဖြတ်ချက် (CEH) တွင် ကလေးငယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့် လေထုညစ်ညမ်းမှု၊ ရေနှင့် အစားအစာညစ်ညမ်းမှု၊ အဆိပ်သင့်သတ္တုများ၊ ပိုးသတ်ဆေးများနှင့် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ အပါအဝင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးအန္တရာယ်များ ပါဝင်ကြောင်း သိရသည်။ .

သဘာဝပတ်ဝန်းကျင်အန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကြောင်းရင်းများ မြင့်တက်လာခြင်းကြောင့် ကလေးများအပေါ် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများ ဖြစ်ပေါ်လျက်ရှိကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာန၏ ဆေးပညာဌာနမှ ဒါရိုက်တာ Kol Hero က ပြောကြားသည်။

ကလေးငယ်များဆိုင်ရာ ယခု အကဲဖြတ်မှုသည် နိုင်ငံအတွင်းရှိ ကလေးငယ်များနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ပိုမိုကျန်းမာ၊ သန့်ရှင်းသည့် ပတ်ဝန်းကျင်တစ်ခုကို တည်ဆောက်ရန် ကတိပြုထားသည့် သက်ဆိုင်သူအားလုံးအတွက် အဖိုးတန်အရင်းအမြစ်တစ်ခု ဖြစ်မည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကလေးငယ်များ၏ ပတ်ဝန်းကျင် ကျန်းမာရေးဆိုင်ရာ အကဲဖြတ်ချက်တွင် ကမ္ဘောဒီးယားနိုင်ငံရှိသဘာဝပတ်ဝန်းကျင် ထိခိုက်ညစ်ညမ်းမှုများကို တားဆီးထိန်းချုပ်ရန် မူဝါဒများနှင့် စည်းမျဉ်းများ ခိုင်မာစေရန်၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျွမ်းကျင်ပညာရှင်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်နှင့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို အများပြည်သူသိရှိစေရန် ကြိုးပမ်းဆောင်ရွက်ခြင်း စသည့် အချက်များ ပါဝင်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “May TZ Kyaw(Sue Nick)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၁၇)ရပ်ကွက်နေ မေသဇင်ကျော်အား ည ၁၀ နာရီ ၅ မိနစ်တွင် လည်းကောင်း၊ ဩဂုတ် ၂၆ ရက်တွင် “Bo Bo Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်နေ ဘိုဘိုအောင်အား နံနက် ၂ နာရီ မိနစ် ၅၀ တွင် လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၆

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က မြောက်ဥက္ကလာ (၂)ဈေးမှတ်တိုင်အနီး သုဓမ္မာလမ်းမကြီးပေါ်တွင် မောင်းနှင်လာသောယာဉ်တစ်စီးအား မရမ်းကုန်းမြို့နယ် နာဂသိုလ်ကျောင်းရုံ ဝင်းအတွင်း ခေါ်ယူစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ပုဇွန်နှစ်ကောင်ဆီ ၃၂ ဘူးနှင့် ပဲပိစပ်ဆီ ၁၁၂ ဘူး အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၃ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Portable Aircon နှစ်ခု အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀)ကိုလည်းကောင်း၊ ဩဂုတ် ၂၄ ရက်တွင် သီလဝါဆိပ်ကမ်း၌ သွင်းကုန်ကြေညာလွှာတွင်ကြေညာထားခြင်းမရှိသော Alternator ဒိုင်နမို ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀)ကို လည်းကောင်း၊ မြန်မာစက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော Fexofenadine Hydrochloride Tablet ဆေးဝါး ၂၈၃၅ ဘူး၊ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Metpure XL Tablet ဆေးဝါးဘူး ၁၀၈၀၊ Growatt Solar Inverter ၁၀ ခုအပါအဝင် ကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၅၀၃၅၃၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၅၆၀၁၃၅၃၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၄ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က မူဆယ်မြို့အတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ စွမ်စော်ရပ်ကွက် စွမ်စော်(၄)လမ်း ပြည်ထောင်စုလမ်းမကြီးဘေး တစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် Lady Blouse Short Sleeve အထည် ၂၈၀ အပါအဝင် ကုန်ပစ္စည်း ၁၄ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၉၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ အမှတ်(၉)ရပ်ကွက် အတွင်းရှိ ဂိုဒေါင်နှင့် စတိုးဆိုင်များ၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ပုဇွန်နှစ်ကောင်ဆီဘူး ၆၆၀၊ Red Bull အချိုရည် ဘူး ၈၄၀၊ Singha Beer ဘူး ၈၄၀၊ SPY Wine Cooler ပုလင်း ၇၂၀ နှင့် Milo Nestle ဘူး ၁၄၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၅၀၀၀၀)ကို လည်းကောင်း၊ ကော့ကရိတ် (တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Duro Cycle Tyre ၄၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၃၀၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဩဂုတ် ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ဝေါမြို့အနီး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့ကရိတ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Wai Wai Instant Rice Vermicelli ၁၆၅ ထုပ်၊ Lactasoy Soymilk ဘူး ၁၀၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၇၉၈၈၅၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀)စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၉၈၈၅၅ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဩဂုတ် ၂၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က လက်ပံလှ-စဉ့်ကူး ယာယီစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဗန်းမော်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Blade ဓားသွားဆူးကြိုး ကီလိုဂရမ် ၁၀၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၄၀၈၇၉၁၅၅) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၈-၂၀၂၃ တနင်္ဂနွေနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မေတ္တသုတ်၊ ရတနသုတ်၊ တောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | သဘာဝအလှတရားတို့ ထိတွေ့ခဲ့သည့်တစ်ခဏ |
| ၀၉:၁၅ | တရုတ်ကာတွန်း 'မြူဝင်စိတ်လှ' (အပိုင်း-၂၄) |
| ၁၀:၀၀ | 'သတင်းသမားပြောတဲ့သတင်းစကား' |
| ၁၀:၃၀ | "Music Travellers-4" တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှု |
| ၁၁:၄၀ | အသိပညာနှင့်အမှန်တရား |
| ၁၂:၃၅ | This Week's Special Interest |
| ၁၃:၂၀ | MRTV National News |
| ၁၃:၄၅ | မြန်မာ့ဂန္ထဝင်ရုပ်ရှင် 'ထိုကြောင့်ဤအရာကိုအချစ်ဟုခေါ်သည်' (ကျော်ဟိန်း၊ ဇော်ဦး၊ ခင်သီတာထွန်း) |
| ၁၆:၃၅ | Sports Diary |
| ၁၇:၂၀ | ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ် |
| ၁၇:၃၅ | Economic Review |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၄၄) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ဘဝနှင့်အနုပညာ 'မြတ်မွန်ဘဝအစကကြီးငရဲ' (အပိုင်း-၁) |
| ၂၁:၂၀ | ဆေးရောင်စုံရုပ်ရှင် 'သရဖူ' (ရဲအောင်၊ မို့မို့မြင့်အောင်၊ ထက်ထက်မိုးဦး) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint) |
| 07:08 | Myanmar Paper Toys |
| 07:15 | Mogok, Ruby Land |
| 07:31 | Skilled Performance of Traditional Myanmar Colored Glass Ball |
| 07:46 | Listening Pleasure, Instrumental Music (Xylophone) Shwe Min Gan |
| 08:01 | News |
| 08:27 | Products of Myanmar - Mya Setkyar Pure Silk Fabric From Inle Lake |
| 08:41 | Myanmar Traditional Thatched Roofs: IN-LEAF |
| 09:01 | A Worth Keeping Treasure of Anyar |
| 09:33 | Today Myanmar: Areca Leaf Business |
| 09:41 | Safari World |
| 09:51 | Myanmar Traditional Snacks: Popped Rice Ball |
| 10:01 | News |

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ကျန်းမာရေးအတွက် ငှက်သိုက်ပေါင်းရည်

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
ရွှေတံခါးမြို့သို့အလည်တစ်ခေါက်

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
မုန့်ညင်းစေ့တစ်ခွက်နဲ့ ခံတွင်းမြိန်

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
စပျစ်သီးစိုက်ပျိုးခြင်း

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ဗိုင်ဝါးရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
မျှစ်ရှာထွက်မယ်

**စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၁၆)

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
သဘာဝရဲ့အလှတရားများနဲ့ ကျောက်ပုထိုးစေတီတော်

**အရှေ့ပိုးကရင် (၂၀ :၀၀ မှ ၂၁:၀၀)**
လည်ပတ်လေ့လာကြည့်ရှုချင်စရာ ဇီဝမျိုးနွယ်ဆုံဆည်းရာ

**ချင်း (လိုင်ဇို) (၂၁:၀၀ မှ ၂၂:၀၀)**
ဆီးချို၊ သွေးချိုရောဂါအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
တောင်ယာခင်းသို့အလည်တစ်ခေါက်

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၁၅ | ယူနန်ရဲ့ ဟုန်ဒေသ (အပိုင်း-၅) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၈:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၉:၄၅ | ကမ္ဘာတစ်လွှားအနုပညာသတင်းများ |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကံဝင်းမဲ' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | အင်ဒိုနီးရှားနိုင်ငံ၏ အဂတိတိုက်ဖျက်ရေး |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇလန်နိုင်ငံ) |
| ၁၁:၃၀ | ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၁၀) |

### MRTV FARMERS' / HTV

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၀၅ | စိုက်ပျိုးရေးကိုအခြေတည် တန်ဖိုးရှိတဲ့ မြန်မာ့ထုတ်ကုန်ဆီ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၀၀ | သမုဒ္ဒယနှောင်ကြိုး (အပိုင်း-၂) |
| ၁၉:၀၀ | ကျွန်ုပ်မခင်ပွန်း၏လျှို့ဝှက်ချက် (အပိုင်း-၈) |
| ၁၉:၃၀ | Summer Vegetable Garden Tour and Harvest early August 2023 |
| ၂၃:၀၀ | Last Day of Wheat Harvest! |
| ၂၃:၃၀ | An Extreme Heat Garden Update |

### MRTV SPORTS / HTV

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၂၀ | လူငယ်တို့အတွက် လမ်းပြကြယ် |
| ၀၆:၄၀ | Weekly Sports Info |
| ၁၆:၃၀ | MNL 2022 Match (Replay) |
| ၁၈:၀၀ | အားကစားသတင်း |
| ၁၉:၄၀ | Sports Diary Caryin(Football) |

SCAN ME
Education Channel တို့ နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အလုပ်ခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်ထုတ်ပေး

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးခွဲတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Myanmar Fortress




Wealth မှ အာမခံအလုပ်သမား ဒေါ်ငြိမ်းငြိမ်းအေးသည် ဇွန် ၂၇ ရက်တွင် အလုပ်ခွင်ပြင်ပထိခိုက်မှုကြောင့် သေဆုံးသွားသည့်အတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်ထုတ်ပေးခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုဖူလုံရေး တိုင်းတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါအကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးက လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်လူမှုဖူလုံရေးရုံးတွင် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၄၃၂၀၀၀၀ ကို ဒေါ်ငြိမ်းငြိမ်းအေး၏ဖခင်ဖြစ်သူ ဦးထွေးထံသို့ အဆိုပါစက်ရုံအလုပ်ဌာနမှ တာဝန်ရှိသူများနှင့် အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီဝင်များရှေ့မှောက်တွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# တောင်ငူမြို့ အထက(၂)၌ သက်ကြီးရွယ်အိုဥပဒေ အသိပညာပေးဟောပြောပွဲ ကျင်းပ

တောင်ငူ ဩဂုတ် ၂၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ဆရာကွန်းခန်းမ၌ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ သက်ကြီးရွယ်အိုဥပဒေ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀နာရီက ကျင်းပသည်။

**ဟောပြောဆွေးနွေး**

ထိုသို့ဆောင်ရွက်ရာတွင် တောင်ငူခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နီနီရွှေက သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေပါ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများ၊ မိဘဘိုးဘွားများအား စရိတ်ထောက်ပံ့ခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်းနှင့် သားသမီး၊ မြေးတို့၏ တာဝန်များ၊ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးကိုပေးရမည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမဆို သက်ကြီးရွယ်အို တစ်ဦးဦးက သက်ကြီးရွယ်အိုသက်သေခံကတ်ပြားကိုပြသပြီး အခွင့်အရေးကို ခံစားခွင့်ပြုရန် တောင်းဆိုခြင်းကို ငြင်းပယ်ခြင်း သို့မဟုတ် လျစ်လျူရှုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်၊ သက်ကြီးရွယ်အိုများကို ခွဲခြားဆက်ဆံခြင်း သို့မဟုတ် မတရားပြုကျင့်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျခံရမည့် ပြစ်မှုနှင့်ပြစ်ဒဏ်များ စသည်တို့ကို ဟောပြောဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ခရိုင်ဦးစီးမှူး ဒေါ်နီနီရွှေက ပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါ ဟောပြောပွဲသို့ အထက (၂)ကျောင်းမှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇော်ကိုကို(ပြန်/ဆက်)

# ယင်းမာပင်မြို့၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်

ယင်းမာပင် ဩဂုတ် ၂၆

စစ်ကိုင်း တိုင်းဒေသကြီး ယင်းမာပင်မြို့ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းခွဲတွင် ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲ၊ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ခြင်းနှင့် အသိပညာပေး နံရံကပ်စာစောင်ပြသခြင်းများ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ဒုတိယလက်ထောက်ပညာရေးမှူး ဦးဝင်းဗိုလ်က အသိပညာပေးဟောပြောပွဲ



ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်အောင်ဇော်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အသိပညာဗဟုသုတများကို ဟောပြောသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်အေးက ကျောင်းသားကျောင်းသူများအနေဖြင့် စာဖတ်သည့် အလေ့အထများ စွဲမြဲစေရန်၊ ကျောင်းစာသာမက ပြင်ပဗဟုသုတစာပေများကိုပါ လေ့လာဖတ်ရှုမှသာ လူကောင်းလူတော်လေးများဖြစ်လာနိုင်ကြောင်း စသည့် စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသားကျောင်းသူများ စာပေကိုလက်လှမ်းမီစွာ ဖတ်ရှုနိုင်ရန်အတွက် နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးခဲ့ရာ ကျောင်းသား ကျောင်းသူများက ဖတ်ရှုကြပြီး ပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များအား လေ့လာကြည့်ရှုကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မြစ်သားမြို့၌ ပန်းလောင်မြစ်အတွင်း ငါးသားပေါက်ကောင်ရေသုံးသိန်း မျိုးစိုက်ထည့်ပေး

မြစ်သား ဩဂုတ် ၂၆

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ သဘာဝ



မြစ်ချောင်းများအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာပိုမိုရရှိ စားသုံးနိုင်စေရေးတို့အတွက် မြစ်သားမြို့နယ် ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက နွားကူးကြီးကျေးရွာအနီး ပန်းလောင်မြစ်အနီး၌ ကျင်းပသည်။

အခမ်းအနားသို့ ကျောက်ဆည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဝင်း၊ မြစ်သားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးခိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူမငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် ဝန်ထမ်းများက နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ နှစ်သိန်း၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ သုံးသိန်းအား ပန်းလောင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ဆက်သွယ်ရေးလိမ်လည်မှုဖြင့် သံသယရှိသူများကို တရုတ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆက်သွယ်ရေးလိမ်လည်မှုဖြင့် ထိန်းသိမ်းထားသည့် သံသယရှိသူငါးဦးကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ယနေ့တွင် တရုတ်ရဲတပ်ဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး တရုတ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ဩဂုတ် ၂၃ ရက်မှ ၂၆ ရက်အထိ စုစုပေါင်း ၂၄ ဦး စစ်ဆေးတွေ့ရှိခဲ့ရာ တရုတ်ရဲတပ်ဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး တရုတ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် လောင်းကစားလိမ်လည်မှုများကို ကာကွယ်နှိမ်နင်းရန်အတွက် တရုတ်နိုင်ငံအပါအဝင် အခြားနိုင်ငံများမှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြေးမုံ

# ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဝက်မွေးမြူရေးလုပ်ငန်းအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

မိုးနဲ ဩဂုတ် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် နောင်လိုင်ကျေးရွာအုပ်စု ခဲတောင်ကြီးကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ဝက်မွေးမြူရေးလုပ်ငန်းကိုတာဝန်ရှိသူများက ဩဂုတ် ၂၄ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းဖြင့် ခဲတောင်ကြီးကျေးရွာရှိ ဒေသခံပြည်သူများအား အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းထားပြီး မတည်ရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ဝက်မွေးမြူရေးလုပ်ငန်းကို တိုးပွားမွေးမြူရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ အဆိုပါကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်းဖြင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်



ထားရှိမှုအခြေအနေကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးဦးအာကာဖြိုးနှင့် တာဝန်ရှိသူများကကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဝိုးတောင်း

# သမားရိုးကျမဟုတ်သည့် လုံခြုံရေးစိန်ခေါ်မှုများနှင့် မဲခေါင်-လန်ချန်း ဒေသတွင်းနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများ

နန္ဒာလွင်မိုး( Myanmar-ISIS )

(ယမန်နေ့မှအဆက်)

**ဆွေးနွေးပွဲပထမပိုင်းတွင် ဆွေးနွေးခဲ့သည့်အကြောင်းအရာများ**

ယနေ့ခေတ်၏ သတင်းအချက်အလက် နည်းပညာကဏ္ဍမှာ အကန့်အသတ်မဲ့ ကြီးထွားလာပြီး လူမှုဘဝသည် ယခင်ကဲ့သို့ တစ်ဦးနှင့်တစ်ဦး၊ တစ်နေရာနှင့်တစ်နေရာ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်သွယ်ဆောင်ရွက်ရန် အချိန်များစွာမယူရတော့ဘဲ အင်တာနက်ဟူသည့် ပလက်ဖောင်းတစ်ခုအား အသုံးပြု၍ လုပ်ငန်းဆောင်တာ အတော်များများကို အချိန်တိုအတွင်း ပြီးမြောက်နိုင်ကြသည်။ ထို့ကြောင့် မိမိတို့ မဲခေါင်-လန်ချန်း ဒေသတွင်းနိုင်ငံများသည်လည်း အဆိုပါ နည်းပညာခေတ်ရေစီးကြောင်းတွင် မလွဲမသွေမျောပါနေကြပြီး အထူးသဖြင့် ငွေကြေးဆိုင်ရာနည်းပညာ၊ အီလက်ထရွန်နစ်ကုန်သွယ်ရေး အစရှိသည်တို့အား အကျိုးရှိရှိအသုံးပြုလာကြရာ ကွန်ရက်ချိတ်ဆက်မှုနှင့် အင်တာနက်ဝန်ဆောင်မှုများကို တစ်စထက်တစ်စ တိုးတက်တောင်းဆို အသုံးပြုလာလျက်ရှိပါသည်။ သို့သော်လည်း အဆိုပါပလက်ဖောင်းသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ၎င်းနည်းပညာကို ဖန်တီးထားကြသူများအပေါ် အလုံးစုံမှီခိုအသုံးပြုနေရခြင်းဖြစ်သောကြောင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အကျိုးဖြစ်ထွန်းသော်လည်း ရောင်ပြန်ဟပ်မှုအဖြစ် သတင်းအချက်အလက်များဖြစ်ပေါ်စေသည့် ဆိုက်ဘာလုံခြုံရေးစိန်ခေါ်မှုကိုပါ နောက်ဆက်တွဲရင်ဆိုင်ရလျက်ရှိပါသည်။ အင်တာနက်နည်းပညာအား နည်းလမ်းမျိုးစုံဖြင့် အသုံးချလျက်ရှိရာတွင် အီလက်ထရွန်နစ်မှုခင်းများ ဖြစ်ပေါ်လာသည့် အွန်လိုင်း လောင်းကစားများနှင့် လိမ်လည်မှုများကို ကျူးလွန်လျက်တစ်လွဲအသုံးချနေခြင်းများကိုလည်း ရင်ဆိုင်ကြရလျက်ရှိသည်။

ကာစီနိုကစားဝိုင်းများသည် သိသာထင်ရှားမြင်နိုင်သော လောင်းကစားမှုများဖြစ်သော်လည်း အွန်လိုင်း လောင်းကစားများမှာမူ မမြင်နိုင်ဘဲ ထိန်းချုပ်နိုင်ရန် ခက်ခဲပြီး နေရာအနှံ့၊ နိုင်ငံအနှံ့၊ ကမ္ဘာအနှံ့သို့ ပျံ့နှံ့လျက်ရှိကာ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးနှင့် စီးပွားရေးကို ခြိမ်းခြောက်လျက်ရှိပါသည်။ ဒေသတွင်း ဆိုက်ဘာရာဇဝတ်မှုများသည် တွင်ကျယ်စွာ ပေါ်ပေါက်လျက်ရှိနေရာ မဲခေါင်ဒေသတွင်းနိုင်ငံများက ပူးပေါင်းဖြေရှင်းရန် လိုအပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံနှင့် စပ်လျဉ်းပါကလည်း လောက်ကိုင်ဒေသနှင့် မြဝတီ၊ ရွှေကုက္ကိုဒေသတို့ကို ဆိုက်ဘာပြစ်မှုများဖြင့် သတင်းများတွင် လူသိများလျက်ရှိရာ နိုင်ငံတော်ပုံရိပ်ကို ထိပါးစေသည်ဟုယူဆပါသည်။

ဆိုက်ဘာ ရာဇဝတ်မှုများတွင် အများဆုံးတွေ့ရသည့် အမှုအခင်းများမှာ အွန်လိုင်းလောင်းကစား၊ ဘဏ်စာရင်း အကောင့် လိမ်လည်ထုတ်ယူမှု၊ တရားမဝင် မူးယစ်ဆေးဝါး မှောင်ခိုကူးမှု၊ ငွေကြေးခဝါချမှု၊ သတင်းအချက်အလက် တရားမဝင်ထောက်လှမ်းမှု၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ လိမ်လည်မှု၊ ငွေကြေးလွှဲပြောင်းပေးရန် လိမ်လည်စေခိုင်းမှုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အမြတ်ထုတ်မှုနှင့် လူကုန်ကူးမှုများဖြစ်ကြပါသည်။ လေ့လာစုံစမ်းမှုများအရ ရာဇဝတ်မှုကျူးလွန်သူများသည် စိတ်ပိုင်း/ရုပ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများကို အသုံးပြုကာ ကျူးလွန်ကြလေ့ရှိကြောင်း တွေ့ရှိရပါသည်။ ဆိုက်ဘာခြိမ်းခြောက်မှုများသည် ဆိုက်ဘာဝန်ဆောင်မှုကို တိုက်ခိုက်ခြင်း၊ ပုဂ္ဂိုလ်ရေး အချက်အလက်များအား ခိုးယူပြီး အလွဲသုံးစားပြုလုပ်ခြင်း၊ အစိုးရများ၏အချက်အလက်များ ပေါက်ကြားစေခြင်း၊ စီးပွားရေးလုပ်ငန်းများ၏ သတင်းအချက်အလက်များ ပေါက်ကြားစေခြင်းတို့အပြင် နိုင်ငံ (သို့မဟုတ်) အဖွဲ့အစည်းတစ်ခု (သို့မဟုတ်) စီးပွားရေးလုပ်ငန်း၏ အုပ်ချုပ်မှုယန္တရားကို တဖြည်းဖြည်း ထိခိုက်စေလာနိုင်ပါသည်။

နည်းပညာများ တိုးတက်လာသည်နှင့်အမျှ ဆိုက်ဘာရာဇဝတ်မှုများကို လုပ်ဆောင်လာကြသည့် နည်းပညာရပ်များသည်လည်း ကျွဲကူးရေပါဆိုသကဲ့သို့ မြင့်မားလာကာ နောက်ပိုင်းတွင် အလေးပေးဖြေရှင်းရမည့် အဓိကပြဿနာများ ဖြစ်လာကြပါသည်။ အထက်ဖော်ပြပါ ဆိုက်ဘာမှုခင်းများအပြင် ကမ္ဘာတစ်ဝန်း အကြမ်းဖက်မှုများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများသည် ဥပဒေကြောင်းအရ အရေးယူနိုင်ရန် ခက်ခဲလျက်ရှိပြီး ယင်းပြဿနာများကို တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်နိုင်ငံချင်းအနေဖြင့် ဖြေရှင်း၍မရနိုင်သည်မှာ အများအသိပင်ဖြစ်ပါသည်။

သို့ဖြစ်၍ အဆိုပါပြဿနာများကို ဒေသတွင်းနိုင်ငံများအနေဖြင့် လက်တွဲဖြေရှင်းကြရမည်ဖြစ်ပြီး ယခုကဲ့သို့ ဆွေးနွေးပွဲများပြုလုပ်၍ အဖွဲ့ဝင်နိုင်ငံများမှ အသိပညာရှင်သုတေသီများ ပူးပေါင်းပြီး အတွေးအခေါ်အယူအဆသစ်များ ဖန်တီးဖော်ထုတ်ကာ အဆုံးအဖြတ်ပေးကြရမည့် သက်ဆိုင်ရာအာဏာပိုင်များအတွက် အထောက်အကူပြုမည့် အကြံဉာဏ်များ ပေးနိုင်မည်ဆိုပါက မဲခေါင်-လန်ချန်း ဒေသတွင်းနိုင်ငံများအကြား သမားရိုးကျမဟုတ်သည့် လုံခြုံရေးစိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းရန်အတွက် များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ပါသည်။

**❛ ကာစီနိုကစားဝိုင်းများသည် သိသာထင်ရှားမြင်နိုင်သော လောင်းကစားမှုများ ဖြစ်သော်လည်း အွန်လိုင်းလောင်းကစားများမှာမူ မမြင်နိုင်ဘဲ ထိန်းချုပ်နိုင်ရန် ခက်ခဲပြီး နေရာအနှံ့၊ နိုင်ငံအနှံ့၊ ကမ္ဘာအနှံ့သို့ ပျံ့နှံ့လျက်ရှိကာ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးနှင့် စီးပွားရေးကို ခြိမ်းခြောက်လျက်ရှိပါသည်။ ဒေသတွင်း ဆိုက်ဘာရာဇဝတ်မှုများသည် တွင်ကျယ်စွာ ပေါ်ပေါက်လျက်ရှိနေရာ မဲခေါင်ဒေသတွင်း နိုင်ငံများက ပူးပေါင်းဖြေရှင်းရန်လိုအပ် ❜**

**ဆွေးနွေးပွဲ ပထမပိုင်းမှ လက်တွဲပူးပေါင်းဖြေရှင်းနိုင်ရေး အဆိုပြုချက်များ**

ဆိုက်ဘာ ရာဇဝတ်မှုများအား တိုက်ဖျက်နိုင်ရန်အတွက် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပြီး ဆိုက်ဘာရာဇဝတ်မှုများအပေါ် ဒေသတွင်းနိုင်ငံများက လက်တွဲကာ ပေါင်းစည်းအဖွဲ့တစ်ရပ်ဖွဲ့စည်း၍ ယင်းမှတစ်ဆင့် ရှုပ်ထွေးသော နယ်စပ်ဖြတ်ကျော် ဆိုက်ဘာရာဇဝတ်မှုများကို ဦးဆောင်တိုက်ဖျက်သင့်ပါသည်။ ယင်းအဖွဲ့သည် ဆိုက်ဘာရာဇဝတ်မှုများနှင့် စပ်လျဉ်း၍ သတင်းအချက်အလက် ကောက်ယူခြင်း၊ မျှဝေခြင်းနှင့် သုံးသပ်ခြင်းတို့ပြုလုပ်ရန်၊ ဒေသဆိုင်ရာ လမ်းပြမြေပုံကို ပူးတွဲမဟာဗျူဟာ ချမှတ်ရေးဆွဲကာ ဦးစားပေးနှင့် မဟာဗျူဟာများ ချမှတ်ဖော်ဆောင်ရေး၊ မဟာဗျူဟာအား အကောင်အထည်ဖော်ခြင်းနှင့် သုံးသပ်ခြင်းများ ဆောင်ရွက်ရေး၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ စွမ်းရည်တည်ဆောက်ရေး၊ ပုဂ္ဂလိက၊ ပြည်သူ၊ အသိပညာရှင်နှင့် အစိုးရမဟုတ်သော အစရှိသည့် သက်ဆိုင်သူများ အားလုံးပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှုတို့ ဆောင်ရွက်ရေးတို့ဖြစ်သည်။ ထို့အပြင် ဆိုက်ဘာရာဇဝတ်မှုများနှင့်စပ်လျဉ်း၍ စွမ်းရည်တည်ဆောက်ရေး၊ တိုးတက်နေသည့် နည်းပညာကို အသုံးပြုရေး၊ ပြည်သူများအကြား အသိပညာပေးရေး၊ ဥပဒေနှင့် နည်းဥပဒေများ တိုးမြှင့်ထိန်းချုပ်ရေး၊ ဆိုက်ဘာ နည်းပညာရှင်များထံမှ နည်းပညာ အထောက်အကူရယူရေး၊ မဲခေါင်-လန်ချန်း ဒေသတွင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးပွဲတွင် အသိပညာရှင်များက အဆိုပြုခဲ့ကြပါသည်။

**ဆွေးနွေးပွဲ ဒုတိယပိုင်းတွင် ဆွေးနွေးခဲ့သည့်အကြောင်းအရာများ**

မဲခေါင်-လန်ချန်းဒေသသည် ပထဝီအနေအထား၊ ရာသီဥတုနှင့် အရင်းအမြစ်များကြွယ်ဝကြပြီး ဒေသတွင်းနိုင်ငံအားလုံးသည် စိုက်ပျိုးရေးကို အဓိကအားထားကာ နိုင်ငံအား တည်ဆောက်ထားကြသဖြင့် စိုက်ပျိုးရေးသည် ဒေသတွင်းစီးပွားရေးတိုးတက်မှု၏ တွန်းအားဖြစ်ပါသည်။ သို့ရာတွင် ရာသီဥတုပြောင်းလဲမှုများကြောင့် စိုက်ပျိုးရေးကို ထိခိုက်ကာ ဒေသတွင်း စီးပွားရေးသာမက ကမ္ဘာ့စီးပွားရေးကိုပါ ရိုက်ခတ်မှုများရှိနေပြီး ကမ္ဘာ့စားရေရိက္ခာထောက်ပံ့မှုကွင်းဆက်ကို အနှောင့်အယှက်ပြုလျက်ရှိပါသည်။ သို့ဖြစ်ရာ ဒေသတွင်းနိုင်ငံများတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်ပါ စားရေရိက္ခာဈေးနှုန်းမြင့်တက်နေသဖြင့် စားရေရိက္ခာဖူလုံရေးအတွက် စိုးရိမ်မကင်းဖြစ်လာလျက်ရှိပါသည်။

စားရေရိက္ခာလုံခြုံမှုမရှိရခြင်းသည် လူမှုဘဝ ညီမျှမှုမရှိခြင်း၊ အစားအစာဈေးကစားခြင်း၊ သီးနှံမျိုးရင်းများ လျော့ပါးကျဆင်းခြင်း၊ ဇီဝပြုပြင်မှုရှိခြင်းများနှင့် မျိုးဆက်သစ်လယ်သမားများ နေရပ်မှ စွန့်ခွာခြင်းတို့ကြောင့်လည်း ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။

အထက်ဖော်ပြပါ စားရေရိက္ခာဖူလုံရေးပြဿနာများအပြင် ယနေ့အချိန်အခါတွင် လူအများစုသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ယခင်ခေတ်လူများထက် ပိုမိုရုန်းကန်လှုပ်ရှားနေရပြီး အိမ်ထောင်စုတိုင်းနီးပါးတွင် အိမ်ရှိလူအားလုံး အိမ်ပြင်သို့ထွက်၍ အလုပ်လုပ်ကိုင်နေရသဖြင့် နေ့စဉ်ပုံမှန်ချက်ပြုတ်စားသောက်မှုပုံစံမှာ ကွယ်ပျောက်လာပြီး အလွယ်တကူရရှိသည့် အစားအစာများ၊ အသင့်စား အစားအစာများ ပိုမိုအားပြုစားသုံးလာကြသည်ကို တွေ့ရှိရသည်။ အသင့်စားစားဖွယ်ဥပမာ ခေါက်ဆွဲခြောက် စသည်တို့သည် အာဟာရတန်ဖိုး နည်းပါးခြင်းကြောင့် လူများစုသည် အာဟာရပြည့်ဝသည့် အစားအစာများစားသုံးနိုင်မှု ကျဆင်းလာလျက်ရှိလာပါသည်။ ထို့အပြင် ပြည်သူများသည် စိုက်ပျိုးသီးနှံထုတ်ကုန်ကျဆင်းမှု၊ ဇီဝပြုပြင်ပြောင်းလဲထားသည့် အသီးအနှံနှင့် အသီးအရွက်များ စားသုံးမှုတို့ကြောင့် အာဟာရခာတ်ချို့တဲ့သည့် နောက်ဆက်တွဲပြဿနာများကို ရင်ဆိုင်လာနေကြရပါသည်။

သို့ဖြစ်၍ အထက်ဖော်ပြပါ ပြဿနာရပ်များ လျှော့ချနိုင်ရေးအတွက် မဲခေါင်-လန်ချန်း ဒေသတွင်း စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ MLC Bumper Harvest projects ကို ၂၀၂၀ ပြည့်နှစ်တွင် မဲခေါင်-လန်ချန်း ဒေသတွင်းနိုင်ငံများက စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် Lancang-Mekong Agricultural Cooperation Action Plan ကို စတင်ဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ ၁၇ သို့ ❁



ဇူလိုင် ၁၄ ရက်က မဲခေါင်-လန်ချန်း နိုင်ငံများအကြား သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲတွင် တာဝန်ရှိသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

# တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲ ပိတ်ပွဲကျင်းပ



ရန်ကုန် ဩဂုတ် ၂၆

ပညာရေးဝန်ကြီးဌာန ဆရာ အတတ်ပညာဦးစီးဌာန သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ် တိုင်းရင်းသား ဘာသာစကားသင် ဆရာ ဆရာမများ အထောက်အကူပြုဆွေးနွေးပွဲ(၂/၂၀၂၃)ပိတ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက အဆိုပါ ကောလိပ်ရှိ ပညာနေခြည်ခန်းမ၌ ကျင်းပသည်။

**ပေးအပ်**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက အဖွင့်အမှာစကား ပြောကြားပြီး သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်က သင်တန်းပြီးမြောက်ကြောင်း လက်မှတ်ကို မြို့နယ်ကိုယ်စားပြု ဆရာမများအား ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းရင်းသားရေးရာဝန်ကြီးက သင်တန်းသား သင်တန်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

လှလှနွယ်(သင်္ဃန်းကျွန်း)

---

❁ စာမျက်နှာ ၁၆ မှ

**ဆွေးနွေးပွဲ ဒုတိယပိုင်းမှ လက်တွဲ ပူးပေါင်းဖြေရှင်းနိုင်ရေး အဆိုပြုချက်များ**

သို့ဖြစ်၍ စားရေရိက္ခာလုံခြုံရေးနှင့် စပ်လျဉ်း၍ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့် မျိုးစေ့များ၊ ခေတ်မီစိုက်ပျိုးရေး ကိရိယာများ အသုံးပြုရန်နှင့် ဓာတ်မြေဩဇာလျှော့ချရေး အသုံးပြုရေးတို့ဆောင်ရွက်သင့်ကြောင်းနှင့် ပြည်သူများအားလုံး စားရေရိက္ခာလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့၏ ဆက်စပ်မှုကို နားလည်ပြီး ဒေသတွင်း ပြည်သူများအားလုံး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုလိုအပ်ကြောင်းကိုပြည်သူများအား အသိပညာပေးသင့်ပါကြောင်း ဆွေးနွေးပွဲ၌ အသိပညာရှင်များက အဆိုပြုခဲ့ကြပါသည်။

**နိဂုံး**

နိဂုံးချုပ်အားဖြင့်ဆိုရလျှင် သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များအနက် အရေးပါသည့် ရေအရင်းအမြစ်ဖြစ်သည့် မဲခေါင်/လန်ချန်းမြစ်တစ်ခုတည်းကို တည်မှီကာ မျှဝေသုံးစွဲလျက်ရှိကြသည့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော နိုင်ငံများအကြား ပိုမိုရင်းနှီးချစ်ကြည် သည့်ဆက်ဆံရေးကို မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ဒေသတွင်းပြည်သူများ ကြုံတွေ့နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခြင်းဖြင့် အတူတကွအဖြေရှာ၍ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဖန်တီးတည်ဆောက်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်ကျင်းပခဲ့သည့် ဆွေးနွေးပွဲကြီး အောင်မြင်စွာပြီးမြောက်ခဲ့ပြီဖြစ်ပါသည်။ ဆွေးနွေးပွဲ၏ ဆွေးနွေးချက်၊ အကြံပြုချက်များ၊ သုံးသပ်ချက်များသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံများ၏ သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများအပေါ် အရေးယူတုံ့ပြန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အတိုင်း အတာတစ်ခုအထိ အထောက်အကူပြုနိုင်မည်ဆိုပါက ယခုဆွေးနွေးပွဲသည် အမှန်တကယ်အကျိုးရှိစေတော့မည် ဖြစ်ပါသည်။ ။

---

# မိုးညှင်းမြို့၌ အီးအမ်စူပါဘိုကာရှီပြုလုပ်နည်းနှင့် ကြဲပက်ခြင်း ကွင်းသရုပ်ပြ

မိုးညှင်း ဩဂုတ် ၂၆

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်းဟဲကျေးရွာအုပ်စု တောင်သူဦးကျော်လင်းဦး၏ လယ်မြေတွင် အီးအမ်စူပါဘိုကာရှီပြုလုပ်နည်းနှင့် ကြဲပက်ခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းများက ကွင်းသရုပ်ပြသခဲ့ကြောင်း သိရသည်။



ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးတင့်မျိုးကိုက ကွင်းသရုပ်ပြသရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ရောစပ်ထားသည့် အီးအမ်စူပါဘိုကာရှီသဘာဝမြေဩဇာများကို မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများက တောင်သူများအား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် မြေဩဇာကြဲပက်ခြင်းကို ကွင်းသရုပ်ပြသခဲ့ကြောင်း သိရသည်။

ကွင်းသရုပ်ပြသပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စက်မှုစိုက်ပျိုးနှင့် မွေးမြူရေး အထက်တန်းကျောင်းမှ စိုက်ပျိုးရေးပညာ ဘာသာရပ်သင် ကျောင်းသား ကျောင်းသူများနှင့် တောင်သူများ တက်ရောက်လေ့လာကြသည်။

နိုက်ထရိုဂျင်ဓာတ် ပါသော မြေဩဇာများကို ထည့်သွင်းအသုံးပြုရာတွင် ရေနှင့်အတူ စီးဆင်းပျောက်ဆုံးခြင်းများ၊ လေထုအတွင်း အငွေ့ပြန်ပျောက်ဆုံးခြင်းနှင့် စိမ့်ရေနှင့်အတူ မြေထုအတွင်း စိမ့်ဆင်းဝင်ရောက်ပျောက်ဆုံးခြင်း စသည့် လေလွင့်ပျောက်ဆုံးမှုများ ဖြစ်ပေါ်နိုင်သည့်အတွက် သဘာဝမြေဩဇာများနှင့် ရောစပ်အသုံးပြုနိုင်ရေး အီးအမ်စူပါဘိုကာရှီ ပြုလုပ်နည်းကို ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။ **ရွှေမိုးညှင်း(ပြန်/ဆက်)**

---

# လက်ပံတန်းမြို့နယ်၌ အထက်တန်းကျောင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

လက်ပံတန်း ဩဂုတ် ၂၆

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဩဂုတ် ၂၆ ရက်က မင်းရပ်ရပ်ကွက် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးမိုး၊ လက်ထောက်မြို့နယ်ဦးစီးမှူး ဦးဇော်သန်းနှင့် ဝန်ထမ်းများသည် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူ ၁၃၆ ဦးတို့အား ပန်းခင်းစီမံချက်(၂) အရ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။ အလားတူ ဘီးလင်းတန်းရပ်ကွက် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင်လည်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဆင့်(လက်ပံတန်း)**

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၈-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၁၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၀ | ၂၃၆၀ | ၂၃၈၀ | ၂၃၆၅ | ၂၃၄၅ | ၂၄၄၀ | ၂၄၆၀ | ၂၃၅၀ | ၂၃၆၀ | ၂၃၉၅ | ၂၃၉၅ | ၂၄၀၀ | ၂၆၃၀ | ၃၃၁၅ |
| 95 Ron | ၂၄၄၀ | ၂၄၉၀ | ၂၄၈၅ | ၂၄၄၅ | ၂၄၈၅ | ၂၅၁၀ | ၂၄၉၅ | ၂၄၇၀ | ၂၅၇၀ | ၂၅၈၅ | ၂၄၈၀ | ၂၄၉၅ | ၂၅၂၅ | ၂၅၂၅ | ၂၅၃၀ | ၂၇၅၅ | ၃၄၁၅ |
| HSD (500 ppm) | ၂၄၅၅ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၉၀ | ၂၆၁၀ | ၂၆၀၅ | ၂၄၉၅ | ၂၅၀၅ | ၂၅၄၀ | ၂၅၄၀ | ၂၅၄၅ | ၂၇၇၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၅၃၀ | ၂၅၈၀ | ၂၅၈၀ | ၂၅၄၀ | ၂၅၈၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၆၅ | ၂၆၈၅ | ၂၆၈၀ | ၂၅၇၀ | ၂၅၈၅ | ၂၆၁၅ | ၂၆၂၀ | ၂၆၂၀ | ၂၈၅၀ | ၃၄၇၅ |
| HSD (10 ppm) | ၂၅၃၀ | ၂၅၈၀ | ၂၅၈၀ | ၂၅၄၀ | ၂၅၈၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၆၅ | ၂၆၈၅ | ၂၆၈၀ | ၂၅၇၀ | ၂၅၈၅ | ၂၆၁၅ | ၂၆၂၀ | ၂၆၂၀ | ၂၈၅၀ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၉ | ၂၂၇၆ |
| 95 Ron | ၂၃၂၃ | ၂၄၀၃ |
| HSD (500 ppm) | ၂၃၃၉ | ၂၄၁၅ |
| HSD (50 ppm) | ၂၄၁၃ | ၂၄၉၁ |
| HSD (10 ppm) | ၂၄၁၃ | ၂၄၉၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

---

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၁၀၄ စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် လေးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၆-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၅-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၀၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၁ ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

---

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

## ဝတ္ထုတို

**မမလေး**




**အခန်း ၁**

"သား မင်းအဖေ အဒေါ်ပုတို့အိမ်မှာ ရောက်နေတယ်ပြောတယ်၊ သွားတွေ့ချင် တွေ့လိုက်လေ"

အမေ၏ စကားသံသည် အေးတိအေး စက်နိုင်လွန်းသည်။ အမေ့မျက်နှာကို အောင်တိုး အမိအရကြည့်မိတော့ အမေ သည် ဦးတည်ချက်မရှိဘဲ တစ်နေရာရာသို့ လှမ်းမျှော်ကြည့်နေဟန်ရှိသည်။

"မတွေ့တော့ပါဘူး အမေရာ....."

အောင်တိုးစကားသံလည်း တစ်ဝက် တစ်ပျက်နှင့် ဖြတ်ချလိုက်သည်ကိုလည်း အမေသိမည်ထင်သည်။

"သား...."

ဒုတိယအကြိမ်မြောက်ထွက်လာသော အမေ့စကားသံသည် ပထမနှင့်မတူတော့။

အမေမျက်လုံးတွေနှင့် အကြည့်ချင်း ဆုံမိသော်လည်း အောင်တိုးမျက်နှာ လွှဲခဲ့သည်။

"ဘာတွေပဲ ဖြစ်ခဲ့ ဖြစ်ခဲ့ အဖေဟာ အဖေပဲ၊ အမေတို့ကြားက ကိစ္စတွေကြောင့် သားအဖေအပေါ်မှာ စိတ်မကွက်ပါနဲ့၊ သွားတွေ့လိုက်ပါသား"

အမိန့်မဆန်သော အမေ့စကားများကို လိုက်နာရန် ငြင်းဆန်လိုသော်လည်း ရင်ငုံ နှုတ်ပိတ်နေမိသည်။ သားအမိနှစ်ယောက် ကြား စကားသံများတိတ်ဆိတ်သွားသော် လည်း ရင်ထဲ၌ စကားလုံးပေါင်းများစွာရှိ နေပေသည်။

**အခန်း ၂**

"ခင်သန်း.....ခင်သန်း"

ဦးတင်မောင် ခေါ်သံမှာ အင်ပြည့်အား ပြည့်။ ဒူးအထက်ခပ်တိုတိုဝတ်ထားသည့် ပုဆိုးကို အားမလိုအားမရပုံစံဖြင့် ဆွဲ မတင်ထားသည့်ပုံစံသည် လူမြင်မတင့်တယ် လှပေ။

"ဒီမိန်းမ အိမ်မှာမနေဘဲ ဘယ်လင်ငယ် နဲ့ အလေလိုက်နေတာလဲ ခင်သန်း..... ဟေ့....ခင်သန်း"

ဒေါသ ငယ်ထိပ်ဆောင့်သည့်လေသံ သည် ပတ်ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းနေ၏။ ကြားနေကျအသံဖြစ်သည့်အတွက် မည်သူ တစ်ဦးတစ်ယောက်မျှ အရေးတယူမရှိကြ။ အားလုံးသောလူများသည် နှာခေါင်းရှုံ့ မေးတွန့်ကြ၏။ ဟင်းရွက်စုံချဉ်ဖတ်သည် ထမင်းစားမြိန်စေသော်လည်း လူ့ချဉ်ဖတ် ဦးတင်မောင်ကိုမူ ဇနီးသည်မှတစ်ပါး အားလုံးနီးပါး ရွံမုန်းကြပေသည်။

"ဂလုံ ဂလုံ......."

အိမ်အပေါ်မှ ဖရိုဖရဲပြေးဆင်းကြကုန် သော စတီးဇလုံနှင့်ဇွန်းများသည် မြေထဲမြေ ပေါ်တွင် ပြန့်ကျဲနေသည်။ အိမ်၌ စိတ်ကြိုက် ဝုန်းဒိုင်းကြဲပြီးသော်လည်း ခင်သန်းကို မတွေ့ရ၍ ဘဝင်မကျ။ သည်မိန်းမ သည် အချိန် မည်သည့်နေရာတွင် ရှိနေတတ် သည်ကို သူကောင်းစွာသိသည်။ စိတ် အလျှဉ်ကြောင့် ထင်သည်။ ဦးတင်မောင် ခြေလှမ်းကျဲကြီးများဖြင့် ဒုန်းစိုင်းသွားသော မြေနီလမ်းကျဉ်းသည် ဖုန်တလိမ့်လိမ့် ထနေ၏။ ညနေဆည်းဆာချိန်သည် ဦးတင်မောင်၏ အရိုင်းဆန်မှုများကြောင့် အကျည်းတန်နေပေသည်။

**အခန်း ၃**

"ခင်သန်းရေ မနက်ဖြန်လည်း လာခဲ့ဦး"

ကမ်းပေးသည့် ငွေစက္ကူတစ်ထောင် တန်နှင့်ငါးရာတန်ခပ်နွမ်းနွမ်းကို လိပ်ယူ၍ ရင်ဘတ်ထဲသို့ထည့်ကာ မျက်နှာချိုသွေး၍ ခေါင်းညိတ်ပြသည်။

"မျှစ်ချဉ်ဟင်းတွေပါ ယူသွားဦးနော်။ မနက်ဆိုမကောင်းတော့ဘူး။ များများယူ သွားနော်"

အိမ်ရှင်စကားကြောင့် ပီတိဖြစ်၍ ကြွပ်ကြွပ်အိတ်ထဲသို့ မျှစ်ချဉ်ဟင်းများ ထည့်ယူ၍ပြန်ခဲ့သည်။ ခင်သန်းသည် ရွာ၌ လူကုံထံအိမ်ရှင်မအတွက် လက်တို လက်တောင်းအဖော်ပင်။ အဝတ်လျှော်၊ ချက်ပြုတ်၊ မီးပူတိုက်။ နင်းနှိပ်ပေး၊ ဆံပင်ဖြူ နုတ်ပေး အလုပ်များကို ခင်သန်းက အပိုင် စားရထား၏။ ရွယ်တူတန်းတူ အမျိုးသမီး များ၊ ငယ်ပေါင်းကြီးဖော်များနှင့် အိမ်ထောင် ကျချင်း အတူတူကိုပင် ရည်တူမနေရသည် က ခင်သန်း၏ကံတရားကို ရိုးမယ်ဖွဲ့ဆိုရ ပေမည်လား။

**အခန်း ၄**

ပုဆိုးကွင်းသိုင်းနှင့် ဒယီးဒယိုင် လျှောက်လာသည့် ဦးတင်မောင်ကို မြင်ရ၍ မောပန်းသမျှ ရင်ဝ၌တစ်ဆို့ရပြန်၏။

"ကိုတင်မောင်ရယ် အိမ်မှာပဲနေတာ မဟုတ်ဘူး။ ဘာလို့လိုက်လာရတာလဲတော်"

လင်တော်မောင်၏အမြင်ပသာဒမတင့် လှသောမြင်ကွင်းကြောင့် ပြောလိုက်မိသော စကားသည် သူ့အတွက် ဒဏ်ပြန်သက် ရောက်မှုမှာ အားပြင်းလှ၏။

"သြော်....ငါလိုက်လာတော့ မင်းက လင်ငယ်နဲ့နေရတာ မလွတ်လပ်ဘူးပေါ့"

လင်ကျွေးမှု၊ သားစားမှုများအတွက် ထဘီမကျန် အတွင်းခံပါ လျှော်ရသော သူ့ ဘဝကို မိမိကိုယ်သာ ယူကျုံးမရဖြစ်ရ၏။ လင်ကိုဘုရားသဖွယ် ကိုးကွယ်ကြင်နာသမျှ သူမပြန်ရသည့်အရာရာသည်အချည်းနှီးပင်။

"ဘယ်အချိန်ရှိနေပြီလဲ ဒါမိန်းမကောင်း ပြန်လာချိန်လား"

"အို...ကိုတင်မောင်ရယ် ကိုယ့်ရပ် ကိုယ့်ရွာမှာ ကျွန်မဘာလုပ်တယ်ဆိုတာ လူတိုင်းသိတာပဲ၊ မဟုတ်တာတွေမပြော ပါနဲ့လားရှင်။ လမ်းမကြီးမှာ လူကြားလို့ မကောင်းပါဘူး"

ခင်သန်းသည် ရလိုရငြားဖျောင်းဖျပြော ဆိုသော်လည်း ဦးတင်မောင်၏ လက်ငါး ချောင်းသည် ခင်သန်း၏ ဆံပင်များကို အားနှင့်စုဆွဲခြင်းကို ခံလိုက်ရသည်။

"မင်းကများ ငါ့ကိုခံပက်နေတာ လာခဲ့...ကောင်မ.."

မထင်မှတ်ဘဲ အနိုင်ကျင့်ခံရခြင်းအပေါ် ခုခံကာကွယ်ခြင်းမပြုနိုင်ခဲ့။ အားမတန် မာန်လျှော့၍သာ ဆွဲခေါ်ရာသို့ ကစဉ့်ကရဲ လိုက်ပါသွားရသည်။ ဆံပင်ဆွဲထား၍ နာကျင်ခြင်းမှာ အသည်းခိုက်သော်လည်း မိသားစုညစာ မျှစ်ချဉ်ဟင်းထုပ်လေး လွတ်ကျမသွားစေရန်လည်း ကျစ်ကျစ် ပါအောင် ဆုပ်ကိုင်ထားမိသည်။

**အခန်း ၅**

"ခင်သန်း ပြန်ပြောဦးမလား ငါ့ကို...ဟမ်"

"မပြောတော့ပါဘူး ကိုတင်မောင်ရယ် ကြောက်ပါပြီ၊ ကျွန်မ တောင်းပန်ပါတယ်၊ ဟီး...ဟီး...ဟီး..."

အိမ်ထောင့်လေးတွင် နှုတ်ခမ်းထောင့် စွန်းမှသွေးများနှင့် လက်အုပ်ချီတောင်းပန် ငိုယိုနေသောအမေနှင့် ဒေါသမာန်ချီကာ ခွန်အားသုံးအနိုင်ကျင့်နေသော အဖေ တို့ကြား အောင်တိုး၏ ကြောက်လန့်ငိုယို သံမှာလည်း သဲ့သဲ့လေးပျံ့လွင့်နေ၏။

"သား.....သား....."

အောင်တိုး ဘယ်အချိန်က အိပ်ပျော် သွားသည်မသိ။ လေသံဖျော့ဖျော့နှင့် အမေ့ လှုပ်နှိုးသံကြားမှာ အိပ်မှုန်စုံမွှား အလူးအလဲ ထမိသည်။

"သား....ထမင်းစားမယ်လေ လာ ဗိုက် ဆာနေပြီလား"

ဖူးရောင်နေသော အမေ့မျက်နှာနှင့် ခိုတွဲကျနေသောမျက်ရည်စများကြားမှ ဆာလောင်ခြင်းဟူသည် မည်သို့လွင့်စင် သွားသည်မသိ။

"သား...သား...မစားချင်ဘူး....အမေ"

ရှိုက်သံထွက်၍ ပြောလာသော အောင် တိုးစကားကြောင့် အမေသည် အောင်တိုး ခေါင်းလေးကိုပွေ့ဖက်၍ကြင်နာစွာ ပွတ်သပ် ပေး၏။

"အမေ ဘာမှမဖြစ်ပါဘူး သားရယ်၊ သားထမင်းစားနော် အမေခွံ့ကျွေးမယ်လာ"

အမေခေါ်ရာသို့ခြေသံဖော့၍ထလျှောက် ခဲ့သည်။သား၏အဖေ အမေဖြစ်သူ ၏ခင်ပွန်း ဤအိမ်၏အိမ်ဦးနတ်ဟုဆိုထိုက် သော ကိုတင်မောင်သည် အိမ်ရှေ့မျက်နှာ စာ၌ ဆန့်ကားလျက် စည်းစိမ်ယူနေ လေပြီဖြစ်သည်။

**အခန်း ၆**

"ခင်သန်းရေ....ခင်သန်း...."

အိမ်ရှေ့မှခေါ်သံကြောင့်ဆူပွက်နေသော ထမင်းအိုးကို အသာချကာ ထွက်ခဲ့သည်။

"ရှင့်...သြော် ဦးစိုးပါလား၊ ဘာကိစ္စ ရှိလို့လဲရှင့်"

"အေး နေ့လယ်ကျရင် နင့်အစ်မက အိမ်လာပါဦးတဲ့ မှာလိုက်လို့"

"သြော်...ဟုတ်ကဲ့ ကျွန်မလာခဲ့ပါ့မယ်"

စိတ်ထဲပျော်သွားရသည်။ ဦးစိုးတို့ မိသားစုသည် ငွေကြေးအသင့်အတင့်ရှိ သကဲ့သို့ အပေးအကမ်းရက်ရောမှုလည်းရှိ သည်။သည်နေ့တော့ နှစ်ထောင်၊ သုံးထောင် တော့ ငွေဝင်မည်ဟု အပိုင်တွက်ကာ ပြုံးမိပါ သည်။

"ဟဲ့ ကောင်မ၊ လင်ငယ်နဲ့ အချိန်း အချက်လုပ်ပြီး ပျော်နေတယ်ပေါ့"

စကားသံနှင့်အတူ ကျောပြင်သို့ ထိရိုက် လာသည့် ကန်ချက်ကြောင့် ရှေ့ထိုးကျ၍ လက်ထဲမှ ထမင်းအိုး မမှောက်ကျရန် ထိန်းလိုက်ရသည်။

"ကိုတင်မောင်ရယ် ဘယ်လိုလုပ်လိုက် တာလဲရှင်"

"မင်း...မသိလိုက်ဘူးလား၊ ငါဘာလုပ် လိုက်လဲတောင်"

"ဒေါသမထွက်ပါနဲ့ရှင်၊ ကျွန်မက ရှင့်ပဲချစ်တာပါတော်၊ အခုက မနေ့က သူတို့သမီး မြို့ကျောင်းကပြန်လာပြီလေ၊ လျှော်ဖွပ်စရာတွေပါလို့ လာခေါ်တာပါ"

"ဒီမှာ တော်ကြိုက်တဲ့ အမဲခြောက် လေးဖုတ်ထားပေးတယ်။ ခုံအောက်မှာ လည်း အဆင့်သင့်ရှိပြီသား"

ထိုသို့သော စကားမျိုးကြောင့် ကိုတင်မောင်မျက်နှာ ဒေါသရိပ်ကင်း၏။

"ပြီးတာပဲ..."

ထွက်သွားသော လင်တော်မောင်၏ ကျောကို ကြည့်လျက် ပြုံးမိသည်။

**အခန်း၇**

"ဟယ် ဟုတ်ရဲ့လား၊ ထင်တောင် မထင်ရဘူးနော်"

"ဟုတ်ပ့ါအေ၊ သူ့လိုအမူးသမားများ ဘယ်လိုမိန်းမကသဘောကျတယ်မသိဘူး"

"ဟုတ်ပ့ါဟယ်၊ အစကတော့ သူ့မိန်းမ ကိုစိတ်မချလို့ ဟိုလူနဲ့ပေးစား၊ သည်လူနဲ့ သမုတ်နဲ့၊ အခုတော့သူဖြစ်နေတာကိုး"

ကျောင်းအပြန်ဈေးဆိုင်မှပြောဆိုနေ ကြသောစကားသံများကို အောင်တိုး တိတိ ကျကျမသိ။ သူ့မိသားစုအကြောင်း ဆိုသည်မှာတော့ သူသိသည်။ သို့သော်.... အကြောင်းအရာ ကိုမသိ။

"အမေ....အမေ...."

တိတ်ဆိတ်နေသော အိမ်ခြံဝင်းလေးထဲ အောင်တိုးခေါ်သံမှာလွင့်နေ၏။ မည်သူ တစ်ဦးတစ်ယောက်၏အရိပ်အယောင်မျှ မတွေ့ရ။

"အမေ....အမေ....."

အဆက်မပြတ်ခေါ်သံနှင့်အတူ အောင် တိုး ခြေလှမ်းကျဲဖြင့် အိမ်ပေါ်သို့ပြေး တတ်သွားလျှင်–

ဒူးတစ်ဖက်ထောင်လျက်မှိုင်တွေငေးနေ သော အမေ့ပါးပြင်ထက်တွင် မျက်ရည် စီးကြောင်းများကို အတိုင်းသားမြင်တွေ့ရ ပေသည်။

"အမေ...အမေ....လူတွေပြောနေ ကြတယ် အဖေက..."

အောင်တိုးစကားမဆုံးခင် အမေက

"သား...သားအတွက်ညီလေးလား၊ညီမ လေးလားမသိဘူး အမေ့ဗိုက်ထဲမှာ ရှိနေပြီ"

"တကယ်လား အမေ"

"တကယ်ပေ့ါသားရယ်၊ သားအဖေ ကလေ နောက်ထပ်ကလေးလေးအတွက် အလုပ်သွားလုပ်ပြီ သားရဲ့"

ကတုန်ကယင်နှင့်အမေ့စကားသံသည် တဒင်္ဂကျေနပ်မှုရစေခဲ့သော်လည်း မုသား စကားဆိုသည်မှာ အချိန်အတိုင်းအတာ တစ်ခုတွင် သိခဲ့ရပေသည်။

**အခန်း၈**

"လေးလုံးလား မသိပါဘူး။ ပုံစံကိုကြည့် ပါလား။ မသတီစရာပါအေ"

"ဟဲ့...ဟုတ်မယ် သူ့မယားငယ်က အရှုပ်မလေ၊ အရင်ကဆိုလင်နှစ်ယောက် ရှိတာ အဲဒါပဲနေမှာပေ့ါ"

ဆယ်စုနှစ်တစ်ခုအကြာ အဖေပြန် ရောက်နေသည့် သတင်းစကားနှင့်အတူ ပတ်ဝန်းကျင်၏မှတ်ချက်စကား အမျိုး မျိုးသည် ဒုနဲ့ဒေးပင်။

"သား အမေတို့က မပတ်သက်လို့ရ တယ်။ ဒါပေမဲ့ သား ခန္ဓာကိုယ်မှာစီးနေတဲ့ သွေးဟာ အဖေ့သွေး တစ်ဝက်ပါတဲ့အတွက် ငါ့သားလေး အပြစ်မယူပါနဲ့၊ သူ့နောက် ဆုံးအချိန်ဟုတ်သည်ဖြစ်စေ၊ မဟုတ်ဖြစ်စေ သူဟာသားအပေါ်မှာ မိဘကြွေးရှိတယ်။ ငါ့သားလေးသွားတွေ့ပြီးသူ့အပေါ်သားစိတ် ကွက်ထားတာတွေအတွက်တောင်းပန်ပြီး သားသမီးဝတ္တရားအတိုင်း သားပြုစုပါ။ သူအသုံးမကျဘူးလို့မှတ်ယူပြီး ပစ်သွားတဲ့ အမေဟာ သားလေးကို ရတနာလေးဖြစ် အောင်ပြုစုထားနိုင်တဲ့အကြောင်း အမေ့ သားလေး သက်သေပြလိုက်ပါသားရယ်....."

နှလုံးသွေးရှိုက်သံပါသော အမေ့စကား များနှင့်အတူ အောင်တိုးလှမ်းလာသော ခြေလှမ်းများသည် အဖေဟူသော လူတစ် ယောက်ရှိနေသည့် အိမ်နှင့်နီးကပ်လာလေ ပို၍လေးလံလာရသည်။

" သားရေ...အမေ့ကို ကယ်ပါဦး...."

နာကျင်၍ စူးစူးဝါးဝါးအော်နေသောအမေ့ အသံနှင့် သွေးအိုင်ထဲလဲနေသော အမေ့ ပုံရိပ်ကြောင့် အောင်တိုး ကူရာမဲ့ခဲ့သည်။ မိုးရေထဲ ဦးတည်ချက်မဲ့ အော်ဟစ်ပြေးလွှား အကူအညီတောင်းခဲ့သော်လည်း မြင်ခွင့် မရခဲ့သည့် ညီမလေးသည် အောင်တိုးတို့ သားအမိထံမှ အပြီးအပိုင် နှုတ်ဆက်ထွက် သွားခဲ့လေပြီ။ ပြီးဆုံးသွားခဲ့လေပြီဟုဆို သော်လည်း အနာမကျက်သေးသည့် ဒဏ်ရာသည် ထိခိုက်မိတိုင်း သွေးစိမ်း ကျနေဆဲ။ ကောင်းခြင်း၊ ဆိုးခြင်း အတွေး များနှင့်အတူ လှမ်းလာရင်း အဖေရှိရာအိမ် ရှေ့သို့ ရောက်လာသည်။

"တင်မောင် ..... တင်မောင်...ဟိုမှာ နင့်ကို နင့်သားလာတွေ့တယ်တော့..."

ဝမ်းပန်းတသာကြားလိုက်ရသော စကားကြောင့် တင်မောင် မျက်လုံးများကို လေးလံနေသည့်ကြားမှ အားယူဖွင့်ကာ

"သား.....သား............"

လေးလံ၍ပျော့တွဲညင်သာစွာထွက် ကျလာသော အဖေ့ခေါ်သံသည် သူ့စိတ် တစ်ဝက်ကိုသက်သာစေသည်။ သွေးဆို သည်မှာ ထိုသို့သော အခြင်းအရာဖြစ်တန် ရာ၏။ အဖေ့ခြေရင်း၌ဝင်ထိုင်ရင်း လက်တစ် ဆုပ်ကျော်သာ အနည်းငယ်ဖွံ့သည့်အဖေ့ ခြေအစုံကို ဆုပ်နယ်ပေးမိသည်။

"သား....အဖေ...အဖေ...တာဝန်... မကျေခဲ့တာတွေ အတွက် တောင်း... တောင်းပန်ပါတယ်.... သား..ရယ်......"

"အဖေရယ်....ဘာမှ စိတ်ထဲ မထားနဲ့ နော်။ အဖေကျန်းမာရေးသာကောင်းအောင် နေနော်။ အခုသားလည်းအဖေ့နားရောက် နေပြီပဲ....."

ကွဲကွာသွားသည့်နှစ်များအတွင်း လောကဓံ၏ရိုက်ချက်ကို အဖေ မည်မျှ ခံစားခဲ့ရသနည်း။ အဖေချန်ထားရစ်ခဲ့သည့် အောင်တိုးတို့ သားအမိဘဝများလည်း လုံခြုံနွေးထွေးမှုဝေးခဲ့သည်။

"သား...အဖေ အမှားတွေကိုသိခဲ့ချိန်မှာ အဖေက ရမ္မက်နွံထဲ ကျွံဝင်သွားပြီးမို့ ရှန်း လေနစ်လေနဲ့ အဖေ့ဘဝကို သားနားလည် ပြီး အဖေ့ကို ခွင့်လွှတ်. ...ပေးပါ"

တိမ်ဝင် ပျောက်ကွယ်သွားသောအဖေ့ စကားသံများပျောက်ဆုံးသွားခြင်းနှင့်အတူ အောင်တိုး လက်ထဲမှအဖေ့ကိုယ်လေးသည် အေးစက်ပျော့လျော့သွားသည်။

"အဖေ...အဖေနစ်ခဲ့တဲ့ရမ္မက်နွံထဲမှာ အမေရော... ကျွန်တော်ရော...ဘာမှ မသိခဲ့ရတဲ့ ညီမလေးရော...ပါခဲ့တယ် အဖေ ရဲ့...." လို့ ပြောချင်ပါသော်လည်း.........အဖေ သည် ပြန်လမ်းမရှိသောခရီးတစ်ခုကို ထွက်ခဲ့ပြန်ပြီ။ ။

## စာပေတန်ဖိုး ချစ်မြတ်နိုး

☆ စာပေကို မြတ်နိုးလျက်
တိုးတက်ဖို့ ဖွေရှာ။
ယုံကြည်ရာ အနာဂတ်
ဖြောင့်မတ်စေမှာ။

☆ ကြိုးစားပြီး လေ့လာပါ
အသိပညာ ဉာဏ်မြင့်မား။
အတ္တမာန် ကင်းစင်ဝေး
စိတ်ဖွေးဖြူသွား။

☆ စာပေကို တန်ဖိုးထားလို့
မှတ်သားစို့ တို့တစ်တွေ။
လေ့လာပါ အချိန်ရှိခိုက်
လုံ့လစိုက်လေ။

☆ ဗဟုသုတ အထွေထွေ
စာပေမှာ ဖွေရှာကြည့်။
ကောင်းဆိုးမြင် အမှန်မှား
ခွဲခြားလို့သိ။

☆ အသိလိမ္မာ စာမှာရှိ
ပြည့်ဝဘိ ဉာဏ်ပညာ။
အခက်ခဲတွေ ရင်ဆိုင်သွား
ကျော်လွှားနိုင်တာ။

☆ စိတ်ဓာတ်တို့ ကြံ့ခိုင်ကာ
ဘဝမှာ ဂုဏ်ရည်တိုး။
စာပေကို နေ့စဉ်ဖတ်လို့
ချစ်ခင်မြတ်နိုး။

မင်းဝေအောင်(ရဲကျွန်း)

---

## ရှာဦးကျောင်း

○ ရှာနံဘေးက ထန်းတောညို
တမာပင်ကုက္ကို။
ဆည်းလည်းသံချို ကြားရဲ့လား
ရှာဦးကျောင်းဘုရား။

○ ကောင်းမှုဆင့်ပွား နားခိုပျော်
ကြည်ညိုသံဃာတော်။
ရှိခိုးပူဇော် ကြည်ရွှင်လန်း
မေတ္တာရေစင်ဖျန်း။

○ ဆီမီးလှူဒါန်း ပြုံးရွှင်ကြည်
တံမြက်လှည်းကြမည်။
ထုံးဖြူစေတီ ဆည်းလည်းတေး
ချိုမြနားဝင်အေး။

○ ကုသိုလ်ရေးမို့ စုပေါင်းယှဉ်
စိတ်ထားမြတ်ဖြူစင်။
ကျေးလက်တစ်ခွင် သာပေစွ
ရှာဦးကျောင်းအလှ။

ငြိမ်းချမ်းအောင်(နတ်တလင်း)

ဆောင်းပါး

# စာပေတန်ခိုးနဲ့ အမျိုးဂုဏ်တက်စေမည်

■ မောင်စိုးငွေ(ကသစ်မြေ)

ကမ္ဘာဦးအစမှသည် လူသားမျိုးနွယ်များ ဆင်းသက်ပေါက်ဖွားလာကြရာတွင် ယဉ်ကျေးမှု အဆင့်အတန်း မည်မျှတိုးတက်ခဲ့ကြသည်ကို ခန့်မှန်းထောက်ဆ ကြည့်လိုသောအခါ စာပေထွန်းကားမှုသက်သေသည် အဓိကသဲလွန်စတစ်ခု ဖြစ်ပေသည်။ မည်သည့်သက္ကရာဇ်အပိုင်းအခြားသည် မည်သည့်လူမျိုးများ အရှိန်အဝါကြီးမားခဲ့ကြသည်၊ ဩဇာအာဏာပျံ့နှံ့ခဲ့ကြသည်၊ ကမ္ဘာ့မြေပြင်ရေပြင် အနှံ့ မည်မျှခြေဆန့်ခဲ့ကြသည်တို့ကို သမိုင်းမှတ်တမ်းများအား လေ့လာထောက်ရှုဆန်းစစ်ကြည့်သောအခါ စာပေအင်အား တောင့်တင်းသူများသာ တန်ခိုးထွားခဲ့ကြသည်ကို တွေ့ရပေသည်။

“စာပေမြင့်မှ လူမျိုးတင့်မည်”ဟူသော စကားသည် အကြောင်းမဲ့ နားထောင်ကောင်းအောင် ဖြစ်ပေါ်လာသော စကားမဟုတ်ပေ။ အမှန်စင်စစ် ကမ္ဘာပေါ်တွင် တင့်တင့်တယ်တယ် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သော လူမျိုးတို့၏ စာပေသည် လူသားတစ်ရပ်လုံးက လေးစားတန်ဖိုးထားကြရသော အဆင့်အတန်းမြင့်သော စာပေများဖြစ်သည်ကို တွေ့ရပေလိမ့်မည်။ စာပေအင်အားကြီးသော လူမျိုးနှင့် နိုင်ငံတိုင်းသည် ကြီးကျယ်ခမ်းနားသော သမိုင်းမှတ်တမ်းများကို ပိုင်ဆိုင်ထားကြသည်။ ထို့အတူ ကမ္ဘာကြီး၏ အရွေ့နှင့် အပြောင်းအလဲများကိုလည်း စာပေမြင့်မားသော နိုင်ငံကြီးများက ဦးဆောင်ဦးရွက်ပြုထားကြဆဲဖြစ်သည်။

### မိမိယဉ်ကျေးမှုကို တန်ဖိုးထား

စာပေသည် ယဉ်ကျေးမှုနှင့် အမြဲဒွန်တွဲနေသည်။ စာပေသည်ယဉ်ကျေးမှု၏ အသက်သွေးကြောလည်းဖြစ်သည်။ လူမျိုးစုတစ်စု တိုင်းပြည်တစ်ခု၏ ပုံရိပ်ကို စာပေကပင် ထိန်းကျောင်းပြုပြင်နိုင်စွမ်းရှိပါသည်။ လူမျိုးတစ်စုသည် မိမိစာပေအပေါ် တန်ဖိုးထားမှုလျော့ကျလာလျှင် တစ်ပါးသူ၏ စာပေကို အထင်ကြီးလေးစားမှု ဖြစ်လာသည်။ ထို့အတူ တစ်ပါးသူ၏စာပေကိုအထင်ကြီးလွန်းလာလျှင်လည်း မိမိစာပေကို အထင်သေးသွားတတ်သည်။ ထိုအခါ မိမိစာပေသည် မှေးမှိန်ပျောက်ကွယ်သွားရပေလိမ့်မည်။ ယဉ်ကျေးမှုသည်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ မိမိယဉ်ကျေးမှုကို တန်ဖိုးထားအပ်သော စာပေများ အားနည်းလာသောအခါ မိမိယဉ်ကျေးမှုကို အထင်သေးစိတ်ဝင်လာပြီး တိုင်းတစ်ပါး၏ ယဉ်ကျေးမှုကို အထင်ကြီးစိတ် လွှမ်းမိုးလာသည်။ ထိုအခါ မိမိယဉ်ကျေးမှုသည် ပျောက်ကွယ်သွားရပေတော့သည်။ “စာပေပျောက်လျှင် ယဉ်ကျေးမှု ပျောက်မည်။ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်။ လူမျိုးပျောက်လျှင် တိုင်းပြည်ပါပျောက်မည်” ဟူသော အချက်ကို အမြဲသတိချပ်ကြရပေမည်။

“စာပေသည် ဤ၍၊ ဤမျှပင် လုပ်နိုင်စွမ်းရှိပါသလား”ဟု မေးလာလျှင် “ယုံမှားသံသယမရှိ ထိုထက်ပို၍ လုပ်နိုင်ပါသည်”ဟု ဖြေရပါမည်။ လောကတွင် “စိတ်”သည် ခွန်အားအကြီးဆုံးဖြစ်သည်။ “စိတ်သာလျှင် ပဓာန၊ စိတ်သာလျှင် အဓိက” ဟု ဘုရားဟောရှိပါသည်။ စိတ်သည် ထိန်းကွပ်ရအခက်ဆုံးလည်းဖြစ်သည်။ သို့သော် အဆိုပါ “စိတ်”ကို ထိန်းကျောင်းပဲ့ပြင်နိုင်သူမှာ “စာပေ” ပင် ဖြစ်သည်။ စာပေသည် အမှောင်ထဲမှ အလင်းသို့ ဆွဲခေါ် နိုင်၏။ မျက်စိလည်သူအား လမ်းပြပေး၏။ အမှားနှင့်အမှန်အား သီးခြားစီခွဲပေး၏။ နိမ့်ကျသောဘဝမှ မြင့်သောဘဝသို့ ဆွဲတင်၏။ အမေရိကန်သမ္မတ အေဗရာဟမ်လင်ကွန်းသည် အတန်းပညာမထွန်းပေါက်သော်လည်း သူ၏ဆင်းရဲသော ငယ်ဘဝအခက်အခဲများကို ရင်ဆိုင်ကာ စာပေတန်ခိုးဖြင့် တန်ဖိုးရှိသော လူသားတစ်ဦးဘဝကို တည်ဆောက်နိုင်ခဲ့သည်။ မေတ္တာရှင် (ရွှေပြည်သာ)ဆရာတော်သည်လည်း မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ “နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ” စာအုပ်ကိုဖတ်ရင်းမှ တကယ့်ဗုဒ္ဓဘာသာ စစ်စစ်ဖြစ်ခဲ့ကြောင်း၊ စွန့်လွှတ်အနစ်နာခံလိုသော ပရဟိတစိတ်များ မွေးဖွားလာကြောင်း မှတ်သားဖူးပါသည်။

### အဆိပ်ရှိသောစာပေများကို ရှောင်ကြဉ်

“ စာပေ”ဟု ဆိုလိုက်သည်နှင့် အကောင်းဘက်သို့သာ ဦးတည်နေသည်မဟုတ်ပါ။ မည်သည့်အရာမဆို အကောင်းအဆိုး ဒွန်တွဲနေသည်။ ကောင်းသည်ကိုယူ၍ မကောင်းသည်ကို ပယ်ရမည်။ “စိတ်” သည် ကျောက်စိုင်ကျောက်ခဲကြီး ဖြစ်လင့်ကစား စာပေသည် ရေ၏အလျဉ်ကဲ့သို့ တိုက်စားပြောင်းလဲနိုင်စွမ်းရှိပါသည်။ ပိဋကတ်ပါဠိတော်၊ အဋ္ဌကထာ ဋီကာများကို ထုံးလိုခြေ ရေလိုနှောက်နိုင်သော တက္ကသိုလ်ကထိက တစ်ဦးဖြစ်သူ ဆရာကြီး ဆန်းထွန်း (မန်းတက္ကသိုလ်)သည်ပင်လျှင် လက်ဝဲစာပေများကို ဖတ်ရှုပြီး ဘာသာမဲ့ဘဝသို့ ဖြစ်ခဲ့ရဖူးသည်။ ထို့ကြောင့် မကောင်းသော၊ အဆိပ်ရှိသော စာပေများကို ရှောင်ကြဉ်ဖို့လိုပါသည်။

မြန်မာလူမျိုးနှင့် မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့အလယ်တွင် မျက်နှာငယ်စရာမလို ဂုဏ်ယူဝင့်ကြွားနိုင်သော ယဉ်ကျေးမှု အဆင့်အတန်းကို ပိုင်ဆိုင်ထားပါသည်။ ထိုသို့ ကမ္ဘာ့အလယ်တွင် ဝင့်ကြွားနိုင်ခြင်းမှာ မြန်မာစာပေဟူသော ဒေါက်တိုင်ကြီးများဖြင့် ကျားကန်ထောက်ပံ့ပေးထားခြင်းကြောင့် ဖြစ်ပါသည်။ မြန်မာစာပေသည် မြန်မာ့သမိုင်း၊ မြန်မာ့ရာဇဝင်၏ ကြီးမြတ်မှုကိုလည်း သယ်ဆောင်ခဲ့၏။ ကိုလိုနီခေတ် စနစ်ဆိုးကြီးကိုလည်း တော်လှန်ခဲ့၏။ တိုင်းတစ်ပါး လက်အောက်ကျရောက်နေချိန်တွင် မြန်မာစာပေ၏ ဦးသျှောင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ စာပေလက်နက် ကလောင်သွားထက်မှုများသည် ယနေ့တိုင် ဦးညွှတ်လေးစား တန်ဖိုးထားရဆဲဖြစ်သည်။ မြန်မာစာပေသည် တိုင်းတစ်ပါးအုပ်ချုပ်မှု ခေတ်တစ်လျှောက် အမျိုးမျိုးဖိနှိပ်ချုပ်ကိုင်ခံခဲ့ရသည်။ မြန်မာစာသင်လျှင်ပင် ဂုဏ်ငယ်သယောင် ဖန်တီးသပ်လျှိုကာ အကွက်ကျကျ ဖိနှိပ်ခဲ့သည်။ သို့သော်လည်း မြန်မာတစ်မျိုးသားလုံး၏ ကြက်ခေါင်းဆိတ်မခံသော စိတ်ဓာတ်ဖြင့် “မြန်မာစာသည် တို့စာ” “မြန်မာစကားသည် တို့စကား”ဟု ကြွေးကြော်ကာ ရှပ်ရှပ်ချွံချွံ တော်လှန်ခဲ့ကြရသည်။ ထိုကဲ့သို့ “ဆူးကြားက ဘူးခါး”ပမာ ခက်ခဲကြမ်းတမ်းစွာ ရှင်သန်ခဲ့ရပါသည်။ မည်သို့ပင် အနှိမ်ခံခဲ့ရပါမူ “ပတ္တမြားမှန်လျှင် နွံ့မနစ်”ဟူသော စကားအတိုင်း မြန်မာစာပေသည် ခေတ်အဆက်ဆက် တိုးတက်စည်ပင်လျက်သာပင်။

မြန်မာစာပေသည် ကဗျာ၊ လင်္ကာ၊ စကားပြေ၊ တေးချင်းများနှင့် သဒ္ဒါနည်းလမ်းကျနစွာ အခက်အလက် အညွန့်အတက်များဖြင့် အခိုင်အမာ တည်ဆောက်ထားသော စာပေတစ်ခုဖြစ်သည်။ ထို့အတူ ၁၈၃၃ ခုနှစ်တွင် မက္ခရာမင်းသားကြီး၏ ကြိုးပမ်းမှုဖြင့် အင်္ဂလိပ်-မြန်မာ အဘိဓာန်ကို ပြုစုကာ မြန်မာစာပေကို ကမ္ဘာနှင့် ရင်ပေါင်တန်းစေခဲ့သည်။ ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာဖြစ်လာသော နည်းပညာခေတ်ကြီးတွင် စာပေသည် နောက်ကျကျန်ခဲ့၍မရပေ။ မိမိစာပေသည် နည်းပညာအရပ်ရပ်တွင် ပါဝင်ဆောင်ရွက်နိုင်အောင် ကြိုးစားရပေမည်။ ခေတ်အဆက်ဆက်တွင်လည်း စာပေ၏တန်ခိုးဖြင့် တိုင်းပြည်၏ အခက်အခဲများကို ကျော်လွှားခြင်း၊ တိုင်းပြည်နှင့် လူမျိုး၏ ဂုဏ်သရေကို တင့်တယ်စေခြင်း စသဖြင့် ကျရာအခန်းကဏ္ဍများကို ပါဝင်ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ ယနေ့မျက်မှောက်ခေတ်၏ စိန်ခေါ်မှုများကိုလည်း စာပေ၏ အစွမ်းသတ္တိများဖြင့် တိုင်းပြည်၏ဂုဏ်၊ လူမျိုး၏ဂုဏ် တိုးတက်မြင့်မားအောင် ဖြေရှင်းဆောင်ရွက်နိုင်ကြစေလိုကြောင်း ဆန္ဒပြုမိပါသည်။ စာပေ၏ တန်ခိုးဖြင့် ငါတို့နိုင်ငံ၊ ငါတို့လူမျိုး အမြဲဂုဏ်တက်စေရမည်။ ။

## ကစားကြပါစို့

❖ တို့များငယ်စဉ် ဖော်စုံလင်
ကစားကြပျော်ရွှင်။
ရှာတောင်ဖျားက ပင်ညောင်အောက်
ကျောင်းပိတ်ပြီဆိုရောက်။

❖ ရွှေစွန်ညိုကြီး ဝဲကာပင်
မထွေးဖမ်းဖို့ပြင်။
ဖွဲ့စိတ်ထက်သန် အားမာန်ခဲ
ကြက်ဖခွပ်ပြိုင်ပွဲ။

❖ လုံခြုံစွာရယ် တူပုန်းသော်
တွေ့အောင်ရှာမယ်နော်။
ထုပ်ဆီးတိုးရန် လူခွဲပေး
ခေါင်သူကြီးကိုရွေး။

❖ ညောင်ပင်တစ္ဆေ ဝေလေလေ
ဝိုင်းဖွဲ့ကာညီစေ။
ခြေနှင့်လက်ကို ဆင့်၍တား
ဖန်ခုန်ပြီးကျော်လွှား။

❖ ကစားနည်းတို့ အခြေခံ
ညီညွတ်မှုရှိရန်။
အားနည်းသူကို ဖေးမသွား
ကူညီသည့်စိတ်ထား။

❖ ပေါင်းစုအားနှင့် လှုပ်ရှားသည်
စည်းလုံးလွန်ချစ်ကြည်။
ကျန်းမာကြံ့ခိုင် ဉာဏ်ရည်တိုး
ခန္ဓာကိုယ်ဖွံ့ဖြိုး။

❖ ဝေးကွာခဲ့ရ ကြာလေပြီ
နှစ်တွေကြာညောင်းချီ။
စိတ်တွင်အစဉ် မမေ့သား
မြန်မာ့အားကစား။

❖ ရိုးရာဓလေ့ စဉ်ဆက်တည်
မပျောက်စေဖို့ရည်။
တို့လူငယ်တွေ တာဝန်မို့
လက်ဆင့်ကမ်းပါလို့
ထိန်းသိမ်းလိုက်ကြစို့။

ချိုထွန်း(ပညာရေး)

✽ ကျောဖုံးမှ

ဆန် ၂၄ ပြည်ဝင် အိတ် ၃၅၀၀၀၊ ဒေါင့်သံချောင်းတန် ၄၀၀၊ ဖလန်းသံပြား ချောင်း တန် ၂၀၊ စားသောက်ကုန် နှစ်တန် စုစုပေါင်း ၂၁၇၁ ဒသမ ၅၉ တန်ကို လည်းကောင်း တင်ဆောင်၍ ယနေ့နံနက်ပိုင်းတွင် The Myanmar Terminal(TMT)ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ မေ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော်စစ်ရေယာဉ်များအပါအဝင် ရေယာဉ်အစင်း ၃၀ ဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များ ပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၄၀၃၉၂ ဒသမ ၀၃ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန်တို့ကို ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြစ်ရေကြီးခြင်း သတိပေးချက်

နေပြည်တော် ဩဂုတ် ၂၆

ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ ဝေနမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ ငါးသိုင်းချောင်းမြို့နှင့် ဖောင်းပြင်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

**ဖခင်အမည်မှန်**

မိတ္ထီလာမြို့ အထက(ခွဲ)လေတပ် Grade 9 တွင် ပညာသင်ကြားနေသော မောင်မြတ်ဟိန်းထက်၏ ဖခင်အမည်မှန်မှာ ဦးသန်းကျော်ဌေး [၉/ပမန(နိုင်)၁၄၂၇၅၄] ဖြစ်ကြောင်း။

ဦးသန်းကျော်ဌေး
[၉/ပမန (နိုင်)၁၄၂၇၅၄]

## မိုးချည်မျှင်ရှည်ဝါစံပြ စိုက်တောင်သူများနှင့် မိုးစပါးစိုက်တောင်သူများအား သွင်းအားစုထောက်ပံ့ပေးအပ်

တပ်ကုန်း ဩဂုတ် ၂၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာတွင် မိုးချည်မျှင်ရှည်ဝါစံပြစိုက်တောင်သူများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်တောင်သူများအား သွင်းအားစုထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာစိုက်ပျိုးစီးပွားအသိပညာပေးစင်တာ(KC)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက မိုးစပါးစိုက်တောင်သူများအား သွင်းအားစုပစ္စည်းများ ထောက်ပံ့ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သွင်းအားစုပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ရွှေဟိန်း ဆန်စက်နှင့် မြို့နယ်ဆီကုန်သည်အသင်းဝင်များက ဆန်တစ်ပြည် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ၂၄ ပြည်ဆန်အိတ် ၈၀ ရောင်းချပေးခြင်းနှင့် စားသုံးဆီတစ်ပိဿာ ငွေကျပ် ၄၇၀၀ နှုန်းဖြင့် ပိဿာချိန် ၆၅၀ ရောင်းချပေးမှုအား ကြည့်ရှုအားပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အသေးစား၊ အငယ်စား၊ အလတ်စား(MSME) အသင်းဝင် စီးပွားရေးလုပ်ငန်းရှင်များအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ပြီး (MSME)အသင်းလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ကြိုးစားဆောင်ရွက်ရန် ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။




တင်စိုးလွင်(ပြန်/ဆက်)

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း**

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ နောင်ကုလားကျေးရွာ၊ လမ်းမတန်း၊ အမှတ်(၃၇)နေ (ဦးသိန်းမြင့်) - ဒေါ်ခင်အုံးမြင့် [၁၀/သထန(နိုင်)၀၀၉၉၈၀] တို့၏ သမီး ဒေါ်ခင်သူဇာလွင် [၁၀/သထန(နိုင်)၀၀၂၂၇၆] သည် မိဘများ၏ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ (လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်အုံးမြင့်[၁၀/သထန(နိုင်)၀၀၉၉၈၀]
သထုံမြို့။

**ကန့်ကွက်နိုင်ကြောင်းကြေညာချက်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၉-ရပ်ကွက်၊ ဇီဇဝါလမ်း၊ တိုက်အမှတ်-၈/၁၀/၁၂ ဟု ခေါ်တွင်သည့် (၃)ခန်းတွဲ(၈ ½)ထပ်တိုက်အဆောက်အအုံမှ အခန်းအမှတ်- 83-C (၈-လွှာ)၊ (၁၈ပေx၅၀ပေ) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိလက်ဝယ်ထား ပိုင်ဆိုင်ကြောင်း၊ အမွေဆိုင် အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းအေး[၁၁/စတန(နိုင်)၀၃၉၈၇၉] က ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)
အမှတ်-၁၀၈/၁၁၀၊ ၃၈-လမ်း (အောက်)၊ ၆-ရပ်ကွက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၇၉၉၅၉၅၅၀၅၊ ၀၉-၄၀၁၅၄၆၂၄၀

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက် ၊ ငမိုးရိပ်(၃)လမ်း(ခ)စံပြ(၃)လမ်း၊ အမှတ်(၆၅၃)၊ နှစ်ခန်းတွဲRC(၅)ထပ်တိုက်မှတတိယထပ်(၄-လွှာ)၊ ဧရိယာ(၅၀၆)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ဒေါ်အေးအေးသင်း[၁၂/သဃက(နိုင်) ၁၆၉၉၂၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းသန့်[၇/သဝတ(နိုင်)၀၆၃၉၉၁]၊ ဒေါ်ခင်အိအိသက်[၇/ပမန(နိုင်)၁၃၁၉၅၈] တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်းတိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမင်းသန့်နှင့် ဒေါ်ခင်အိအိသက်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)
အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊
သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။Ph:09-450023651,09-793568375

## နီပေါနှင့်ကစားမည့် ခြေစမ်းပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း ဖွဲ့စည်းခဲ့ပြီး ပြည်တွင်းခြေစမ်းပွဲကစား

ရန်ကုန် ဩဂုတ် ၂၆

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် နီပေါလက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ဖီဖာနိုင်ငံတကာခြေစမ်းပွဲအတွက် ပဏာမကစားသမားများ ရွေးချယ်ခဲ့ပြီး ဩဂုတ် ၂၄ရက်မှစတင်၍ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

နည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် လက်ရှိရွေးချယ်ထားသည့် ပဏာမကစားသမား ၂၅ ဦးတွင် လက်ရှိပြည်တွင်းလိဂ်မှ ကစားသမားများသာပါဝင်ပြီး ပြည်ပလိဂ်များတွင် ကစားနေသော ကစားသမားများမှာမူ စက်တင်ဘာလအစောပိုင်းတွင် အသင်းနှင့် လာရောက်ပူးပေါင်းမည်ဖြစ်သည်။



မြန်မာ့လက်ရွေးစင်အသင်းတွင် ပဏာမကစားသမားများအဖြစ် ဂိုးသမား- ဆန်းဆက်နိုင် (ရန်ကုန်ယူနိုက်တက်)၊ ကျော်ဇင်ဖြိုး (ရှမ်းယူနိုက်တက်)၊ ပြည့်ဖြိုးအောင် (ဟံသာဝတီ ယူနိုက်တက်)၊ ဇင်ညီညီအောင်(ဒဂုံစတား)၊ နောက်တန်း- နန္ဒကျော်၊ရဲမင်းသူ၊ကျော်ဇင်လွင်၊ ဖွဲ့ထက်မင်း (ရှမ်းယူနိုက်တက်)၊ မင်းကျော်ခန့်၊ ဇင်ကိုထက်၊ ဟိန်းဇေယျာလင်း၊ ဇော်ရဲထွန်း (ရန်ကုန်ယူနိုက်တက်)၊ သီဟထက်အောင် (ရခိုင်ယူနိုက်တက်)၊ အလယ်တန်း- သက်ပိုင်ထွေး၊ ထက်ဖြိုးဝေ၊ ဈာနေယျာသူ၊ မြတ်ကောင်းခန့်၊ ရဲရင့်အောင် (ရှမ်းယူနိုက်တက်)၊ နေမိုးနိုင်(ဟံသာဝတီယူနိုက်တက်)၊ ဝေလင်းအောင်၊ ဆွမ်လမ်မန်၊ မင်းမြတ်စိုး (ဒဂုံစတား)၊ အောင်လှိုင်ဝင်း(မဟာယူနိုက်တက်)၊ ရန်နိုင်ဦး (ရန်ကုန်ယူနိုက်တက်)နှင့် ရှေ့တန်း- ရန်ကျော်ထွေး (ရန်ကုန်ယူနိုက်တက်) တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် နီပေါလက်ရွေးစင်အသင်းတို့သည် စက်တင်ဘာ ၈၊ ၁၁ရက်တွင် သုဝဏ္ဏဘောလုံးကွင်း၌ ခြေစမ်းပွဲ နှစ်ပွဲကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲမတိုင်ခင် ပဏာမမြန်မာ့လက်ရွေးစင်အသင်းသည် ဩဂုတ် ၂၆ ရက်က MNL ကလပ် ဒဂုံစတားအသင်းနှင့် ခြေစမ်းကစားရာ ဂိုးမရှိသရေကျခဲ့သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF

❍ စပါးအသင်းမှ

အပြောင်းအလဲလုပ်ခဲ့ပေမယ့် စပါးအသင်းကတော့ မန်ယူအသင်းကို အနိုင်ရရှိခဲ့တဲ့ ကစားသမားတွေကို အပြောင်းအလဲမရှိ ပွဲထွက်ကစားခွင့်ပေးခဲ့တာ ဖြစ်ပါတယ်။

ဘုန်းမောက်အသင်းကို အနိုင်ရရှိခဲ့တဲ့ အခုပွဲစဉ်မှာ စပါးအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၁၇ မိနစ်မှာ မက်ဒီဆင်နဲ့ ဒုတိယပိုင်းပွဲကစားချိန် ၆၃ မိနစ်မှာ ကူလူဆက်ဗ်စကီးတို့က သွင်းယူပေးခဲ့တာဖြစ်ပြီး ဂျိမ်းစ်မက်ဒီဆင်ရဲ့ အခုသွင်းဂိုးဟာ စပါးအသင်းနဲ့အတူ ပထမဆုံး သွင်းယူနိုင်ခဲ့တဲ့သွင်းဂိုးလည်း ဖြစ်ပါတယ်။

စပါးအသင်းဟာ ဘုန်းမောက်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်သုံးပွဲ ကစားပြီးချိန်မှာ ရမှတ်ခုနစ်မှတ်ရရှိခဲ့ကာ အမှတ်ပေးဇယားကို ယာယီဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။ ဘုန်းမောက်အသင်းကတော့ စပါးအသင်းကို ရှုံးနိမ့်ခဲ့လို့ ပရီမီယာလိဂ်ပွဲစဉ်သုံးပွဲကစားပြီးချိန်မှာ နှစ်ပွဲရှုံး၊ တစ်ပွဲသရေရလဒ်နဲ့ ရမှတ်တစ်မှတ်သာ ရရှိထားသေးတာဖြစ်ပါတယ်။

ငွေကြယ်

❂ U-12 Junior World မှ

JEF United Ichihara Chiba ယူ-၁၂ အသင်းတို့ကို အရေးနိမ့်ခဲ့သဖြင့် အုပ်စုအောက်ဆုံးတွင် ရပ်တည်ကာ ရှုံးထွက်အဆင့်တက်ရောက်နိုင်ခြင်းမရှိဘဲ အဆင့်သတ်မှတ်ချက်အတွက်သာ ပွဲများ ဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။ အဆင့်သတ်မှတ်ချက်ပွဲစဉ်များတွင် မြန်မာ ယူ-၁၂ အသင်းသည် ဂျပန်ကလပ် တိုကျိုဗာဒီ ယူ-၁၂ အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသော်လည်း ဆန်ဂါတိုဆုအသင်းကို အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၂ အသင်းသည် ဥရောပထိပ်သီးကလပ်များ၏ လူငယ်များအပါအဝင် အာရှဒေသတွင်းမှ လူငယ်အသင်းများပါဝင်ယှဉ်ပြိုင် သည့် U-12 Junior World Challenge 2023 ပြိုင်ပွဲတွင် ပထမဆုံးဝင်ရောက် ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ကိုညီလေး

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်း၊ မြေကွက်အမှတ်(4E+4B၊၃)၊ Block No- 6၊ ကားပါကင် Basement(2)အပါအဝင်(34)ထပ် RCတိုက်မှ-၁၄-လွှာ၊ အခန်းအမှတ်(B6-14-06) Golden City condo၊ ဧရိယာ(၉၈၆.၃၆) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ Golden Land Real Estate Co.,Ltd (ကိုယ်စား) ဦးမင်းမျိုးသန့် [၉/မထလ(နိုင်)၁၈၃၇၈၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးနေလင်းအောင် [၁၂/ရကန(နိုင်)၀၇၃၅၂၇]၊ ဒေါ်ဇွန်မာပွင့်[၁၂/သလန(နိုင်)၀၉၁၂၇၄] တို့မှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးနေလင်းအောင်နှင့် ဒေါ်ဇွန်မာပွင့်တို့ ၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းမင်းစိုး
LL.B,WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)
အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊
သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph:09-450023651,09-793568375

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးဝိစာရလမ်းနှင့် ချင်းတွင်းလမ်းထောင့်၊ အမှတ် -၇၂ဟုခေါ်တွင်သည့် ၆ ခန်းတွဲ (၁၀)ထပ်တိုက် အဆောက်အဦရှိ အကျယ်အဝန်း (၁၈၀၀) စတုရန်းပေ၊ (Leve-10)၊ Unit 4၊ အခန်းအမှတ်-၁၀၀၄ (Blazon Condo) ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ရောင်းသူ ဒေါ်ချိုနာဒေဝီ [၉/မကန(နိုင်)၀၀၀၉၉၇] မှ ဆက်စပ်စာချုပ်များအရ လက်ဝယ်ရှိ** ပိုင်ဆိုင်လျက်ရှိသော ကွန်ဒိုတိုက်ခန်း ဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းအား လက်ဝယ်ရှိပိုင်ဆိုင်သူ ရောင်းသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထား မူရင်းများနှင့်အတူ ကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၄)၊ ပိတောက်မြိုင်လမ်း၊ မြေကွက်အမှတ်(၁၀၇၈)ဟု ခေါ်တွင်သော (၄၄ x ၆၀)ပေ၊ (၂၆၄၀)စတုရန်းပေ၊ (၀. ၀၆၁)ဧက အကျယ်ရှိ နှစ်(၆၀)မြေငှား ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ယခုရောင်းချသူ ဒေါ်သိန်းသိန်းအေး [၈/မလန(နိုင်)၀၀၄၇၃၇]က ဂရန်အမည်ပေါက် လက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်နှင့်နေအိမ်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေ တချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်နေအိမ်နှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများ နှင့်တကွ ကျွန်ုပ်တို့ထံသို့(၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးစွမ်းထက်ပိုင်** | **ဒေါ်ပိုးဇာနည်ဝင်း** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၀၆)** | **အထက်တန်းရှေ့နေ** |
| **LL.B, DBL, DIL, MA(Business Law)** | **LL.B (စဉ်-၅၀၅၉၅)** |
| **ဖုန်း-၀၉-၄၃၀၉၄၆၇၂** | **ဖုန်း-၀၉-၇၉၉၈၉၀၄၉၂** |

**တိုက်(၁၄)၊ အခန်း (B-1 / B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၃-တိုးချဲ့)၊ ငါးမာန်အောင်ဘုရားလမ်း၊ မြေကွက်အမှတ် (၈၉၅) ဟုခေါ်တွင်သော (၄၀ x ၆၀)ပေ၊ (၂၄၀၀)စတုရန်းပေ၊ (၀. ၀၅၅)ဧကအကျယ်ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး တို့သည် ဒေါ်ပို(ISN-၃၂၄၅၈၈)က ပါမစ်အမည်ပေါက်ပြီး ယခုရောင်းချသူ ဦးသူထူးစံ [၁၂/ဒဂမ(နိုင်)၀၃၀၁၈၃] က ပါမစ်အမည်ပေါက်ထံမှ အဆက်ဆက် အရောင်းအဝယ် ကတိစာချုပ်များဖြင့် ဝယ်ယူလက်ဝယ် ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်၏ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေ တချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ် ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်း များနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့် အညီ အရောင်းအဝယ် ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးစွမ်းထက်ပိုင်** | **ဒေါ်ပိုးဇာနည်ဝင်း** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၀၆)** | **အထက်တန်းရှေ့နေ** |
| **LL.B, DBL, DIL, MA(Business Law)** | **LL.B (စဉ်-၅၀၅၉၅)** |
| **ဖုန်း-၀၉-၄၃၀၉၄၆၇၂** | **ဖုန်း-၀၉-၇၉၉၈၉၀၄၉၂** |

**တိုက်(၁၄)၊ အခန်း (B-1 / B-2)၊ မဟာမြိုင်အိမ်ရာ ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း )မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (၃၃)၊ ငါးမာန်အောင်ဘုရားလမ်း၊ မြေကွက်အမှတ်(၃၆)ဟုခေါ်တွင်သော (၄၀x၆၀)ပေ၊ (၂၄၀၀)စတုရန်းပေ၊(၀.၀၅၅) ဧကအကျယ်ရှိ ပါမစ်မြေအမျိုး အစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးဝင်းဆွေ (ISN-၃၂၄၉၀၃)က ပါမစ်အမည်ပေါက်ပြီး ယခုရောင်းချသူ ဦးမျိုးသက် [၁၂/သဃက (နိုင်)၀၃၉၂၇၂]က ပါမစ်အမည်ပေါက်ထံမှ အဆက်ဆက် အရောင်း အဝယ်ကတိ စာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ရရှိ ပိုင်ဆိုင်ထားကာ လွှဲပြောင်း ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်၏ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေ တချို့ အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟု အဆိုရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများ နှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇ )ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးစွမ်းထက်ပိုင်** | **ဒေါ်ပိုးဇာနည်ဝင်း** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၀၆)** | **အထက်တန်းရှေ့နေ** |
| **LL.B, DBL, DIL, MA(Business Law)** | **LL.B (စဉ်-၅၀၅၉၅)** |
| **ဖုန်း-၀၉-၄၃၀၉၄၆၇၂** | **ဖုန်း-၀၉-၇၉၉၈၉၀၄၉၂** |

**တိုက်(၁၄)၊ အခန်း (B-1 / B-2)၊ မဟာမြိုင်အိမ်ရာ ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အမက(၈) Grade-V(A) တွင် ပညာသင်ကြားနေသော မဖူးပွင့်သစ်၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်လင်း[၈/ခမန(နိုင်) ၁၃၄၉၉၃] ဖြစ်ပါကြောင်း။

**ဦးသန်းဇော်လင်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/မြို့ မမြောက်ရပ်)၊ သုခဒီပရပ်ကွက်မှ မြေကွက်အမှတ်(ပ-၂၂၉၆၉)၏မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေကွက် အမည်ပေါက် ဒေါ်မြင့်မြင့်သွယ် [၁၂/ရကန(နိုင်)၀၁၆၅၂၉] (ဘ)ဦးဘတင် မှ မြေချပါမစ်(စလစ်)မိတ္တူမှန် ထုတ်ပေးပါရန်၊ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်မဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ရက်(၃၀)အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်) မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## အမည်ပြောင်း

ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ နွယ်နီ(၄)လမ်း၊ အမှတ်(၅၈၀)နေ ဦးအောင်ကြိုင် [၁၁/မအန(နိုင်)၀၃၀၆၆၃]၏ သမီး Grade 11 B မှ မမေဦးသရဖီအား မသရဖီဟု ပြောင်းလဲခေါ်ပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၈-၂၀၂၃ရက်၊ ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၂၁)ပါ တရားလွှတ်တော်ရှေ့နေ ဦးအောင်သိန်း(စဉ်-၃၄၃၂) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် RC(၈)ထပ်အဆောက်အဦအစား အမှတ်-၈၉၅၊ RC (၈ ၁/၂ )ထပ် (Lift ပါ)အဆောက်အဦ၏ အခန်းအမှတ်(2A-573)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်မှန်

မအူပင်မြို့နယ်၊ (၆)ရပ်ကွက်၊ အထက(၁)အခြေခံပညာအထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မယွန်းမီမီထွန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းထွန်းဖြစ်ပါသည်။

**ဦးကျော်ဝင်းထွန်း**

## အမှားပြင်ဆင်ချက်

(၂၃-၈-၂၀၂၃) ရက်နေ့ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၃)၊ ကော်လံ (၄) ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်သင်းသင်းမော်၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်းကြော်ငြာတွင် ရောင်းသူ၏ အမည် ဦးကျော်ဝင်းထက် အစား ဦးကျော်ဝင်းတက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လှည်းတန်းလမ်းမ၊ တိုက်အမှတ်(၂၀)၊ ၄ထပ်၊ ၃ခန်းတွဲတိုက်၏ အခန်းအမှတ်(၂၀-အိပ်ချ်)၊ ဒုတိယထပ် (၂)လွှာ၊ အလျား၁၀'xအနံ၅၅' အကျယ်အဝန်းရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဒေါ်သူဇာ[၈/မကန(နိုင်)၁၀၉၄၃၇] ကိုင်ဆောင်သူမှ ၎င်းတရားဝင် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဒေါ်မော်[၁၂/သကတ(နိုင်) ၀၆၈၁၉၂]ကိုင်ဆောင်သူမှ ရောင်းသည့်တန်ဖိုးနှင့်ပင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

တိုက်ခန်းဝယ်ယူမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍(၁၄)ရက် (နှစ်ပတ်)အတွင်း စာချုပ်စာတမ်း(မူရင်း)အထောက် အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ် စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မော်[၁၂/သကတ(နိုင်)၀၆၈၁၉၂]၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၉၈) (၄-၁၂-၁၉၈၄)**
**တိုက်(၉/၁၁)၊ (၁၀၃)စီ၊ ပထပ်(၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-250022892,09-443021827**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၀၊ မြေကွက်အမှတ်-၁၇၄၊ မြေကွက်တည်နေရာအမှတ်(၁၇၄)၊ ဦးထွန်းတင်လမ်း၊ (ခ)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (မခေင်) အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက်ထံမှ (၅-၁-၁၉၆၁)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် K.V Mohamed Abdulla က ဝယ်ယူခဲ့ပြီး K.V Mohamed Abdulla ထံမှ ဒေါ်စုက မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်-၂၅၉/၁၉၅၁ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း ယခုဝယ်ယူထားသူ ဒေါ်စုနှင့်၎င်း၏ခင်ပွန်း ဦးစောလွင်၊ သားဖြစ်သူ ဦးခင်ကြည်တို့ ကွယ်လွန်သဖြင့် ချွေးမဖြစ်သူ ဒေါ်သန်းတင်က ရန်ကုန်အရှေ့ပိုင်း ခရိုင်တရားရုံး တရားမအထွေထွေမှုအမှတ်-၁၀၈/၂၀၁၁၊ အမွေထိန်း လက်မှတ်စာရရှိခဲ့ကြောင်း၊ ယခုအမွေထိန်းလက်မှတ်စာရရှိသူ ဒေါ်သန်းတင်၏ (SP) ၂၀၂၄၁/၂၀၁၁(၉-၁၁-၂၀၁၁)ဖြင့်ရသူ ဒေါ်စန်းဝင်း[၁၂/စခန(နိုင်) ၀၂၉၀၆၀]မှ မှတ်ပုံတင်စာချုပ်တရားရုံးအမိန့်၊ အမွေထိန်းလက်မှတ်စာ၊ (SP)၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိကြောင်း၊ ကျမ်းကျိန်လွှာအမှတ်-၁၈၄၀/၂၀၂၁(၆-၁၂-၂၀၂၁)တို့ တင်ပြ၍ အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန် ရှိပါက တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်(၁)ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အိမ်အမှတ်(၆၃)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ်(၈၂၃)၊ အကျယ်အဝန်း (၂၃ပေ x ၄၀ပေ )ရှိ မြေကွက်နှင့် အဆောက်အဦ အရောင်းအဝယ်ပြုလုပ်ခြင်းအားကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ မြေကွက်နှင့်အဆောက်အဦကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်လျက်ရှိသူများဖြစ်သည့် ဒေါ်သန်းငွေ [၁၂/ကမရ(နိုင်)၀၃၇၈၀၇]+ဒေါ်ရီ[၁၂/ကမရ(နိုင်)၀၁၉၂၄၉]+ ဒေါ်ရီရီမြင့် [၁၂/ကမရ(နိုင်)၀၁၉၉၇၉]+ ဦးသန်းနိုင်[၁၂/ကမရ (နိုင်)၀၂၁၆၁၆] + ဒေါ်ဝင်းဝင်းကျော် [၁၂/ကမရ(နိုင်)၀၀၁၆၅၉]တို့ထံမှ ဦးဇော်ဟိန်း [၁၂/ကမရ(နိုင်)၀၅၆၁၀၂] နှင့် ဒေါ်သီသီစိုး [၉/မနမ(နိုင်)၀၈၁၉၇၉]တို့က ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက် အထားမူရင်းများပြည့်စုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါကမြေကွက်နှင့်အဆောက်အဦ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်ဟိန်းနှင့်ဒေါ်သီသီစိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း - ၀၉-၅၁၈၁၈၂၀**

## ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြရပ်ကွက်(၂)လမ်း၊ အိမ်အမှတ်(၅၁)၊ မြေတိုင်းရပ်ကွက် အမှတ်(ရွှေနံ့သာစံပြ/၅၃၁)၊ မြေကွက်အမှတ်(၅၁)၊ အကျယ်အဝန်း (၈၀ပေ x ၆၅ပေ )ရှိ ဦးသိန်းမောင် (ဘ)ဦးဒင်္ဂါး(HGU-031942)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသော ခေါင်းရင်းခြမ်း(၄၀x ၆၅)ပေရှိ မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ မြေကွက်ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်လျက်ရှိသူဖြစ်သည့် ဦးမျိုးဝင်း [၁၂/သဃက (နိုင်)၀၁၂၇၁၈]ထံမှ ဒေါ်စုစုလှိုင်[၁၂/မရက(နိုင်)၀၀၀၀၁၀]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါ သည်။

**ဒေါ်စုစုလှိုင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း - ၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၄)၊ မြေကွက်အမှတ်(၁၄၁၇)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ဦးဖေစန်း (EI-၀၅၂၈၀၃) အမည်ပေါက်သော မြေကွက်ဖြစ်ပြီး ယင်းမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ်(၁၄၁၇)၊ မဉ္ဇူလမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သော မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်နှင့် ဇနီးဖြစ်သူတို့ ကွယ်လွန်သဖြင့် အမွေဆက်ခံ ပိုင်ဆိုင်ခဲ့သည့် သားသမီးများထံမှ မြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဒေါ်ကျော့ကျော့စံ [၆/မအရ(နိုင်)၀၉၈၄၀၆] မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချစ်စုဌေး [၁၂/ကမရ(နိုင်)၀၀၃၁၉၉]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပိုးအိအိစံ (LL.B)(LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉ ၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

## အယူခံမှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)

## သထုံခရိုင်တရားရုံးတော်

## ၂၀၂၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၂

၁။ ဒေါ်လုံး } နှင့် {၁။ဒေါ်မြဲတူ(၎င်း၏ခွင့်ရကိုယ်စားလှယ်ဒေါ်ငွေစော)
၂။ ဦးသိန်းခိုင်(ကိုယ်တိုင်နှင့် အမှတ်-၁၊၃၊၄ အယူခံတရားလိုများ၏အခွင့်ရကိုယ်စားလှယ်)
၃။ ဦးသိန်းလှိုင်
၄။ ဒေါ်ချိုပြုံး

၂။ ဒေါ်ငွေသိန်း ၃။ ဒေါ်တင်အေး
၄။ ဒေါ်မိချို ၅။ ဒေါ်ဝင်းသန်း
၆။ ဒေါ်မြင့်စန်း ၇။ ဒေါ်ကွန်မီး ၈။ ဦးမင်းစန်း
၉။ ဦးတင်မောင် ၁၀။ ဒေါ်အေးအေး
၁၁။ ဒေါ်ဌေးဌေး ၁၂။ ဦးမိုးဆွေ ၁၃။ ဦးလှမြင့်
၁၄။ ဒေါ်ငွေလှိုင် ၁၅။ ဒေါ်ငွေအေး
၁၆။ ဒေါ်ကွန်လင်း ၁၇။ ဒေါ်ကွန်စင်
၁၈။ ဒေါ်အေးအေးမြင့် ၁၉။ ဒေါ်သန်းသန်းအေး
၂၀။ ဒေါ်ညိုညိုသန်း ၂၁။ ဒေါ်မြင့်ခင်
၂၂။ ဦးဟန်ဝင်း ၂၃။ ဦးဟန်စိန်
၂၄။ ဒေါ်စန်းအေး

**အယူခံတရားလိုများ** **အယူခံတရားပြိုင်များ**

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့စွဲပါ ပေါင်မြို့နယ် တရားရုံးတော်မှ စီရင်ချက်အမိန့်ကို အယူခံမှု။

အမှတ်(၉၄၂)ဗိုလ်အောင်ကျော်လမ်း၊ ရွှေပြည်သာရပ်ကွက်ဈေးအနီး၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီးနေ အမှတ်(၂၄)အယူခံတရားပြိုင် ဒေါ်စန်းအေး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ပေါင်မြို့နယ် တရားရုံးတော်က ချပေးသည့် ဒီကရီကို အယူခံတရားလိုများက လျှောက်ထားရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုလျှောက်ထားမှုကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် (၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်)နေ့တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်တင်မော်)**
**ခရိုင်တရားသူကြီး**
**သထုံခရိုင်တရားရုံး**

**မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ ပိတောက်မြိုင်ရပ်၊ အောင်မေတ္တာလမ်း၊ အမှတ်(၆၆)၊ ဟုခေါ်တွင်သော အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၈)၊ လူနေရပ်ကွက်အမှတ် (ပဲမိုကုန်း)၊ မြေကွက်အမှတ်(၈၄/ခ၃)၊ မြေအမျိုးအစား မြေပိုင်မြေ၃(ခ)၊ ဧရိယာ(၁.၀၀၈)ကေ၊ မြေကွက်အမှတ်(၈၄/ခ၄) မြေအမျိုးအစား လ/န(၃၉) အိမ်ရာမြေရရှိပြီး ဧရိယာ(၁.၀၀၀)ကေ အနက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသည့် (ရောင်းချသူမှ သတ်မှတ်ခွဲစိတ်ပေးမည့်မြေကွက်)မြေအကျယ်အဝန်းဧရိယာ (1594 sqft)ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသော ဦးကျိန်မြင့်(ခ)ဦးမြင့် [၉/မရမ(ဧည့်)၀၀၀၀၆၂]၎င်းထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၁၅၂၄၀/၂၀၁၉)အရ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးလောစီ(ခ) ဦးကိုကို [၁၃/လရန(နိုင်)၀၆၉၅၀၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ထွန်းမင်း [၁၃/တကန(နိုင်)၁၄၉၀၃၄]က "မြေကွက် သက်သက် အရစ်ကျငွေပေးချေ ဝယ်ယူခြင်းဆိုင်ရာ နှစ်ဖက်သဘောတူ အပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ်"အရ (၂၅-၈-၂၀၂၃) ရက်နေ့တွင် ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ ဖော်ပြပါမြေကွက်ဟု ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုသိရှိသဘောတူညီမှု တစ်စုံတစ်ရာမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံတင်သွင်းခြင်း၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်း၊ ငှားရမ်းခြင်း၊ တခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကိုမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ထွန်းမင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲစုထွေး(L.L.B, D.B.L, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၇၃)**
**အမှတ်-၆၂ ပထမထပ်၊ အခန်းအမှတ်-၉၊ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၁၀၂၀၄၁၅၊ ၀၉-၆၇၂၄၄၄၆၅၆**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ (၂၀)ရပ်ကွက်၊ ပြင်ဦးလွင်(၆)လမ်း၊ မြေကွက်အမှတ်(၁၈၁)ဟုခေါ်တွင်သည့် အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ ဒေါ်ပိုပိုအမည်ပေါက် ပါမစ်မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော (လမ်းမှမြေကွက်ဘက်သို့ မျက်နှာမူလျှင်ညာဘက်အခြမ်း) အကျယ်အဝန်း(၂၀ x ၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးထူးကိုကိုအောင် [၁၂/မဂတ(နိုင်)၀၉၃၁၀၀]ကိုင်ဆောင်သူမှ အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်ဝယ်ယူကာ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရောက် ရယူပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာ[၁၄/ဘကလ(နိုင်)၂၃၄၀၆၅] ထံသို့ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားစုံလင်စွာဖြင့် ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါနေ့ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ဇင်မာ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ် - ၄၈၄၃၀)**
**အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ ရေဝဏ်လမ်း၊ ရေချမ်းသာအဆင့်မြင့်ကွန်ဒို၊ (၁၉)ထပ်၊ တိုက်အမှတ်(၉/B)၊ အခန်းအမှတ်(၂၁၀)၊ (၆-လွှာ)၊ အကျယ်အဝန်း (၁၁၈၄) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်တွင် အခိုင်အမာတွယ်ကပ်ထားဆင်ထားသောပစ္စည်းများနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် **ဦးထိုက်ကျော် [၁၂/အလန(နိုင်)၀၄၀၀၁၀]**အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦး တည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉ -၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/၁)၊ ဗဋိုလ(၂)လမ်း၊ မြေကွက်အမှတ်(၉၆၄/ခ)၊ မြေအကျယ်အဝန်း(၂၀ပေ x ၆၀ပေ)၊ ဧရိယာ(၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးမောင်မောင်ဦး [၁၂/မဂတ(နိုင်)၀၁၅၈၄၃]** အမည်ဖြင့်အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း/တောင်ရပ်ကွက်၊ ဝါးခယ်မလမ်း၊ အမှတ်(၂၇)ပေါ်တွင် ဆောက်လုပ်ထားသော (၆) ထပ်တိုက်၏ ပဉ္စမထပ်၊ (၆-လွှာ)၊ အကျယ်အဝန်း (၁၉. ၆ x ၄၅)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ/မီး အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သူ ဒေါ်ထူးထူးဟန် [၁၂/ကတတ (နိုင်)၀၂၆၀၃၅]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း (မူရင်း) များနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်း အဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်အိဖြိုးဇင်** | **ဦးသိန်းညွှန့်** |
| **BSc,DA, HGP, R.L, DBL, DML, DIL** | **LL.B, D.B.L (စဉ်-၁၅၉၇၅)** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)** |
| **ဖုန်း-၀၉-၇၉၈၈၂၇၅၉၀** | **ဖုန်း-၀၉-၇၉၀၁၂၃၄၈၀** | **ဖုန်း-၀၉- ၅၀၅၃၁၀၇** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ်(၁၅၇၀)နေ ဒေါ်မြင့်မြင့်ကြည်(ခ) ဒေါ်မိုးမိုး[၁၄/ရကန(နိုင်)၀၇၀၃၈၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၀)ရပ်ကွက်၊ မကွေးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၂၊ မြေကွက်အမှတ်(၅၆၈/ခ)ဟုခေါ်တွင်သော (အလျား ၂၀ပေ x အနံ ၆၀ပေ) အကျယ်ရှိ ဦးယုဝေခင် အမည်ဖြင့် ၁၉၉၅ ခုနှစ် (မြေငှား)၊ အမှုတွဲအမှတ် - လသယ/ကြံ့ခိုင်ရေး/ဂရန်/သကမ -၂/၀၁၀၈ အရ ထုတ်ပေးသည့် ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ တစ်ထပ်ပျဉ်ထောင် နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချသူ ဦးယုဝေခင် [၁၂/စခန (နိုင်)၀၃၃၈၅၆]က အရှုပ်အရှင်းကင်းစွာ ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကာ ရောင်းချပိုင်ခွင့်ရှိသူဟု ပြောဆိုကမ်းလှမ်းလာသဖြင့် ၎င်းထံမှ ဒေါ်မြင့်မြင့်ကြည်(ခ) ဒေါ်မိုးမိုးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါခြံမြေနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝါဝါဝင်းစိန် LLB,D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၆၃)**
**အမှတ် (၆)ရပ်ကွက်၊ နတ်စင်တရာဘုရားရှေ့လမ်း၊**
**အောင်သုခမွေ့ရိပ်သာအနီး၊ မြို့ပြကွက်သစ်၊ ဘုရားကုန်းကျေးရွာ၊**
**သန်လျင်မြို့။ ဖုန်း-၀၉-၄၂၁၀၂၁၈၀၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

**ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ် (၂၇၅) အကျယ်အဝန်း (၁၂၀ x ၄၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦနှင့် ပတ်သက်၍ အရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း**

အထက်လိပ်စာပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ လက်ရှိပိုင်ဆိုင်လျက် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ (၁) ဦးငွေအောင် [၁၂/ဗဟန(နိုင်)၀၄၇၇၈၁]နှင့် (၂) ဦးဖြိုးဝေစိုး [၁၂/ရပသ(နိုင်)၀၅၆၀၅၇]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဦးကျော်ဝင်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၃၅)**
**အမှတ် (၅၈)၊ ပ-ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၄၂၉၀၈**

## လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်မ ဒေါ်သီရိစိုးငယ်ထွေး (ဘ) ဦးစိုးမြင့် [၁/မကန(နိုင်)၁၉၀၉၉၆] နှင့် ဦးဝင်းနိုင်မိုး (ဘ)ဦးမောင်ကို[၁/မကန(နိုင်)၀၀၄၅၃၅] တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် (၄-၈-၂၀၂၃)ရက်နေ့တွင် နှစ်ဦးသဘောတူအကြင် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြောင်း ကတိစာချုပ်ဖြင့် ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်မ ဒေါ်သီရိစိုးငယ်ထွေး နှင့် ဦးဝင်းနိုင်မိုးတို့သည် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်၍ နောက်နောင်တွင်တစ်ဦး၏ ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ပြောဆိုပတ်သက်ခြင်းများ မပြုလုပ်ရန်နှင့် ဦးဝင်းနိုင်မိုး၏ ကိစ္စအဝဝမှာ ကျွန်မ ဒေါ်သီရိစိုးငယ်ထွေးနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်သီရိစိုးငယ်ထွေး[၁/မကန(နိုင်)၁၉၀၉၉၆]**
**နယ်မြေ-(၄)၊ မြို့သစ်ကြီးရပ်ကွက်၊ မြစ်ကြီးနားမြို့။**

## အများသိရှိနိုင်စေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်မော်မော်နိုင်[၁၂/ဒဂန(နိုင်) ၀၁၉၈၀၁] နှင့် ဒေါ်သွဲ့သွဲ့နိုင် [၁၂/ရကန (နိုင်) ၀၂၉၀၉၈]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်-၄၁၊ မြေကွက်အမှတ်(၇၅၉) ဧရိယာ (၀.၀၅၆) ကေ ကျယ်ဝန်းသော နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် ဒေါ်ငွေကြည်မြင့်(AG-၃၃၀၈၃၀) အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အမည်ပေါက် မိခင် ဒေါ်ငွေကြည်မြင့်နှင့် ဖခင် ဦးသိန်းနိုင် တို့တွင် သမီး ဒေါ်မော်မော်နိုင်နှင့် ဒေါ်သွဲ့သွဲ့နိုင် (၂)ဦးထွန်းကားခဲ့ပါသည်။ ဖခင်ဦးသိန်းနိုင်နှင့် ကွဲကွာခဲ့ပြီးသည့်နောက်တွင် မိခင် ဒေါ်ငွေကြည်မြင့်သည် ဦးလှကြိုင်နှင့် နောက်အိမ်ထောင်ပြုခဲ့ရာ သားသမီးထွန်းကားခဲ့ခြင်းမရှိခဲ့ပါ။ မိခင်ဖြစ်သူနှင့် ဦးလှကြိုင်တို့သည်လည်း ကွယ်လွန်သွားပြီဖြစ်သောကြောင့် မိခင်အမည်ပေါက် မြေနှင့်အိမ်အား အမွေဆက်ခံခွင့်ရှိသူတို့မှာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်မော်မော်နိုင်နှင့် ဒေါ်သွဲ့သွဲ့နိုင်တို့သာ ကျန်ရှိပါသည်။ သို့ဖြစ်၍ အထက်ပါ မြေနှင့် အိမ်အားစီမံခန့်ခွဲပိုင်ခွင့်နှင့် အကျိုးခံစားခွင့်ရှိနေသူမှာ ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်ကြသည့်အတွက် ၎င်းတို့၏ ခွင့်ပြုချက်တစ်စုံတစ်ရာမပါရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်းများ လုံးဝမပြုလုပ်ရန်နှင့် ထိုသို့ ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မေသူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၆၉၄/၂၀၁၉)**
**တိုက်အမှတ်(A3,B3)၊ အမှတ်(၂)၊ ရန်ကုန်အင်းစိန်လမ်း၊ (၃)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၃၆၆၃၈၆၊ ၀၉-၇၉၆၂၈၁၄၇၅**

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေးတောင် (အောင်ရတနာအိမ်ရာ)၊ မြေကွက်အမှတ်(၅၈၁/၁၄)၊ မြေကွက်တည်နေရာအမှတ် (၁၄)၊ သံသုမာလမ်း၊ ကြီးပွားရေးတောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးထွန်းရီ [၉/မရမ(နိုင်)၀၇၉၆၅၆]အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် ဂရန်မြေအား အမည်ပေါက် ဦးထွန်းရီသည် (၁၅-၉-၂၀၂၁)ရက်တွင် ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်နန်းရွှေမြ [၁၃/တကန(နိုင်)၁၃၀၄၄၇]မှ တရားဝင်ဇနီးတော်စပ်ကြောင်း ၎င်းသာလျှင် အမွေဆက်ခံခွင့်ရှိကြောင်း ကတိသစ္စာပြုလွှာအမှတ်(၂၄၆၃/၂၆-၄-၂၀၂၃) ထောက်ခံကတိသစ္စာပြုလွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်/ကတ်၊ ဂရန်မူရင်းတို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်မြေပုံမြေရာဇဝင်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ Lotus Garden Driveလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၁၉၃/၆၃)၊ အိမ်အမှတ်(၂၆၉/ B)တွင် (၂)ထပ်တိုက် (မိသားစုနေအိမ်) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအထောက်အထားအနေဖြင့် ပန်းလှိုင်အိမ်ရာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် Yoma Development Group, Ltd ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးလျူဖူဝေ (၉/ပဥလ(ပြု)၀၀၀၂၀၉)သည် BP1-6723 ဖြင့် လျှောက်ထားလာပါသဖြင့် အဆောက်အဦ ဆောက်လုပ်ခွင့် တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅) ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

